မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက် | ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက်၊ စနေနေ့ | အတွဲ(၆၆)၊ အမှတ်(၀၄၅)

ဂုဏ်သတင်းပို့နှုံလှိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ပဝဂ်(ဓမ္မပဒ-၅၄)


လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့၌ မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၁၃

ယနေ့ နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၁၄ ရက်တွင် အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ် သို့လည်းကောင်း၊ နိုဝင်ဘာ ၁၅ ရက်တွင် မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

စာမျက်နှာ ၃ ကော်လံ ၁ မှ





တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကျင်းပ

မသန်စွမ်းသူများအား သင်တန်းကျောင်းအခြေပြု စောင့်ရှောက်ခြင်းလုပ်ငန်းများအဖြစ် အသက် ၁၈ နှစ်မှ ၄၅ နှစ်အတွင်းရှိ ကိုယ်အင်္ဂါ မသန်စွမ်းသူများအား အသက်မွေးဝမ်းကျောင်း ပညာသင်ကြားနိုင်ရန် မသန်စွမ်းသင်တန်းကျောင်း/ဂေဟာ ၁၀ ခုတို့ကို ဖွင့်လှစ်ထားရှိ

နေပြည်တော် နိုဝင်ဘာ ၁၃

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ မှ

ဖလမ်းမြို့ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာရုံး အဆောက်အအုံ၊ လျှပ်စစ်ဝန်ထမ်းအိမ်ရာ နှစ်ခန်းတွဲ တစ်ထပ် ရာနှုန်းပြည့်ပြုပြင်ပြီးစီး၍ ရုံးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်လျက်ရှိ

ဖလမ်း နိုဝင်ဘာ ၁၃

ဖလမ်းမြို့ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာရုံး အဆောက်အအုံ၊ လျှပ်စစ်ဝန်ထမ်းအိမ်ရာ နှစ်ခန်းတွဲ တစ်ထပ် ရာနှုန်းပြည့်ပြုပြင်ပြီးစီး၍ ရုံးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်ကျော်ဟန်သည် ချင်းပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ ယနေ့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၃ မှ





မြန်မာ့အာမခံလုပ်ငန်းက ဘက်စုံပို့ဆောင်ရေးလုပ်ငန်းရှင်များ တာဝန်ရှိမှု အာမခံအမျိုးအစားအသစ် မိတ်ဆက်

ရန်ကုန် နိုဝင်ဘာ ၁၃

ကုန်စည်ပို့ဆောင်စဉ်အတွင်း ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးမှုနှင့် ထိခိုက်ပျက်စီးမှုများအတွက် လုပ်ငန်းရှင်များ၏ ဥပဒေကြောင်းအရ ပေးလျော်ရန် တာဝန်ရှိမှုကို အကာအကွယ်ပေးနိုင်မည့် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းရှင်များတာဝန်ရှိမှု အာမခံအမျိုးအစားအသစ်ကို မြန်မာ့အာမခံလုပ်ငန်းက ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ မြန်မာ့အာမခံလုပ်ငန်းရုံး၌ မိတ်ဆက်သည်။

စာမျက်နှာ ၇ ကော်လံ ၁ မှ

နမ့်စန်မြို့နယ်အတွင်းရှိ ရေဘေးသင့်ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများပေးအပ်ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၃

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အမှတ်(၁)ရပ်ကွက်၊ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်များအတွင်း ရေများ ဝင်ရောက်ကာ ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသဖြင့် ရေဘေးသင့် အိမ်ထောင်စု ၁၆၈ စုမှ ဒေသခံတိုင်းရင်းသားပြည်သူ ၆၉၁ ဦးတို့ကို နမ့်စန်မြို့ရှိ ဗုဒ္ဓရာဇာဘုန်းတော်ကြီးကျောင်းနှင့် စွန္ဒီဂျာမေ့ဗလီကျောင်းတို့၌ ယာယီရေဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ ပြည်သူများအား ပြောင်းရွှေ့နေရာချထားပေးလျက်ရှိသည်။

စာမျက်နှာ ၄ ကော်လံ ၁ မှ

ယနေ့ စာတိုစာရာ

၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေပြဋ္ဌာန်း — ဥပဒေပြဋ္ဌာန်း စာ ၃

Smart City နည်းပညာဖြင့် မြို့ပြစွမ်းအင်ချွေတာစီမံခန့်ခွဲခြင်း — ဆောင်းပါး စာ ၁၀

နေပြည်တော် အကာသဆိုင်ရာ ပန်းချီ/ကာတွန်း/ပိုစတာပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ — ပြည်တွင်းသတင်း စာ ၁၁

ဈေးရုံတစ်ရုံအတွင်း ဆိုင်ခန်းပေါင်း ၂၁၅ ခန်းဖြင့် ဖွင့်လှစ်ထားရှိသည့် ရွှေပြည်သာမြို့နယ် ဇီးကုန်းဈေးဖွင့်ပွဲ ကျင်းပ — ပြည်တွင်းသတင်း စာ ၁၇

အသိပေးကြေညာချက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကြီးမှူး၍ FX Market Online Trading Platform တွင် နိုင်ငံတော်၏ အရေးကြီးကုန်စည်များ ဖြစ်သော စက်သုံးဆီ၊ စားသုံးဆီ၊ ဓာတ်မြေဩဇာနှင့် အခြားကုန်စည်များအတွက် လိုအပ်သောနိုင်ငံခြားငွေများကို နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (AD) လိုင်စင်ရှာဖွေထားမှု တစ်ဆင့် သွင်းကုန်တင်သွင်းသူ (Importer) များသို့ ရောင်းချပေးလျက်ရှိပါသည်။

၂၀၂၆ ခုနှစ်၊ ဧပြီလမှ နိုဝင်ဘာလ (၁၃) ရက်နေ့အထိ FX Market Online Trading Platform နှင့် AD လိုင်စင်ရှာဖွေထားမှုတစ်ဆင့် အမေရိကန်ဒေါ်လာ ၂၃၂၆.၄ သန်း၊ တရုတ်ယွမ် ၁၉၄၄.၃ သန်း၊ ထိုင်းဘတ် ၇၁၁၄.၄ သန်း၊ အိန္ဒိယရူပီး ၈၇.၈ သန်းခန့်တို့အား သွင်းကုန်လုပ်ငန်းရှင်များသို့ ရောင်းချပေးခဲ့ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့်လည်း စက်သုံးဆီ၊ စားသုံးဆီ၊ ဓာတ်မြေဩဇာနှင့် အခြားကုန်စည်များ တင်သွင်းရန်အတွက် အမေရိကန်ဒေါ်လာ ၁၇၆၄.၈ သန်းခန့်အား ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။

သွင်းကုန်လုပ်ငန်းရှင်များအတွက် လိုအပ်သော နိုင်ငံခြားငွေကို အချိန်မီရရှိစေရန်၊ ပြည်ပမှ Supplier များထံ ငွေပေးချေမှုနောက်ကျခြင်းကိုလျှော့ချရန်၊ နိုင်ငံခြားငွေကို အမှန်တကယ်လိုအပ်သည့် ကုန်သွယ်မှုလုပ်ငန်းများအတွက် ဦးစားပေးခွဲဝေပေးရန်၊ နိုင်ငံခြားငွေလဲလှယ်နှုန်းအတက်အကျအပေါ် ဖိအားမဖြစ်စေဘဲ နိုင်ငံခြားငွေ ဈေးကွက်ကို တည်ငြိမ်စေရန်တို့အတွက် ကုန်ပစ္စည်းဖိုးပေးချေရာတွင် ကြိုတင်ငွေပေးချေခြင်းကို ခွင့်ပြုသွားမည်ဖြစ်ပါသည်။

ထို့အပြင် ပို့ကုန်လုပ်ငန်းရှင်များအတွက် သွင်းကုန်လိုင်စင် လျှောက်ထားခြင်း၊ ပြည်ပသို့ ငွေပေးချေခြင်းများကို ဆောင်ရွက်ရာတွင် လုံလောက်သည့်အချိန်ရရှိရန်၊ ပို့ကုန်/သွင်းကုန်အတွက် နိုင်ငံခြားငွေလုပ်ငန်းလည်ပတ်မှုအဆင်ပြေချောမွေ့စေရန်နှင့် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်တို့အတွက်ရည်ရွယ်၍ ပို့ကုန်ရငွေအနက်မှ ကိုယ်တိုင်သုံးစွဲနိုင်မည့်ပမာဏကို နိုင်ငံခြားငွေဘဏ်စာရင်းတွင် ထားရှိခွင့်ရက်ပေါင်း (၃၀) အစား (၄၅) ရက် အထိ တိုးမြှင့်ခွင့်ပြုခဲ့ပြီး ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(၁၃-၁၁-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၅ ~ ၃၆၇၁	၅၂၇.၉ ~ ၅၂၈.၇	၁၂၄.၉ ~ ၁၂၅.၇	၄၃.၅ ~ ၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏ	၈,၆၁၈,၂၉၄.၄၈	၅,၃၇၇,၄၈၈.၉၀	၁၄,၂၉၄,၈၁၂.၀၀	၁၃,၃၀၄,၃၈၀.၀၀

၁၃ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ဂုဝ၅၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄ - ၁၁ - ၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄,၂၇၀	၄၄,၂၅	၄၃၇၅	၄,၂၈၅	၄၄၃၀	၄၄၄၅	၄၄၈၀	၄၃၅၅	၄၇,၂၅	၅၇၂၅	၄၃၇၅	၄၅၁၅	၄၄၇၀	၄၄,၂၅	၄၃၄၅	၄၆၆၅
95 Ron	၄၃၀၅	၄၄၇၀	၄၄,၂၀	၄၃၃၀	၄၄၇၀	၄၄၈၅	၄၅,၂၀	၄၄၀၀	၄၇၆၅	၅၀၆၅	၄၄,၂၀	၄၅၆၅	၄၅၇၀	၄၄၇၀	၄၄၈၀	၄၇၀၀
HSD (500 ppm)	၄၃၈၀	၄၅၃၀	၄၄၈၅	၄၃၉၅	၄၅၃၅	၄၅၄၅	၄၅၈၀	၄၄၆၅	-	၄၈၄၅	၄၄၈၅	၅၀၆၅	၄၅၇၀	၄၅၃၀	၄၅၄၀	၄၇၆၀
HSD (50 ppm)	၄၃၀၅	၄၅၇၀	၄၄,၂၀	၄၃၃၀	၄၅၇၅	၄၅၉၀	၄၅,၂၀	၄၄၀၀	၅၂၇၀	၅၈၀၀	၄၄,၂၀	၅၀၉၅	၅၈၁၀	၄၄၇၀	၄၄၈၀	၄၇၀၀
HSD (10 ppm)	၄၃၀၅	၄၅၇၀	၄၄,၂၀	၄၃၃၀	၄၅၇၅	၄၅၉၀	၄၅,၂၀	၄၄၀၀		၅၈၀၀	၄၄,၂၀	၅၀၉၅	၅၈၁၀	၄၄၇၀	၄၄၈၀	၄၇၀၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၀၅၆	၄၁၇၀
95 Ron	၄၀၉၆	၄၂၁၂
HSD (500 ppm)	၄၁၇၆	၄၂၉၀
HSD (50 ppm)	၅၀၆၆	၅၁၉၇
HSD (10 ppm)	၅၀၆၆	၅၁၉၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၄၄၇၇
၀၆၇- ၄၁၁၂၈၂။ ၀၉-၆၈၀၅၈၉၈၈၈
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

အွန်လိုင်းရာဇဝတ်ဂိုဏ်းများ တိုက်ဖျက်ရေးတွင် ပြည်သူတစ်ရပ်လုံး တက်ကြွစွာပူးပေါင်းပါဝင်

ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံး (UNODC) ၏ အစီရင်ခံစာအရ အရှေ့အာရှ၊ တောင်အာရှ၊ ဩဇနိုးလျှံနှင့် နယူးဇီလန်တို့အပါအဝင် အာရှနှင့် ပစိဖိတ်ဒေသအတွင်း ၂၀၂၅ ခုနှစ် တစ်နှစ်တည်းတွင် အွန်လိုင်းလိမ်လည်မှုများကြောင့် ဆုံးရှုံးငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၈၈ ဒသမ ၃ ဘီလီယံမှ ၁၁၄ ဒသမ ၁ ဘီလီယံအထိရှိခဲ့သည်ဟု ဆိုသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဆိုက်ဘာရာဇဝတ်မှုနှင့် အွန်လိုင်းလိမ်လည်မှုများ၏ နှစ်စဉ်ဆုံးရှုံးမှု တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၁ ဒသမ ၂ ထရီလီယံမှ ၁ ဒသမ ၅ ထရီလီယံကျော် အထိရှိပြီး အချို့ခန့်မှန်းချက်များအရ ဒေါ်လာ ၁၀ ဒသမ ၅ ထရီလီယံ အထိ မြင့်တက်လျက်ရှိသည်ဟု သိရသည်။ အွန်လိုင်းငွေလိမ်လုပ်ငန်းများအတွက် လူပေါင်း ၃၀၀၀၀၀ ခန့်တို့သည် နိုင်ငံပေါင်း ၆၀ မှ ၈၀ ကျော်အထိ လူကုန်ကူးခံရကာ အမမှုခိုင်းစေခံထားကြရကြောင်း အင်တာပို့လ်နှင့် ကုလသမဂ္ဂတို့က ထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံသားများသည် အွန်လိုင်းလိမ်လည်မှုများကြောင့် နှစ်စဉ် ယွမ်ငွေ ဘီလီယံရာနှင့်ချီ၍ ဆုံးရှုံးနေကြရသည်။ တရုတ်ပြည်သူလုံခြုံရေး ဝန်ကြီးဌာန (MPS) ၏ အချက်အလက်များအရ ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း၌ တယ်လီကွန်းနှင့် အွန်လိုင်းလိမ်လည်မှုပေါင်း ၂၅၀၀၀ ကို ဖော်ထုတ်နိုင်ခဲ့ပြီး လိမ်လည်မှုနှင့် ဆက်စပ်နေသည့် ငွေကြေးယွမ် ၂၁၇ ဒသမ ၀၇ ဘီလီယံကို ထိန်းချုပ်တားဆီးနိုင်ခဲ့ကြောင်း China Daily Hong Kong သတင်းတစ်ရပ်အရ သိရသည်။ တရုတ် နိုင်ငံသားများ ဆုံးရှုံးရသည့် စုစုပေါင်းငွေကြေး၏ ၄၀ ရာခိုင်နှုန်းခန့်မှာ အွန်လိုင်းရင်းနှီးမြှုပ်နှံမှု အတုအယောင်များကြောင့်ဖြစ်ပြီး တစ်ဦးချင်းစီ အားဖြင့် ယွမ်သန်းပေါင်း ဆယ်ဂဏန်းနှင့်ချီသည်အထိ ဆုံးရှုံးလေ့ရှိသည်ဟုလည်း အခြားသတင်းတစ်ခုတွင် ဖော်ပြထားသည်။ တရုတ် နိုင်ငံသားများသည် အလုပ်အကိုင် မက်လုံးပေး လိမ်လည်ခေါ်ဆောင် ခံရပြီး ပြည်ပရှိ ငွေလိမ်လုပ်ငန်းများတွင် အမမှုခိုင်းစေခံရခြင်းနှင့် အသက်ဆုံးရှုံးရခြင်းများအထိ ကြုံတွေ့ကြရသည်။ ၂၀၂၅ ခုနှစ်အတွင်း ပြည်ပမှ လိမ်လည်မှုသံသယရှိသူနှင့် လူကုန်ကူးခံရသူ တရုတ်နိုင်ငံသား ၅၇၀၀၀ ကျော်ကို တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည်။

အွန်လိုင်းလိမ်လည်ဂိုဏ်းများသည် တရုတ်ပြည်မကြီးနှင့် ကမ္ဘောဒီးယား၊ ဗီလပိုင်နိုင်ငံတို့မှတစ်ဆင့် မြန်မာနိုင်ငံနယ်စပ် ဒေသများသို့ ၂၀၁၇-၂၀၁၉ ခုနှစ်ဝန်းကျင်တွင် စတင်ဝင်ရောက် အခြေစိုက်လာကြပြီး ကိုဗစ်-၁၉ ကာလအတွင်း ပျံနှံသွားကြသည်။ ၂၀၁၂ ခုနှစ်နောက်ပိုင်း တရုတ်ပြည်တွင်း၌ အဂတိလိုက်စားမှုနှင့် တရားမဝင် လောင်းကစားလုပ်ငန်းများကို နှိမ်နင်းခဲ့ရာ တရုတ်ရာဇဝတ်ဂိုဏ်းများသည် ဥပဒေဖိုးမိုးမှုအားနည်းသည့် အရှေ့တောင်အာရှနိုင်ငံများသို့ ရွှေ့ပြောင်းရောက်ရှိသွားကြသည်။ ၂၀၁၉ ခုနှစ်တွင် ကမ္ဘောဒီးယား အစိုးရက အွန်လိုင်းလောင်းကစားလုပ်ငန်းများကို စတင်နှိမ်နင်း လာသောအခါ အဆိုပါလုပ်ငန်းအများစုသည် မြန်မာနိုင်ငံ နယ်စပ်ဒေသ များသို့ အမြောက်အမြား ပြောင်းရွှေ့လာကြသည်။

ၾသစတြေးလျနိုင်ငံသို့ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်း နိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာကြပြီး အွန်လိုင်းလိမ်လည်မှုများအပြင် အခြား ဒုစရိုက်မှုမျိုးစုံကို ဆိုးရွားစွာကျူးလွန်ခဲ့ကြသည်။ ၎င်းတို့အနက် အများစုသည် တရုတ်နိုင်ငံသားများဖြစ်ကြပြီး စစ်ဆေးတွေ့ရှိချက် များအရ တရုတ်နိုင်ငံသားအချင်းချင်းကို အဓိကပစ်မှတ်ထားပြီး ငွေကြေးလိမ်လည်ခဲ့ကြခြင်းဖြစ်သည်။ အွန်လိုင်းလိမ်လည် လောင်းကစား မှုများကို ကျူးလွန်ခဲ့ကြသူများမှာ အလုပ်အကိုင်အခွင့်အလမ်းနှင့် မျှား၍ လူကုန်ကူးခံရသူများနှင့် ရာဇဝတ်မှုများကျူးလွန်ပြီး ထွက်ပြေး တိမ်းရှောင်နေကြသူများဖြစ်ကာ မြန်မာနိုင်ငံနယ်စပ်ဒေသရှိ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များက နေရာပေး၊ အကာအကွယ် ပေးထားခြင်းဖြစ်သည်။ သို့ဖြစ်ရာ အွန်လိုင်းလိမ်လည်မှုသည် နိုင်ငံ တစ်နိုင်ငံတည်း၏ ပြည်တွင်းမှုခင်းပြဿနာအဖြစ်သာမက နိုင်ငံတကာ၏ စီးပွားရေး၊ လူမှုရေးနှင့် လုံခြုံရေးကဏ္ဍများကိုပါ ခြိမ်းခြောက်လာသည့် နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုအဖြစ် ရင်ဆိုင်ဖြေရှင်းရန် လိုအပ်လျက်ရှိသည်။

ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ခုဖြစ်သော အွန်လိုင်းလိမ်လည် လောင်းကစားမှုများသည် မိမိတို့နိုင်ငံအဖို့လည်း နိုင်ငံ၏ပုံရိပ်နှင့် အမျိုးသားရေး ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသည်။ ၎င်းတို့နှင့် ဆက်စပ်၍ တရားမဝင်ငွေကြေးခဝါချမှုများနှင့် နယ်စပ်ဒေသများတွင် ငွေကြေး စီးဆင်းမှု မှုမမှန်ခြင်းကြောင့် စီးပွားရေးနှင့် ငွေကြေးစနစ်တို့ကို ထိခိုက် စေသည်။ မြန်မာပြည်တွင်းရှိ ပြည်သူများလည်း လိမ်လည်မှု၏ သားကောင်ဖြစ်ကြရသလို မြန်မာ့လူငယ်များ လိမ်လည်လူကုန်ကူး ခံရပြီး အမမှုခိုင်းစေခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံရခြင်း၊ ရောင်းစားခြင်း များခံကြရသည်။ ၎င်းလုပ်ငန်းများကြောင့် အကြမ်းဖက်လက်နက်ကိုင် အဖွဲ့များ သက်ဆိုးရှည်ပြီး ပြည်တွင်းတည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ကုန်သွယ်ရေးတို့ ထိခိုက်ရသည်။ သို့ဖြစ်ရာ ပြည်သူများအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အထူးသတိပြု ရှောင်ရှား ကာ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးတွင် ပူးပေါင်း ပါဝင်ကြရပါမည့်အကြောင်း။ ။

မြန်မာ့အလင်း

စာတည်းမှူးချုပ်	- ဟန်လင်းအောင်	အကြီးတန်းသတင်းထောက်	- ကျော်သူဝင်း၊ တင်မောင်လွင် ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
စာတည်းမှူး	- ခင်ရတနာ		
စာတည်းများ	- ကျော်ဇေယျာဖြင့်၊ နေစာဇော်ထွန်း	ဓာတ်ပုံသတင်းထောက်	- တင်စိုး
ဘာသာပြန်စာတည်း	- ခြူးစန်ခွန်း၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- မိုမိုအေးနှင့် ခွန်ဖွန်တို့အဖွဲ့
		အီးမေးနှင့် အွန်လိုင်း	- သက်လွင်ဦးနှင့်အဖွဲ့
သုတေသန	- အိအိခင်နှင့် အဖွဲ့	စာပြင်	- ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်- ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၄၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၄၊ ဖက်စ် ၀၆၇-၃၆၁၄၄၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၄၊ မန်နေဂျာ ၀၁-၅၄၄၃၀၃၊ စီမံ ၀၁-၅၄၄၃၀၅၊ ဒွေစာရင်း ၀၁-၅၄၄၃၀၆၊ ကြော်ငြာ ၀၁-၅၄၄၈၃၀၊ ၀၁- ၅၅၉၁၁၀။ Fax ၀၁-၅၄၄၃၀၄၊ ၀၆၇-၃၆၁၄၀။ ဖြန့်ချိရေး ၀၁-၅၄၄၃၀၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ ပြဋ္ဌာန်း

၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇ ။)

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်

(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

အခန်း(၂)

နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့နှင့် စပ်လျဉ်း၍ ဇယား (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇) ၊(၈) နှင့် (၉) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အဖိန့်ကြော်ငြာစာများ၊ အဖိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

အခန်း(၃)

ငွေချေးယူခြင်း

၄။ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ပုဒ်မ ၁၂ တွင် ပြဋ္ဌာန်းထားသည့် ငွေချေးစာချုပ်များ ချုပ်ဆိုပြီးနောက် အမှန်တကယ် ချေးယူရရှိသည့် ငွေပမာဏအပြင် နောက်ထပ်ကျပ်သန်းပေါင်း တစ်ဆယ်သိန်းကို တိုးမြှင့်လျာထားလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လွှတ်တော်သို့လာရောက်လေ့လာသည့် မိုးနဲမြို့နယ်မှ ဒေသခံပြည်သူများအား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ အစည်းအဝေးသို့ လာရောက်လေ့လာသည့် မိုးနဲမြို့နယ်မှ ဒေသခံပြည်သူများအား ယနေ့ မွန်းလွဲပိုင်းတွင် လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။(ယာပုံ)

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိုးနဲမြို့နယ်မှပြည်သူများအနေဖြင့် လွှတ်တော် အဆောက်အအုံများနှင့် ကိုယ်စားလှယ်များ၏ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးအတွက် ဆောင်ရွက်နေမှုများကို ယခုကဲ့သို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်လေ့လာမြင်တွေ့ရသည့်အတွက် အကျိုးရှိမည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာကြုံဆိုပါကြောင်း၊ မိမိတို့ နိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အရ ရွေးကောက်ပွဲများ ကျင်းပပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး စသည့်မဏ္ဍိုင်ကြီး (၃) ရပ်ဖြင့် ဒီမိုကရေစီအစိုးရသစ်တစ်ရပ် ပေါ်ပေါက်လာပြီဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော်များသည် ဥပဒေပြုမဏ္ဍိုင်တွင် ပါဝင်ပြီး နိုင်ငံအနှံ့အပြား ဒေသအသီးသီးက ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် နေရာလည်းဖြစ်သလို ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် လွှတ်တော်များသည် အဓိကကျသည့်ပြယုဂ်တစ်ခုလည်းဖြစ်ပါကြောင်း။



လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ယခုလို အဆောက်အအုံများကို အမြော်အမြင်ကြီးစွာ ဆောက်လုပ်ပေးခဲ့သူများကိုလည်း အစဉ်ဦးထိပ်ထား ကျေးဇူးတင်ရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်များ၏ အဓိကတာဝန်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်အလုပ်ပေါင်းစပ်ညှိနှိုင်းရေးနှင့် ပြည်သူကို ကိုယ်စားပြုရေး တာဝန်များကို ပြည်သူများက ရွေးချယ်ပေးလိုက်သည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ကျေပွန်စွာထမ်းဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါကြောင်း၊ ဥပဒေ၏ အကာအကွယ်အောက်တွင် ပြည်သူများ အနေဖြင့် နေ့စဉ်လူမှုဘဝလုံခြုံအေးချမ်းစွာ နေထိုင်ဆောင်ရွက်နိုင်ရန်အတွက် တည်ဆဲဥပဒေများကို ခေတ်နှင့် လျော်ညီစွာဖြစ်စေရေး လေ့လာသုံးသပ်လျက်ရှိသကဲ့သို့ လိုအပ်သည့်ဥပဒေအသစ်များကိုလည်း ပြဋ္ဌာန်းပေးလျက်ရှိပါကြောင်း။ နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးကို ဖော်ဆောင်ရာတွင် ထိရောက်မှုရှိစေရေးအတွက် အခြားမဏ္ဍိုင်ကြီးများနှင့် အပြန်အလှန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိကာ ပြည်သူများ၏ လိုလားချက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိုနှင့်မေးခွန်းများကို လွှတ်တော်တွင်း၌ အချိန်နှင့်တစ်ပြေးညီ မေးမြန်းဆောင်ရွက်လျက်ရှိသဖြင့် မိမိတို့ဒေသ၏ လိုအပ်ချက်များကို သက်ဆိုင်ရာ ကိုယ်စားလှယ်များမှတစ်ဆင့် တင်ပြဆောင်ရွက်နိုင်ပါကြောင်း။

ယနေ့ လွှတ်တော်သို့ လာရောက်လေ့လာသည့် ပြည်သူများအနေဖြင့်လည်း လွှတ်တော်သည် ပြည်သူများကို တိုက်ရိုက်ကိုယ်စားပြုသည့်နေရာဖြစ်၍ အားကိုးအားထားပြုရမည့်နေရာဟု မှတ်ယူရမည်ဖြစ်ပါကြောင်း၊ ယခုလို လာရောက်လေ့လာစဉ် တွေ့ကြုံခဲ့ရသည့် အတွေ့အကြုံကောင်းများကိုလည်း အခြားသူများသို့ လက်ဆင့်ကမ်းမျှဝေသွားစေလိုပါကြောင်း၊ မိမိတို့အနေဖြင့် လွှတ်တော်ကို ပြည်သူများပိုမိုသိရှိစေရန် ဆောင်ရွက်လျက်ရှိရာ လွှတ်တော်၏ ဆောင်ရွက်ချက်များကို ပြည်သူများအနေဖြင့် ကိုယ်တိုင်မျက်မြင်ကြည့်ရှုနိုင်ရန်အတွက် လွှတ်တော်သို့ လာရောက်လေ့လာကြရန်လည်း ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ရှမ်းပြည်နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးစိုင်းထွန်းလင်း၊ ဦးကောင်းသက်စိ၊ ဦးစိုင်းကျော်လှ၊ ဒေါ်နန်းတင်ဦး၊ ဦးစိုင်းထွန်းစံ (ခ) ဦးစိုင်းဆေဟန်၊ ဒေါ်နန်းသန်းသန်းမွေး၊ ဦးစိုင်းစိန်ဝင်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

✲ *ရှေ့ဖုံးမှ*

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့ မွန်းလွဲပိုင်းမှ နိုဝင်ဘာ ၁၆ ရက်အတွင်း တနင်္သာရီတိုင်းဒေသကြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ ၆၀ မိုင် ၃၀အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေနှင့် ရှိနိုင်သည်။

မိုး/၈လ

◆ *ဖလမ်းမြို့မှ*

ဆက်လက်၍ ပြုပြင်ပြီးစီးသည့်အဆောက်အအုံရှိ ဆယ်တင်ပစ္စည်းများ စနစ်တကျထားရှိမှုအခြေအနေနှင့် အဆောက်အအုံပတ်ဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ ပြုပြင်ပြီးစီးသည့် ဌာနဆိုင်ရာအိမ်ရာများတွင် ဝန်ထမ်းမိသားစုများနေထိုင်နိုင်ရေးအတွက် လိုအပ်သည့် လုံခြုံရေး၊ ရေရရှိရေးကိစ္စများနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့ဝင်များသည် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်း၊ ဖိဖ/ဘဝကေဗီ၊ (၅)အမ်စွိအေ ဓာတ်အားခွဲရုံ အဆောက်အအုံ ရာနှုန်းပြည့်ပြင်ဆင်ပြီးစီးမှုနှင့် စက်ပစ္စည်းများ ထိန်းသိမ်းထားရှိမှု၊ ဖလမ်းမြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံး အဆောက်အအုံနှင့် ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံး အဆောက်အအုံ ရာနှုန်းပြည့်ပြည်ပြီးစီးမှုအခြေအနေနှင့် ရုံးလုပ်ငန်းများဆောင်ရွက်ရန် နေရာချပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ဆယ်တင်ပစ္စည်းများ စနစ်တကျထားရှိရန်၊ လာမည့်ကြားဖြတ် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဖလမ်းခရိုင် တိုင်းရင်းဆေးကုဌာန သုံးခန်းတွဲ ဝန်ထမ်းအိမ်ရာ ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးကာ ပစ္စည်းအရည်အသွေး၊ အဆောက်အအုံ အရည်အသွေးကောင်းမွန်စေရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းအချိန်မီပြီးစီးရေးနှင့် ဆယ်တင်ပစ္စည်းများ အလေအလွင့်မရှိအောင် ဆောင်ရွက်ရန်မှာကြားပြီး ဝန်ထမ်းမိသားစုများနေထိုင်နိုင်ရေး ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ချင်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးကောလျန်ထန်း၊ ပြည်နယ်ဥပဒေချုပ် ဦးကပ်တလွဲတို့နှင့်အတူ ဖလမ်းမြို့ ဟရန်ထီးယိုး ဘောလုံးကွင်း၌ ကျင်းပသည့် (၇၈) ကြိမ်မြောက် ချင်းရိုးရာ နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

❂ ရှေ့ဖုံးမှ

အစည်းအဝေးတွင် မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ ကုန်ထုတ်လမ်းဟောင်း ပြန်လည်ပြုပြင်ပေးနိုင်ရေး၊ ဘဏ်ခွဲအသစ်တည်ဆောက်ပေးနိုင်ရေး၊ Solar System မြစ်ရေတင်လုပ်ငန်း ဆောင်ရွက်ပေးနိုင်ရေး၊ ရေသုံးစွဲမှု အဆင်ပြေစေရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ၅ ခု မေးမြန်းဖြေကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏အစီရင်ခံစာကို ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ မြောက်ဥက္ကလာပ မဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ **မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာဥပဒေ(၂၀၁၅)အရ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် ရရှိရေးတို့အတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးလျက်ရှိသည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်က ၂၀၂၄ ခုနှစ်၊ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် အသက် ၅ နှစ်နှင့်အထက် လူဦးရေ၏ ၇ ဒသမ ၆ ရာခိုင်နှုန်း၊ ၂ ဒသမ ၂၉ သန်းသည် မသန်စွမ်းသူများဖြစ်ကြပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ၂၀၁၅ ခုနှစ်တွင်လည်းကောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေများကို ၂၀၁၇ခုနှစ်တွင်လည်းကောင်း ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း။

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ပြည်တွင်း အလုပ်အကိုင်ရရှိခန့်ထားမှုနှင့်စပ်လျဉ်း၍ မသန်စွမ်းသူများအပါအဝင် အလုပ်ရှာဖွေသူများ၏ ပညာအရည်အချင်း၊ ကျွမ်းကျင်မှုနှင့် အလုပ်လုပ်ကိုင်နိုင်စွမ်းအပေါ်မူတည်၍ အစိုးရဌာနများ အပါအဝင် အလုပ်ရှင်များ၏ လိုအပ်ချက်များနှင့်အညီ သင့်လျော်သူများကိုရွေးချယ်၍ ပုဂ္ဂလိကစက်ရုံ၊အလုပ်ရုံများတွင် အလုပ်ခန့်အပ်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မသန်စွမ်းသူများအား သင်တန်းကျောင်း အခြေပြု စောင့်ရှောက်ခြင်းလုပ်ငန်းများအဖြစ် အသက် ၁၈ နှစ်မှ ၄၅ နှစ်အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများအား အသက်မွေးဝမ်းကျောင်း ပညာသင်ကြားနိုင်ရန် မသန်စွမ်းသင်တန်းကျောင်း/ဂေဟာ ၁၀ ခု တို့ကို ဖွင့်လှစ်ထားရှိပါကြောင်း။

ကိုယ်အင်္ဂါမသန်စွမ်းသူများနှင့် အကြားအာရုံမသန်စွမ်းသူများအတွက် အိမ်လက်ထရောနစ် သင်တန်း၊ ဆံသင်တန်း၊ ကွန်ပျူတာသင်တန်း၊ တံဆိပ်ရိုက်သင်တန်း၊ စက်ချုပ်သင်တန်းတို့ကို ဘဏ္ဍာရေးနှစ် ၁ နှစ်လျှင် (၃)ကြိမ် ပုံမှန်ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်ထိသင်တန်းတက်ရောက်သူ ၅၇၅ ဦးရှိပြီး အလုပ်အကိုင်ရရှိသူ ၂၅၄ ဦး အလုပ်အကိုင်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ထို့ပြင် မသန်စွမ်းသူများအား အစိုးရဌာနအဖွဲ့အစည်းများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်းဦးစီးဌာနတွင် မသန်စွမ်းဝန်ထမ်းအရာထမ်း ၂၈ ဦး၊ အမှုထမ်း ၈၄ ဦး စုစုပေါင်း ၁၁၂ ဦး ခန့်အပ်ထားပြီးဖြစ်ပါကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် မျက်မြင်အကြောပြင် အနိပ်သင်တန်းများဖွင့်လှစ်သင်ကြားပေးပြီး ပုဂ္ဂလိကကဏ္ဍတွင် အလုပ်အကိုင်ရရှိသူ ၆၆ ဦးအလုပ်ရရှိခဲ့ပါကြောင်း။

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် မသန်စွမ်းသူများအပါအဝင် အလုပ်အကိုင်ရှာဖွေနေသူများအား ၎င်းတို့နှင့်သင့်တော်သော အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရေးအတွက် အလုပ်ရှင်များ၊ အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့်လည်း မသန်စွမ်းသူများအတွက် ဂုဏ်သိက္ခာရှိသည့် အသက်မွေးဝမ်းကျောင်းမှုဖြင့် ဘဝရပ်တည်နိုင်ရေးအတွက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ (၅)နှစ်စီမံကိန်း (၂၀၂၂-၂၀၂၇)တွင် "လုပ်ငန်းနှင့်အလုပ်အကိုင်" ကို ကဏ္ဍတစ်ရပ်အနေဖြင့်ထည့်သွင်း၍ မသန်စွမ်းသူများ အလုပ်အကိုင်ရရှိရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းလောင်း၏ **မိုင်းပျဉ်း-မိုင်းဆတ်လမ်းပေါ်မှ ထမိယမိန်း-မိုင်းပုကြိုး ကျေးရွာအုပ်စုသို့သွားသော ကျေးလက်ကုန်ထုတ်လမ်းဟောင်းအား မည်သည့်ဘဏ္ဍာနှစ်တွင် ပြန်လည်ပြုပြင်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက မိုင်းပျဉ်းမြို့နယ် မိုင်းပျဉ်း-မိုင်းဆတ်လမ်းပေါ်ရှိ နမ့်ဘော်ရွာလမ်းခွမှ ဝိန်းစန်းကျေးရွာအထိ ဆက်သွယ်ထားသောလမ်းသည် မိုင် ၄၀ အရှည်ရှိပြီး ဒေသအစီအစဉ်ဖြင့် ဆောင်ရွက်ထားသည့် လမ်းပိုင်းဖြစ်ပါကြောင်း၊ အဆိုပါ လမ်းပိုင်းသည် ကျေးရွာအုပ်စု ၃ စု၊ ကျေးရွာ ၂၄ ရွာ၊ အိမ်ခြေ ၆၃၃ အိမ်၊ လူဦးရေ ၃၄၁၆ ဦးတို့အတွက် အကျိုးပြုသည့်လမ်း ဖြစ်ပါကြောင်း။

အဆိုပါလမ်းပိုင်းကို အဆင့်မြှင့်တင်နိုင်ရန်အတွက် မြေသားလမ်းတာချဲ့ခြင်းလုပ်ငန်းကို ဦးစွာဆောင်ရွက်ရမည်ဖြစ်ပြီး လမ်းတာချဲ့ခြင်းလုပ်ငန်းကို ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှစ၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စု (သို့မဟုတ်) ပြည်နယ်ရန်ပုံငွေ၏ အမျိုးသားစီမံကိန်းစာရင်းတွင် အပိုင်းလိုက်လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကော့ကရိတ်မဲဆန္ဒနယ်မှ ဒေါ်ခင်နီနီအောင်၏ **မြန်မာ့စီးပွားရေးဘဏ် ကော့ကရိတ်ဘဏ်ခွဲအား မည်သည့်ဘဏ္ဍာနှစ်တွင် အသစ်တည်ဆောက်ပေးမည်ကိုသိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက မြန်မာ့စီးပွားရေးဘဏ် ကော့ကရိတ်မြို့နယ်ဘဏ်ခွဲ ဖွင့်လှစ်ထားသည့် အဆောက်အအုံသည် ပြည်ထဲရေးဝန်ကြီးဌာန၊ ကော့ကရိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင်မြေနေရာဖြစ်သဖြင့် အဆိုပါ မြေနေရာအား စွန့်လွှတ်လွှဲပြောင်းရရှိပါက ဘဏ်အဆောက်အအုံသစ် ဆောက်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် စီမံကိန်းလျာထားရေးဆွဲ၍ ငွေလုံးငွေရင်းတောင်းခံခြင်းတို့ကို ဆောင်ရွက်ပြီး ရန်ပုံငွေရရှိပါက နီးစပ်ရာဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကလေးဝမဲဆန္ဒနယ်မှ ဦးတင်ထွန်းလွင်၏ **ကလေးဝမြို့နယ်၌ Solar System မြစ်ရေတင်လုပ်ငန်းကို မည်သည့်ဘဏ္ဍာနှစ်တွင် တပ်ဆင်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဝင်းမိုးခိုင်က ကလေးဝမြို့နယ် ဒေသခံပြည်သူများ သောက်သုံးရေသန့်ရရှိရေး Solar System မြစ်ရေတင်လုပ်ငန်း ဆောင်ရွက်ပေးရန်အတွက် ဆက်စပ်ပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်းများအား ၂၀၂၇-၂၀၂၈ ခု ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားရေးဆွဲထားပြီး ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ရွှေဘိုမဲဆန္ဒနယ်မှ ဦးသန်းဝင်းထွန်း၏ **ရွှေဘို မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မဟာနန္ဒာကန်တော်ရေကို ရပ်ကွက်ကြီး (၁၀)တွင် ရေသုံးစွဲမှုအဆင့်ပြေစေရေးအတွက် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဝင်းမိုးခိုင်က ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် အမှတ်(၁၀)ရပ်ကွက်အတွင်း ရေများပိုမိုဖြန့်ဝေနိုင်ရေးအတွက် (၅)နှစ်စီမံကိန်း လျာထားစာရင်းတွင် ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်၌ ပေါ်ဦးရေတွန်းစက် Panel Board များအသစ်လဲလှယ်ခြင်း၊ ၂၀၂၉-၂၀၃၀ ဘဏ္ဍာရေးနှစ်၌ သူဇာ(၁)ရေစက်ရုံ ဂါလန် ၁၀၀၀၀ ဆံ့ ကွန်ကရစ်ရေစင်တည်ဆောက်ခြင်း၊ သူဇာ(၂)ရေစက်ရုံ ဂါလန် ၁၀၀၀၀ ဆံ့ ကွန်ကရစ်ရေစင်တည်ဆောက်ခြင်းနှင့် ပေါ်ဦးရေစက်ရုံ အသစ်ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လျာထားလျက်ရှိပါကြောင်း၊ မဟာနန္ဒာကန်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၃၃၇ ပေတွင် တည်ရှိပြီး သက္ကယ်တန်းချောင်း၏ အရှေ့ဘက်ခြမ်းရပ်ကွက် ၁၀ အပိုင်းတွင် ပင်လယ်ရေမျက်နှာပြင်အထက် ၃၅၈ ပေတွင် တည်ရှိသောကြောင့် ရေရရှိနိုင်ရန် ကြားခံတွန်းစက်များ၊ ရေစုကန်များ၊ ပိုက်လိုင်းများ အသစ်တည်ဆောက်ပြီး ဖြန့်ဝေမှသာ ရေရရှိနိုင်မည်ဖြစ်ပါကြောင်း၊ မဟာနန္ဒာကန်တော်မှ ရေဖြန့်ဝေရေးစီမံကိန်းရေးဆွဲပြီး ၂၀၂၈-၂၀၂၉၊ ၂၀၂၉-၂၀၃၀ ဘဏ္ဍာနှစ်များတွင် ရန်ပုံငွေတင်ပြတောင်းခံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

သာကေတမဲဆန္ဒနယ်မှ ဒေါ်အေးမြမြကြိုင်က ဘတ်ဂျက်ရေးဆွဲသည့်အခါတွင်လည်း ကတိကဝတ်များကို ဦးစားပေးထည့်သွင်းလျာထားပေးရန် အထူးလိုအပ်ပါကြောင်း၊ ထို့ကြောင့် ရေတိုရေရှည် စီမံကိန်းများကို ဟန်ချက်ညီညီချိန်ဆပြီး ဘဏ္ဍာငွေခွဲဝေရေးလုပ်ငန်းစဉ်များနှင့် ကိုက်ညီမှုရှိစေရေး အထူးအလေးထားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၆ နှင့် ၉၈ တို့အရ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအကြား ပွင့်လင်းမြင်သာမှု၊ Transparency နှင့် အပြန်အလှန် တာဝန်ခံမှုကို ပိုမိုခိုင်မာစေရန်အတွက် သက်ဆိုင်ရာဌာနများအနေဖြင့် အထူးလိုက်နာကြရန် လိုအပ်ပါကြောင်း။

ကော်မတီ၏ အစီရင်ခံစာပါ အကြံပြုချက်များသည် နိုင်ငံတော်၏ အကျိုးစီးပွား၊ မဏ္ဍိုင်ကြီး ၃ ရပ်ကြား ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်သူ့အပေါ်ထားရှိသည့် သစ္စာတရားတို့ကိုပံ့ပိုးကတိထင်ဟပ်လျက်ရှိကြောင်း၊ ထို့ကြောင့် အစီရင်ခံစာပါ အကြံပြုချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများက အလေးထားလိုက်နာဆောင်ရွက်ကြစေရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ သိမ်မွေ့ထိရောက်စွာဖြင့် ထိန်းညှိဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ရွှေကူမဲဆန္ဒနယ်မှ ဦးကျော်ဝင်းက ပြည်သူ့အကျိုးကို ပိုမိုဖော်ဆောင်နိုင်ရန် တိကျခိုင်မာသော ကတိကဝတ်များရစေရန် ဝန်ကြီးဌာနအစိုးရအဖွဲ့များအနေဖြင့် လွှတ်တော်တွင် မေးခွန်းဖြေကြားရာ၌ သတ်မှတ်သက်တမ်းကာလအတွင်း လက်တွေ့အကောင်အထည်ဖော်ပေးနိုင်သည့် ခိုင်မာသော အာမခံချက်ကတိနှင့်တာဝန်ခံချက်များကိုသာ ပေးအပ်ရေး တိုက်တွန်းသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ကိုယ်စားဖြေကြားသော ဝန်ကြီးဌာနသည် ကတိနှင့် သက်ဆိုင်သည့် အခြားဝန်ကြီးဌာနများ တိုင်းဒေသကြီး ပြည်နယ်အစိုးရများနှင့် တာဝန်ယူချိတ်ဆက် ဆောင်ရွက်ပေးမည့်စနစ်ကို ပိုမိုခိုင်မာစွာ တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ ဖြေကြားချက်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကိုယ်စားလှယ်များထံ စနစ်တကျ ဖြန့်ဝေပေးပို့ထားခြင်းက ပွင့်လင်းမြင်သာမှုကို ပေါ်လွင်စေပါကြောင်း၊ ဘတ်ဂျက်နှင့် လုပ်ငန်းစီမံချက်များတွင် အာမခံထားသော ကတိပြုလုပ်ငန်းများကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက်- ဘတ်ဂျက်နှင့် ရန်ပုံငွေအမျိုးအစား များတွင် အမှန်တကယ်ဦးစားပေးထည့်သွင်းပေးထားရန်လိုကြောင်း ဆွေးနွေးသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး က အစီရင်ခံစာအရ မေးခွန်းပေါင်း ၅၀၅ ခုကို တွေ့ရပြီး ယင်းအဆိုများအနက်မှ မေးခွန်း ၃၂၉ ခုသာလျှင် ကတိကဝတ်ရရှိထားပါကြောင်း၊ ပြည်သူ့လွှတ်တော်တွင် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို ကိုးကားထောက်ခံ၍ အဆိုကြွယ်ဝပြီး ကြွယ်ဝမြဲ စုစုပေါင်း ၅၀၈ ခုတွင် အတည်ပြုအဆို နှင့် ကတိကဝတ်ရရှိထားမှု ၃၃၀ သာ ရှိပါကြောင်း၊ အစိုးရထံမှ အာမခံချက် ကတိကဝတ်တာဝန်ခံချက် ရရှိမှုအရေအတွက်နည်းပါးသည်ကို တွေ့ရှိရကြောင်း၊ ပထမပုံမှန်အစည်းအဝေး၊ ဒုတိယပုံမှန်အစည်းအဝေးများအတွင်း အဆိုသည် အရေအတွက်အားဖြင့် ၃ ခု သာ ရှိသည့်အတွက် အလွန်နည်းသည်ဟု ယူဆ၍ ရပါကြောင်း၊ အဆို ၃ ခုမှာ အဆို ၂ ခုသည် မှတ်တမ်းတင် စောင့်ကြည့်အဆင့်မျှသာ ဖြစ်နေပါကြောင်း ဆွေးနွေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကော်မတီ၏အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်ကသဘောတူသည့်အတွက် အစီရင်ခံစာကို အတည်ပြုကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၆ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့

● နှမ့်စန်မြို့မှ

အဆိုပါ ရေဘေးသင့်ဒေသခံတိုင်းရင်းသား ပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်သည်။

ထို့ပြင် နမ့်စန်မြို့ရှိ ရေကြီးရေလျှံမှု ဖြစ်ပွားရာနေရာများ၌ နယ်မြေခံ တပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့ပြင် နယ်မြေခံဆေးကုသရေး အဖွဲ့များကလည်း ရေဘေးသင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



အမျိုးသားလွတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး နံရံကပ်စာစောင်ဖွင့်ပွဲ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၃

အမျိုးသားလွတ်တော် နံရံကပ်စာစောင်ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွတ်တော် အဆောက်အအုံ အမျိုးသားလွတ်တော်ခန်းမ၌ ကျင်းပရာ အမျိုးသားလွတ်တော်ဥက္ကဋ္ဌဦးအောင်လင်းဒွေး၊ ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ လွတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသား လွတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ နံရံကပ်စာစောင်တွင် ကဗျာ၊ ကာတွန်း၊ ဆောင်းပါးကဏ္ဍ၊ ဝတ္ထုကဏ္ဍ၊ အယ်ဒီတာ့အာဘော်၊ အမျိုးသားလွတ်တော်လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ ကိုယ်စားလှယ်များအစည်းအဝေးတွင် လိုက်နာရမည့်ဥပဒေ၊ နည်းဥပဒေများ ပါဝင်သည်။



ဖွင့်ပွဲတွင် နံရံကပ်စာစောင်ပြုစုရေး ကော်မတီ ဥက္ကဋ္ဌဦးလှသိန်းက နံရံကပ်စာစောင် ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွတ်တော်ဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌနှင့် နံရံကပ်စာစောင်ပြုစုရေးကော်မတီ ဥက္ကဋ္ဌတို့နှင့်အတူ နံရံကပ်စာစောင်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် နံရံကပ်စာစောင်ပြုစုရေးကော်မတီ ဥက္ကဋ္ဌက အမျိုးသားလွတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌထံ စာစောင်များ အမှတ်တရပေးအပ်သည်။

ယင်းနောက် အမျိုးသားလွတ်တော်ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များသည် နံရံကပ်စာစောင်များကို ကြည့်ရှုအားပေးသည်။

အဆိုပါ အမျိုးသားလွတ်တော် နံရံကပ်စောင်ကို လွတ်တော်အကြီးအကဲများနှင့် ကိုယ်စားလှယ်များ ကြိုးပမ်းထမ်းဆောင်နေကြသည့် လွတ်တော်လုပ်ငန်းစဉ်များကို ပီပြင်စွာဖော်ထုတ်တင်ပြနိုင်ရန်၊ လွတ်တော်အကြီးအကဲများ၊ ကိုယ်စားလှယ်များ၊ လွတ်တော်ဝန်ထမ်းများ အပြန်အလှန်ရင်းနှီးချစ်ခင်စွာ နားလည်မှုပိုမိုရရှိစေရန်၊ လွတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်နှင့် လွတ်တော်အကျိုးပြု အမြင်နှင့် အတွေးအခေါ်များကို လွတ်လပ်ပေါ်ပေါက်စွာ ခံစားရေးသားတင်ပြနိုင်ရန်၊ လွတ်တော်အတွင်း မြန်မာစာပေအရေးအသားနှင့် သုတ၊ ရသစာပေများ ပိုမိုရှင်သန်ထွန်းကားလာစေရန်၊ လွတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများ စိတ်လက်ပေါ့ပါး ရွှင်လန်းလန်းဆန်းစေရန်နှင့် စာဖတ်စွမ်းရည်အထောက်အကူပြုရန်၊ ပြည်ထောင်စု လွတ်တော်၊ ပြည်သူ့လွတ်တော်၊ အမျိုးသား လွတ်တော်များ၏ ဥပဒေ/နည်းဥပဒေပါ လုပ်ထုံးလုပ်နည်းများအတိုင်း လွတ်တော်ကိုယ်စားလှယ်များက လိုက်နာလုပ်ဆောင်နိုင်စေရန် ရည်ရွယ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာသွားလာနိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၃

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြထွန်းဦးသည် ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အတူ ယနေ့တွင် မြန်မာ့မီးရထား၏ နေပြည်တော် စက်ခေါင်းသစ် တပ်ဆင် ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်၍ Battery Electric Multiple Unit (BEMU) တည်ဆောက်နေမှု၊ ဘက်ထရီလျှပ်စစ် စက်ခေါင်း (Battery Electric Locomotive – BEL)နှင့် ဘက်ထရီတွဲ တည်ဆောက်နေမှုများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။



ကြပ်မတ်ဆောင်ရွက်

ဦးစွာ နေပြည်တော် စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေး စက်ရုံသို့ ရောက်ရှိရာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက စက်ရုံအတွင်း ဘက်ထရီလျှပ်စစ်စက်ခေါင်းသစ် (Battery Electric Locomotive – BEL)၊ ဘက်ထရီလျှပ်စစ်ရထားတွဲဆိုင်း (Battery Electric Multiple Unit – BEMU) တည်ဆောက်နေမှုနှင့် ဘက်ထရီတွဲ တည်ဆောက်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှစ၍ တည်ဆောက်ပြီးသည့် ဘက်ထရီလျှပ်စစ်စက်ခေါင်းသစ်များနှင့် ဘက်ထရီလျှပ်စစ်ရထားတွဲဆိုင်းများကို ယခုအခါလမ်းပိုင်းများတွင် အသုံးပြုလျက်ရှိကြောင်း၊ ဆက်လက် တည်ဆောက်လျက်ရှိသည့် ဘက်ထရီလျှပ်စစ် စက်ခေါင်းသစ်များ၊ ဘက်ထရီတွဲများ၏ အရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ကို တာဝန်ရှိသူများအားလုံးက ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

အလေးထားဆောင်ရွက်

ဆက်လက်၍ နေပြည်တော် စက်ခေါင်းစက်ရုံမှ RBE ရထားဖြင့် ရွာတော်ဘူတာ၊ ပျဉ်းမနားဘူတာနှင့် ပြည်ဝင်ဘူတာသို့ သွားရောက်၍ ရထားလမ်းတစ်လျှောက် ဘူတာနယ်နိမိတ်နှင့် ရထားလမ်း ဝဲ/ယာ ခြံစည်းရိုးကာရံခြင်းကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရေး၊ ချိန်ခွင်လျှာ ရှင်းလင်းရေး၊ ဘူတာယာဒင်များ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ အမှိုက်သရိုက်များ စွန့်ပစ်မှု မရှိစေရေးနှင့် ခရီးသွားပြည်သူများ စိတ်ချမ်းသာစွာ သွားလာနိုင်ရေးအတွက် အထူးအလေးထားကြိုးပမ်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၁၃

ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ(ရန်ကုန်) အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်နှင့် ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးနေမင်းထွန်းတို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုခန်းမဆောင် ပြုပြင်မွမ်းမံမှု၊ ခေတ်မီသန့်စင်ခန်းတည်ဆောက်နေမှုနှင့် ဝန်ထမ်းအိမ်ရာဝင်းအတွင်း RC လေးခန်းတွဲ နှစ်ထပ်ဆောင်ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှု၊ ကျောင်း၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်နှင့် ရှမ်းတိုင်းရင်းသားရိုးရာ နေအိမ်များ အကြိုးစားပြုပြင်မွမ်းမံမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာအတွင်းလာရောက်လေ့လာအပန်းဖြေကြသည့် ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် စီမံချက် (Quick Impact Project – QIP) ဖြင့် ဆောင်ရွက်မည့် အင်းလေးကန်ပုံစံအတွင်း ပတ်လမ်းကွန်ကရစ်လမ်းခင်းမည့်နေရာအား လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် သန်လျင်မြို့ ညောင်သုံးပင် ဝန်ထမ်းအိမ်ရာသို့ ရောက်ရှိပြီး ဝန်ထမ်းအိမ်ရာအကြိုးစား ပြုပြင်မွမ်းမံခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုကာ သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းမိသားစုများ အဆင်ပြေချောမွေ့စွာ နေထိုင်နိုင်ရန် လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးနှင့်အတူ တိုင်းရင်းသား လူမျိုးများ ရေးရာဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြား ရေးမှူးရုံး၌ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။

သတင်းစဉ်



နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၁၃ – နိုဝင်ဘာ ၁၄ ရက်တွင် တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/၈လ

ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၄၄)

စိုက်ပျိုးမွေးမြူရေးအင်ဂျင်နီယာပညာ (အပိုင်း-၅)

ဒေါက်တာမျိုးကြွယ် (ပါမောက္ခချုပ်-ငြိမ်း)

ဩစတြေးလျနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ နယ်သာလန်နိုင်ငံ စသည့်ကမ္ဘာ့နိုင်ငံများတွင် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ထိပ်တန်းရောက်နေရခြင်းသည် စိုက်ပျိုးမွေးမြူရေးပညာ အဆင့်မြင့်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ပညာရေးတို့ နှစ်စဉ်တိုးတက်ပြောင်းလဲသင်ကြား၊ သုတေသနပြုလာမှုအပေါ်မူတည်၍ ကမ္ဘာ့စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ထိပ်တန်းရောက်နိုင်ငံများ ဖြစ်နေခြင်းဖြစ်ပါသည်။ ထိုနိုင်ငံတက္ကသိုလ်များရှိ စိုက်ပျိုးမွေးမြူရေး ပညာသင်ကြား၊ သုတေသနများ ဆောင်ရွက်နေမှုတို့ကို လေ့လာ၊ အတုယူနိုင်ရန် အဓိနိုင်ငံအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာအဖြစ် စိုက်ပျိုးမွေးမြူရေး အင်ဂျင်နီယာပညာရပ်အကြောင်း ဆက်လက်ရေးသားဆွေးနွေးလိုပါသည်။

စိုက်ပျိုးရေးအင်ဂျင်နီယာ ဘာသာကြီးထဲမှ ကြိတ်ခွဲနည်းပညာနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာ အကြောင်း ဆွေးနွေးသွားမည်ဖြစ်ပါသည်။

စိုက်ပျိုးရေးအင်ဂျင်နီယာဘာသာရပ်တွင် ပါဝင်သော ကြိတ်ခွဲထုတ်လုပ်မှုနည်းပညာနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာ

၁။ နိဒါန်း

ကြိတ်ခွဲပြီးနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာများသည် စိုက်ပျိုးရေးအင်ဂျင်နီယာ ဘာသာရပ်ကြီးတွင် အရေးကြီးသော အဓိကဘာသာရပ်၊ ဘာသာခွဲတစ်ခု ဖြစ်သည်။

ဤဘာသာရပ်တွင် စိုက်ပျိုးထုတ်လုပ်ထားသော သီးနှံများကို ရိတ်သိမ်းပြီးချိန်မှစ၍ သန့်စင်ခြင်း၊ အခြောက်ခံခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲထုတ်လုပ်ခြင်း၊ အရည်အသွေးခွဲခြားခြင်း၊ ထုပ်ပိုးခြင်းနှင့် စျေးကွက်သို့ ပို့ဆောင်ခြင်းအထိ အသုံးပြုသည့် စက်ပစ္စည်းများ၊ နည်းပညာများနှင့် အင်ဂျင်နီယာစနစ်များကို လေ့လာသင်ကြားရသော ဘာသာရပ်များ ဖြစ်ပါသည်။

ဤဘာသာရပ်များ၏ အဓိက ရည်ရွယ်ချက်များမှာ-

- ရိတ်သိမ်းပြီးနောက် သီးနှံဆုံးရှုံးမှုကို လျှော့ချရန်၊
- စိုက်ပျိုးရေးထွက်ကုန်များ၏ အရည်အသွေးကို ထိန်းသိမ်းရန်၊
- စားသောက်ကုန်ဘေးကင်းလုံခြုံမှုကို ဖြင့်တင်ရန်၊
- တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်စေရန်၊
- စိုက်ပျိုးရေးထွက်ကုန်များမှ တန်ဖိုးဖြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ဖြစ်ပါသည်။

ဤပညာရပ်သည် မြန်မာနိုင်ငံကဲ့သို့ ဆန်စပါး၊ ပြောင်း၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် အခြားစိုက်ပျိုးရေးထွက်ကုန်များကို အဓိကထုတ်လုပ်သော နိုင်ငံများအတွက် အထူးအရေးပါနေသော ဘာသာရပ်ဖြစ်ပါသည်။

၂။ အဓိကလေ့လာရမည့် ဘာသာရပ်နယ်ပယ်များ

ဤဘာသာရပ်ကို အဓိကအားဖြင့် နယ်ပယ်နှစ်ခုခွဲခြားနိုင်သည်-

(၂-က) ရိတ်သိမ်းပြီးနောက်ပိုင်း နည်းပညာ


သီးနှံများကို ရိတ်သိမ်းပြီးချိန်မှစ၍ သိုလှောင်ခြင်းနှင့် ပြုပြင်ထုတ်လုပ်ခြင်းအဆင့်များအထိ အသုံးပြုသော နည်းပညာများဖြစ်သည်။

(၂-ခ) ကြိတ်ခွဲထုတ်လုပ်မှုနည်းပညာ

စပါး၊ ပြောင်း၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် အခြားကုန်ကြမ်းများကို စားသောက်ကုန်နှင့် စက်မှုကုန်ကြမ်းများအဖြစ် ပြောင်းလဲထုတ်လုပ်သည့် စက်ပစ္စည်းနှင့် နည်းပညာများ ဖြစ်ပါသည်။



ရိတ်သိမ်းချိန်လွန်နည်းပညာ။



ကြိတ်ခွဲမှုနည်းပညာ။

၃။ ရိတ်သိမ်းပြီးနောက်စီမံကိုင်တွယ်ထိန်းသိမ်းခြင်း နည်းပညာ

(၃.က) ရိတ်သိမ်းခြင်းနှင့် ရိတ်သိမ်းပြီးနောက် ကိုင်တွယ်ခြင်း

ဤဘာသာရပ်တွင် သီးနှံများကို အရည်အသွေးမပျက်စီးစေဘဲ ရိတ်သိမ်းခြင်းနှင့် ကိုင်တွယ်ပို့ဆောင်ခြင်း နည်းလမ်းများကို လေ့လာရသည်။

အဓိကသင်ကြားရမည့် အကြောင်းအရာများ-

- ရိတ်သိမ်းခြင်းဆိုင်ရာ အခြေခံသဘောတရားများ၊
- လက်ဖြင့် ရိတ်သိမ်းခြင်းနှင့် စက်ဖြင့် ရိတ်သိမ်းခြင်း၊
- ရိတ်သိမ်းစက်များနှင့် ကိရိယာများ၊
- သီးနှံရင့်မှည့်ချိန်နှင့် ရိတ်သိမ်းသင့်သောအချိန်၊
- ရိတ်သိမ်းပြီးသီးနှံများ သယ်ယူပို့ဆောင်ခြင်း၊
- သီးနှံများ ထိခိုက်ပျက်စီးမှုနှင့် ဆုံးရှုံးမှုများ၊
- ရိတ်သိမ်းပြီးနောက် ကိုင်တွယ်ထိန်းသိမ်းရေး စနစ်များ။

ဥပမာများ -

- ရိတ်သိမ်းခြွေလှေ့စက်အသုံးပြု၍ စပါးရိတ်သိမ်းခြင်း၊
- ပြောင်းဖူးရိတ်သိမ်းခြင်းနှင့် အဖူးမှ အစေ့ခွဲထုတ်ခြင်း၊
- သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ ဆွတ်ခူး၊ ရိတ်သိမ်းကိုင်တွယ်ခြင်း စသည်တို့ ပါဝင်ပါသည်။

(၃.ခ) သန့်စင်ခြင်း၊ အဆင့်အတန်းခွဲခြားခြင်းနှင့် ရွေးချယ်ခြင်း

သီးနှံများကို သိုလှောင်ခြင်းနှင့် ကြိတ်ခွဲထုတ်လုပ်ခြင်းမပြုမီ သန့်စင်ခြင်းနှင့် အရည်အသွေး ခွဲခြားခြင်းသည်လည်း အလွန်အရေးကြီးပါသည်။

အဓိက သင်ကြားရမည့် အကြောင်းအရာများ-

- သီးနှံအစေ့များ သန့်စင်ခြင်း၏ အခြေခံသဘောတရားများ၊
- ဖုန်မှုန့်၊ ကျောက်ခဲ၊ ကောက်ရိုးနှင့် အခြားအညစ်အကြေးများ ဖယ်ရှားခြင်း၊
- လေအားဖြင့် စီစစ်ရွေးထုတ်သောစက်များ၊
- သံလိုက်ဖြင့် ခွဲထုတ်စက်များ၊
- အလေးချိန်နှင့် သိပ်သည်းဆအလိုက် ခွဲထုတ်စက်များ၊
- အရွယ်အစားနှင့် အလေးချိန်အလိုက် အဆင့်ခွဲခြားခြင်း၊
- အလင်းနှင့် ကွန်ပျူတာနည်းပညာ အသုံးပြု၍ ခွဲခြားခြင်း။

ဥပမာများ -

- ဆန်စက်သို့ မပို့မီ စပါးသန့်စင်ခြင်း၊
- ပြောင်းစေ့များကို အရွယ်အစားအလိုက် ခွဲခြားခြင်း၊
- သရက်သီး၊ ခရမ်းချဉ်သီးနှင့် အခြားသစ်သီးများကို အရည်အသွေးအလိုက် ရွေးချယ်ခြင်း စသည်တို့ဖြစ်ပါသည်။

(၃.ဂ) သီးနှံအခြောက်ခံခြင်းနည်းပညာ

အခြောက်ခံခြင်းသည် ရိတ်သိမ်းပြီးနောက် အရေးကြီးဆုံးလုပ်ငန်းစဉ်များထဲမှ တစ်ခုဖြစ်ပါသည်။ သီးနှံများတွင် ရေဓာတ်ပါဝင်မှုများလွန်းပါက မှိုတက်ခြင်း၊ ပိုးမွှားကျရောက်ခြင်းနှင့် သိုလှောင်စဉ် အရည်အသွေးကျဆင်းခြင်းများ ဖြစ်ပေါ်နိုင်သည်။

အဓိကသင်ကြားရမည့် အကြောင်းအရာများ-

- ရေဓာတ်ဖယ်ရှားခြင်း၏ အခြေခံသဘောတရားများ၊
- အစိုဓာတ်ပါဝင်မှု တိုင်းတာခြင်း၊
- မျှခြေအစိုဓာတ်ပါဝင်မှု တိုင်းတာခြင်း၊
- အခြောက်ခံနှုန်းနှင့် အခြောက်ခံချိန်၊
- သဘာဝနေရောင်ခြည်ဖြင့် အခြောက်ခံခြင်း၊
- စက်ဖြင့် အခြောက်ခံခြင်း၊
- လေပူအသုံးပြု၍ အခြောက်ခံခြင်း၊
- ဘက်အခြောက်ခံစက် (Batch Dryer) နှင့် ဆက်တိုက်အခြောက်ခံစက် (Continuous-flow Dryer) စက်များ၊
- အခြောက်ခံရာတွင် စွမ်းအင်ချွေတာနိုင်သည့် နည်းပညာများ စသည်တို့ ဖြစ်ပါသည်။

(၃.ဃ) သီးနှံသိုလှောင်ခြင်းနည်းပညာ

သီးနှံများကို စားသုံးခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း သို့မဟုတ် စျေးကွက်တင်ပို့ခြင်း မပြုမီ အရည်အသွေးနှင့် အရေအတွက် မလျော့နည်းစေရန် သိုလှောင်ရေးနည်းပညာများကို လေ့လာရသည်။

အဓိက သင်ကြားရမည့် အကြောင်းအရာများ-

- သီးနှံသိုလှောင်ခြင်း၏ အခြေခံသဘောတရားများ၊
- ရိုးရာနှင့် ခေတ်မီသိုလှောင်ရုံများ၊
- သီးနှံသိုလှောင်ပုန်း (Grain Bins) နှင့် သီးနှံသိုလှောင်ရုံ /ဆိုင်လို (Grain Silos)၊
- ဂိုဒေါင်ဒီဇိုင်းနှင့် တည်ဆောက်ခြင်း၊
- လေဝင်လေထွက်စနစ်၊
- အပူချိန်နှင့်အစိုဓာတ်စောင့်ကြည့်တိုင်းတာခြင်း၊

စာမျက်နှာ ၇ သို့

- ❑ **သီးနှံများကို သိုလှောင်ခြင်းနှင့် ကြိတ်ခွဲထုတ်လုပ်ခြင်းမပြုမီ သန့်စင်ခြင်းနှင့် အရည်အသွေးခွဲခြားခြင်းသည်လည်း အလွန်အရေးကြီး**
- ❑ **အခြောက်ခံခြင်းသည် ရိတ်သိမ်းပြီးနောက် အရေးကြီးဆုံးလုပ်ငန်းစဉ်များထဲမှ တစ်ခုဖြစ်ပါသည်။ သီးနှံများတွင် ရေဓာတ်ပါဝင်မှုများလွန်းပါက မှိုတက်ခြင်း၊ ပိုးမွှားကျရောက်ခြင်းနှင့် သိုလှောင်စဉ် အရည်အသွေးကျဆင်းခြင်းများ ဖြစ်ပေါ်နိုင်**

တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်အဆောက်အအုံသစ် သုံးထပ်တည်ဆောက်ရန် ရတနာပန္နက်တင်

ထားဝယ် နိုဝင်ဘာ ၁၃

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် အဆောက်အအုံသစ် တည်ဆောက်ခြင်းလုပ်ငန်း ရတနာပန္နက်တင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ ကုံကော်လမ်း ဆန်းချိရပ်ကွက် တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်အဆောက်အအုံသစ် RCC သုံးထပ်အဆောက်အအုံနှင့် ဆက်စပ်လုပ်ငန်းများ တည်ဆောက်မည့်နေရာ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးမြတ်ကို၊ တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်အေးအေးသန်း၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါက်တာဝင်းအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ကျော်ကျော်ဦး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်ရင်ရင်သန်းနှင့် ဒေါ်ထွေးထွေး၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးမြင့်စိန်တို့က သတ်မှတ်နေရာများတွင် နေရာယူကြပြီး ရတနာပန္နက်စိုက်ထူခြင်း၊ အမွေးနုံသာရည် ပက်ဖျန်းခြင်းနှင့် တွင်းတော်ဝန်း မင်္ဂလာပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုငွေများချီးမြှင့်ကြပြီး တက်ရောက်လာကြသူများနှင့် ဖျော်ဖြေရေးအဖွဲ့များကို လိုက်လံနှုတ်ဆက်ကြသည်။

တိုင်းဒေသကြီး တရားလွှတ်တော် အဆောက်အအုံသစ်ကို တရားစီရင်ရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်၊ တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများကို စနစ်တကျ ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်၊ တရားသူကြီးများနှင့် တရားရုံး ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုထိရောက်လာစေရန်၊ တရားရုံးနှင့် သက်ဆိုင်သောဝန်ဆောင်မှုများကိုပြည်သူများအဆင်ပြေစွာရယူနိုင်ရန်၊ တရားစီရင်ရေးစနစ်အပေါ် ပြည်သူများ၏ ယုံကြည်မှု တိုးတက်လာစေရန်နှင့် တရားဥပဒေ စိုးမိုးရေးကို အထောက်အကူပြုစေရန် ရည်ရွယ်ချက်များဖြင့် ပြည်ထောင်စု



တရားလွှတ်တော်၏ တရားစီရင်ရေး ဆိုင်ရာ မဟာဗျူဟာစီမံကိန်း ၂၀၂၃-၂၀၂၇ စတုတ္ထနှစ် မဟာဗျူဟာ လုပ်ငန်း အစီအစဉ် (၂၀၂၆ ခုနှစ်) မဟာဗျူဟာ ရည်မှန်းချက် ၁.၄.၁ အရ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံသစ်တောကျောင်း အခြေခံသစ်တောပညာသင်တန်း သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၃

အခြေခံသစ်တောပညာသင်တန်း သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံသစ်တောကျောင်း၌ကျင်းပရာ သင်တန်းသားများက စစ်ရေးပြကွင်းအတွင်း နေရာယူ၍ နိုင်ငံတော်အလံအား အလေးပြုပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆန်းဦးက ထူးချွန်ဆုရ သင်တန်းသားများအား ဆုချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသစ်တောကျောင်းကို ၁၈၉၈ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး အခြေခံသစ်တောပညာရပ်များကို သင်ကြားပို့ချပေးခဲ့သည်မှာ ၁၂၈ နှစ်ရှိပြီဖြစ်ကြောင်း၊ ဌာနအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ရာတွင် ဓွန်းဆောင်ရည်မြင့်မားပြီး





စိတ်ဓာတ်၊ စည်းကမ်းနှင့် အကျင့်စာရိတ္တကောင်းမွန်၍ ပြည်သူလူထုအကျိုးကို သယ်ပိုးလိုစိတ်ရှိသည့် ဝန်ထမ်းကောင်းများ ထွက်ပေါ်လာစေရန် ရည်ရွယ်ပြီး ဖွင့်လှစ်ခဲ့ကြောင်း၊ သင်ကြားပေးလိုက်သည့် စာတွေ့လက်တွေ့ပညာရပ်များနှင့် လုပ်ငန်းခွင်အတွေ့အကြုံတို့ကို ပေါင်းစပ်ပြီး ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားကြရန်၊ နိုင်ငံတော်၏ သစ်တောသယံဇာတများ ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် ကာကွယ်စောင့်ရှောက်သွားရန်နှင့် တရားမဝင်ထုတ်ယူခြင်းများကို အဓိကတာဝန်တစ်ရပ်အနေဖြင့် ကာကွယ်တားဆီးသွားကြရန် ပြောကြားပြီး သင်တန်းဆင်းတပ်ခွဲများက ပြည်ထောင်စုဝန်ကြီးအား ချီတက်အလေးပြု၍ စစ်ရေးပြကွင်းမှ ပြန်လည်ချီတက်ထွက်ခွာကြသည်။

ဆက်လက်၍ သင်တန်းဆင်း အောင်လက်မှတ်ပေးအပ်ပွဲအခမ်းအနားကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင် အမျိုးသားကန်တော်ကြီး ဥယျာဉ်ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူက ဥယျာဉ်နှင့်ပတ်သက်သည့် အချက်အလက်များနှင့် ပန်းပွဲတော်ကျင်းပမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ ***မြန်မာ့အာမခံလုပ်ငန်းမှ***

သယ်ယူပို့ဆောင်ရေး လမ်းကြောင်းတစ်လျှောက်တွင် ကုန်ပစ္စည်း ပျောက်ဆုံး/ ပျက်စီးမှုများ၊ ခိုးယူခံရမှုများနှင့် စာချုပ်ပါတာဝန်ပျက်ကွက်မှုများကြောင့် ကုန်ပစ္စည်းပိုင်ရှင်များထံသို့ ဥပဒေကြောင်းအရ ပေးလျော်ရန်တာဝန်များ ဖြစ်ပေါ်လေ့ရှိသည်။ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်သူများသည် လုပ်ငန်းဆောင်ရွက်စဉ်အတွင်း ဘက်စုံပို့ဆောင်ရေးလုပ်ငန်းရှင်များ၏ မတော်တဆမှုများကြောင့် သယ်ယူပို့ဆောင်ပေးရသည့် ကုန်ပစ္စည်းများထိခိုက်ပျက်စီးမှုများရှိလာပါက Bill of Lading ပါ တာဝန်အတိုင်း ပေးလျော်ရသည့် အာမခံအမျိုးအစား ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးကျော်လွင်ဦးက "မြန်မာ့အာမခံလုပ်ငန်းက လုပ်ငန်းရှင်တွေအတွက် limited liability လို့ခေါ်တဲ့ အကာအကွယ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ့် အခြေအနေဖြစ်လာတာပါ။ ပို့ကုန်/ သွင်းကုန် ကုန်ပစ္စည်းတွေ ရောင်းတဲ့အခါ Cargo Insurance ဝယ်ပြီး လုပ်ရသလို၊ logistics ကဏ္ဍမှာလည်း service provider တွေအနေနဲ့ လုပ်ဆောင်နေတဲ့ ဝန်ဆောင်မှုတွေအပေါ် အကာအကွယ်လိုအပ်ပါတယ်။ Cargo Insurance နဲ့ Limited Liability ကို ရောထွေးတတ်ကြပါတယ်။ Cargo Insurance က exporter နဲ့ importer တွေအတွက်ဖြစ်ပြီး Limited Liability ကတော့ logistics service provider တွေအတွက် အကာအကွယ်ဖြစ်ပါတယ်။ ဒီနှစ်ခုက လုံးဝ မတူပါဘူး။ Limited Liability ဆိုတာ အကန့်အသတ်ရှိသော တာဝန်ယူမှု တာဝန်ခံမှုဖြစ်ပါတယ်။ Logistics service provider တွေအနေနဲ့ ကုန်တွေကို သယ်ယူပို့ဆောင်တဲ့အခါ လမ်းမှာပစ္စည်းတွေ ပျက်စီးတာ၊ ဆုံးရှုံးတာ၊ လျော့နည်းတာတွေ ရှိနိုင်ပါတယ်။ ကုန်ပစ္စည်းတွေအတွက် Cargo Insurance ရှိပေမယ့် လုပ်ငန်းလုပ်ကိုင်တဲ့ အစနဲ့အဆုံးမှာ ဖြစ်ပေါ်လာတဲ့ လေလွင့်မှု၊ ဆုံးရှုံးမှု၊ ပျက်စီးမှုတွေအတွက် အကာအကွယ်ပေးတာက Limited Liability ဖြစ်ပါတယ်။ အရင်တုန်းကဆိုရင် service provider တွေအနေနဲ့ ပစ္စည်းတွေသယ်ရင်း ပျက်စီးဆုံးရှုံးသွားရင် ရှိးရာအရည်ညှိနှိုင်းဖြေရှင်းကြရပြီး တစ်ခါတလေ customer နဲ့ ဆက်ဆံရေးပါ ပျက်သွားတဲ့အထိ ရှိတတ်ပါတယ်။ အဓိက က နောက်ကွယ်မှာ Limited Liability မရှိလို့ပါ၊ အခုလို ကုန်ပစ္စည်းကို တာဝန်ယူသယ်ဆောင်ပေးတဲ့အခါ Waybill ထုတ်ပေးပြီး customer နဲ့ အကြားမှာ terms and conditions (Back clause) တွေနဲ့ တာဝန်ယူမှု တာဝန်ခံမှုတွေကို စနစ်တကျကန့်သတ်ချုပ်ဆိုထားပါတယ်။ နောက်ပိုင်းမှာ ပြဿနာတစ်စုံတစ်ရာဖြစ်လာခဲ့ရင် customer နဲ့ တိုက်ရိုက်ရှင်းရမယ့်အစား Limited Liability ရဲ့ underwriter တွေကနေတစ်ဆင့် နစ်နာဆုံးရှုံးမှုတွေကို စနစ်တကျဖြေရှင်းပေးနိုင်မှာဖြစ်ပါတယ်။ အမှားအယွင်းတွေအတွက် ဒီလိုအာမခံစနစ် ရှိလာခြင်းအားဖြင့် နောင်လုပ်ဆောင်မယ့် လုပ်ငန်းစဉ်တွေဟာ ပိုပြီး professional ဖြစ်လာမှာ ဖြစ်ပါတယ်" ဟု ဆိုသည်။

ယနေ့မိတ်ဆက်သည့် အာမခံအမျိုးအစားအသစ်ကို မြန်မာ့အာမခံလုပ်ငန်းနှင့် မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင် (Myanmar International Freight Forwarder Association- MIFFA)တို့ ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်ပြီး နိုဝင်ဘာ ၁၃ ရက်တွင် စတင်ရောင်းချမည်ဖြစ်ကြောင်း၊ စတင်ရောင်းချသည့်နေ့မှ စမ်းသပ်ကာလ ခြောက်လသတ်မှတ်၍ မြန်မာ့အာမခံလုပ်ငန်းနှင့် မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MIFFA) တို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ကြီး

စာမျက်နှာ ၆ မှ

- ပိုးမွှားနှင့် ကြွက်ကာကွယ်ရေး၊
- လေလုံသိုလှောင်နည်း၊
- သိုလှောင်ထားသောသီးနှံများ၏အရည်အသွေးထိန်းသိမ်းခြင်း စသည်တို့ ဖြစ်ပါသည်။

(၃.ဇ) အအေးပေးခြင်းနှင့် အအေးကြင်းဆက်နည်းပညာ

ဤနည်းပညာသည် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်၊ အသား၊ နို့နှင့် ငါးထွက်ကုန်များအတွက် အထူးအရေးကြီးသည်။

အဓိကသင်ကြားရမည့် အကြောင်းအရာများ-

- အအေးပေးစနစ်၏ အခြေခံသဘောတရားများ၊
- ကြိုတင်အအေးပေးခြင်း၊
- အအေးခန်းသိုလှောင်ရုံ တည်ဆောက်ခြင်း၊
- အအေးပေးယာဉ်များဖြင့် သယ်ယူပို့ဆောင်ခြင်း၊
- အပူချိန်နှင့် စိုထိုင်းဆ ထိန်းချုပ်ခြင်း၊
- လေထုဖွဲ့စည်းမှုကို ထိန်းချုပ်သိုလှောင်ခြင်း၊
- ထုပ်ပိုးမှုအတွင်း လေထုဖွဲ့စည်းမှုကို ပြုပြင်ထိန်းချုပ်ခြင်း၊
- အအေးကွင်းဆက်စီမံခန့်ခွဲမှု စသည်တို့ ဖြစ်ပါသည်။

၄။ ကြိတ်ခွဲထုတ်လုပ်မှုနည်းပညာ

ဤကြိတ်ခွဲမှုနည်းပညာသည် စိုက်ပျိုးပြုပြင်ထုတ်လုပ်ရေးအင်ဂျင်နီယာပညာ၏ အရေးကြီးသော ဘာသာရပ်ခွဲတစ်ခုဖြစ်သည်။ စိုက်ပျိုးရေးကုန်ကြမ်းများကို စားသောက်ကုန်နှင့် ဓွေးကွက်တင်ရောင်းချနိုင်သော ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်ရန် အသုံးပြုသည့် စက်ပစ္စည်းနှင့် နည်းပညာများကို လေ့လာရပါသည်။ ဤဘာသာရပ်အကြောင်း ဆက်ပါဦးမည်။

စာရေးသူ၏ အတွေး

စာရေးသူတို့နိုင်ငံသည် စပါး၊ ပြောင်းဖူး၊ ပဲမျိုးစုံ၊ သစ်သီးဝလံ စသည့် စိုက်ပျိုးရေးထွက်ကုန်များကို နိုင်ငံတကာသို့ နှစ်စဉ်တင်ပို့နေသော်လည်း ရိတ်သိမ်းပြီးနောက်ပိုင်း နည်းပညာများနှင့် ခေတ်မီစက်ကိရိယာများအကြောင်း ယခုထက်ပို၍ သိရှိ၊ လေ့လာ၊ သုတေသနများပြုထားပါက အခြားနိုင်ငံများနည်းတူ ဈေးကောင်းပို၊ ပို၊ ရောင်းချနိုင်ပြီး စိုက်ပျိုးသူတောင်သူဦးကြီးများ ဝင်ငွေပိုတိုးနိုင်ပါလိမ့်မည်။

၂၀၁၆ ခုနှစ်က အိန္ဒိယနိုင်ငံအကူအညီဖြင့်ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ရိတ်သိမ်းချိန်လွှန် နည်းပညာဌာနအသစ် ဖွင့်လှစ်ခဲ့သော်လည်း စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များနှင့် နည်းပညာတက္ကသိုလ်များတွင် ယခုထက်ပို၍ ခေတ်မီစိုက်ပျိုးမွေးမြူရေးအင်ဂျင်နီယာဆိုင်ရာ စမတ်နည်းပညာ (Smart Agricultural Engineering Technology) များစွာ သင်ယူ၊ လေ့လာ၊ သုတေသနပြုရန် လိုအပ်ဦးမည်ဟု စာရေးသူ ထင်မြင်မိပါသည်။ ။

☆ *ကျောထိုးမှ*

ဦးစွာ အမျိုးသားလွတ်တော်ဥက္ကဋ္ဌက တတိယ အကြိမ် အမျိုးသားလွတ်တော် တတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၁ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၅) ဦးမြတ်မျိုးညွှန့်၏ **စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ ရွှေဘိုခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံးသို့ မော်တော်ယာဉ်လိုင်စင် သက်တမ်းတိုးဆောင်ရွက်ရာတွင် ယာဉ်စစ်ဆေးမှုခံယူခြင်းမပြုဘဲ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ ထောက်ခံချက်ဖြင့် သက်တမ်းတိုး ဆောင်ရွက်ခွင့်ပြုနိုင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ဖြေလျော့ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ROAD SAFETY ဖြစ်စေရေးအတွက် လုပ်ငန်းလိုင်စင်ရယူပြေးဆွဲလျက်ရှိသော အများပြည်သူ သယ်ယူပို့ဆောင်သည့် ခရီးသည်တင်ယာဉ်များမှအပ နယ်မြေဒေသအခြေအနေနှင့် လမ်းခရီး လုံခြုံရေးအခက်အခဲများကြောင့် အမှန်တကယ် ယာဉ်မှတ်ပုံတင် သက်တမ်းတိုးရန် လာရောက်ဆောင်ရွက်နိုင်ခြင်းမရှိသော နယ်မြေဒေသရှိ ကျန်လူစီးမော်တော်ယာဉ်ငယ်များကိုသာ သက်ဆိုင်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီ၏ ထောက်ခံချက်ဖြင့် မော်တော်ယာဉ် သက်တမ်းတိုးခြင်းအား ယာဉ်စစ်ဆေးခြင်း ကင်းလွတ်ဖြင့် ဖြေလျော့ကူညီဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်းနှင့် အချို့သော မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များသည် အဆိုပါဒေသများရှိ အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်အသုံးပြုနေသည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ မဖြစ်စေရေးအတွက် ထောက်ခံချက်ထုတ်ပေးရာတွင် စနစ်တကျ စိစစ်ပြီးမှ ထုတ်ပေးသင့်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) ဦးခင်မောင်ဝင်း၏ **မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် သံရွာကျေးရွာရှိ (၂၅) ခုတင်ဆံ့ သံရွာတိုက်နယ်ဆေးရုံတွင် လိုအပ်နေသော သွားဆရာဝန်တစ်ဦး ပြန်လည်ခန့်ထားပေးရန်နှင့် Dental Chair (1) Set အစား အသစ်တစ်စုံ ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် သံရွာတိုက်နယ်ဆေးရုံတွင် လိုအပ်နေသော သွားနှင့်ခံတွင်း ဆရာဝန် တစ်ဦးအား ပြန်လည် ခန့်ထားပေးနိုင်ရေးအတွက် စီစစ်ဆောင်ရွက်လျက် ရှိပါကြောင်းနှင့် (၂၀၂၆-၂၀၂၇) ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မှာယူထားသော Dental Chair များ ရရှိလာပါက ထောက်ပံ့ပေးမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ကယားပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဦးဟန်ထူး၏ **ကယားပြည်နယ်၊ ဘော်လခဲမြို့ပေါ်တွင် အိမ်ထောင်စု ၇၆၇ စု၊ လူဦးရေ စုစုပေါင်း ၁၁၈၉ ဦးအတွက် ဗို့အား (၁၀၀) ဘက်ထရီပါ ဆိုလာမီးသီးအား အိမ်ထောင်စု တစ်စုလျှင် တစ်လုံးနှုန်းဖြင့် ချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်၊ မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလို ခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ကယား ပြည်နယ် ဘော်လခဲမြို့သို့ ၁၃၂ ကေဗွီ လျှိုင်ကော် - ဘော်လခဲ ဓာတ်အားလိုင်းသည် ၄၅ ဒသမ ၃၂ မိုင် ရှိပြီး ဓာတ်အားလိုင်းတိုင် အရေအတွက် ၈၈၈ တိုင် ရှိပါကြောင်း၊ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိစဉ် ၂၀၂၁ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် အကြမ်းဖက်အဖွဲ့အစည်းများ၏ ဖျက်ဆီးခံရမှုကြောင့် ပျက်စီးမှုဖြစ်ပေါ်ခဲ့သဖြင့် ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် ဓာတ်အားပြန်လည် ပို့လွှတ်ခဲ့ပါကြောင်း။

သို့သော် ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်တွင် အဆိုပါဓာတ်အားလိုင်း ထပ်မံဖျက်ဆီးခံခဲ့ရသဖြင့် ဘော်လခဲမြို့တွင် ဓာတ်အားပြတ်တောက်မှု ထပ်မံဖြစ်ပေါ်ခဲ့ပါကြောင်း၊ ထို့ပြင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်တွင် အကြမ်းဖက်အဖွဲ့များက ၁၃၂ ကေဗွီ လျှိုင်ကော်-ပင်မ ဓာတ်အားခွဲရုံအား တိုက်ခိုက်ဖျက်ဆီးခဲ့မှုကြောင့် ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ပြန်လည် ပြုပြင်ခဲ့ရာ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ဆောင်ရွက်ပြီးစီးပါကြောင်း၊ ၆၆ ကေဗွီ လျှိုင်ကော်-ဘော်လခဲ ဓာတ်အားလိုင်းအုပ်ငြိအား ဆက်လက် စစ်ဆေးနိုင်ရေးအတွက် လုံခြုံရေးရရှိရေး တင်ပြ ထားပါကြောင်း၊ ခွင့်ပြုချက်ရရှိမှုနှင့်အညီ မြေပြင် ကွင်းဆင်း၍ ဓာတ်အားလိုင်း အသေးစိတ်စစ်ဆေး ပြီးပါက ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင် ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပြန်လည်ပြုပြင်ရာတွင် ဌာနမှ အရန်ပစ္စည်းများ အသုံးပြုခြင်းနှင့် ထပ်မံ လိုအပ်သော ဓာတ်အားလိုင်း ဆက်စပ်ပစ္စည်းများ ဝယ်ယူနိုင်ရေး လာမည့်ဘဏ္ဍာနှစ်များတွင် ဘဏ္ဍာ ရန်ပုံငွေလျာထားခြင်းတို့ ဆောင်ရွက်သွားမည် ဖြစ်ပါ ကြောင်း။

သို့ဖြစ်ပါ၍ ကယားပြည်နယ် ဘော်လခဲမြို့သို့ မဟာဓာတ်အားလိုင်းစနစ်မှ ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသဖြင့် ဘော်လခဲမြို့ပေါ်ရှိ အိမ်ထောင်စု ၇၆၇ စုအတွက် ဗို့အား (၁၀၀) ဘက်ထရီပါ ဆိုလာမီးသီးအား အိမ်ထောင်စုတစ်စုလျှင် တစ်လုံးနှုန်းဖြင့် ချထား ပေးရန် လတ်တလော အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စား လှယ် အမှတ်(၁၁) ဦးစိန်လွင်ဦး၏ **ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင်မြို့ ပြည်သူ့အားကစားကွင်း တွင် ပေ(၁၂၀ x ၉၀ x ၃၆) ဘက်စုံသုံး မိုးလုံလေလုံ အားကစားခန်းမ တစ်ခု တည်ဆောက်ပေးရန် အစီ အစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အားကစား ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးကျော်သူက ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင်မြို့ ပြည်သူ့အားကစားကွင်းတွင် (ပေ ၁၂၀ x ပေ ၉၀ x ၃၆ ပေ) ဘက်စုံသုံး မိုးလုံလေလုံ အားကစားခန်းမ တစ်ခုအား ခန့်မှန်းကုန်ကျငွေ ငွေကျပ်သန်း ၃၂၄၀ ဖြင့် တည်ဆောက်ပေးမည်ဆိုပါက ရေရှည်ထိန်းသိမ်း စောင့်ရှောက်ရန်အတွက် အခက်အခဲများ ရှိပါ ကြောင်း။

သို့ပါ၍ ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင် မြို့ ပြည်သူ့အားကစားကွင်းတွင် အားကစားပြိုင်ပွဲ များ ကျင်းပပြုလုပ်နိုင်မှု မရှိသေးခြင်း၊ အားကစား ကွင်း၊ အားကစားရုံအား ရေရှည်ပြုပြင်ထိန်းသိမ်းမည့် ဝန်ထမ်းအင်အားနှင့် ဖွဲ့စည်းပုံမရှိခြင်း၊ အားကစား ဆိုင်ရာ လှုပ်ရှားမှုများကို မိုးညှင်းမြို့ရှိ အားကစား ကွင်း၊ အားကစားရုံများတွင် ဆောင်ရွက်နိုင်ခြင်း တို့ကြောင့် ဘက်စုံသုံးမိုးလုံလေလုံ အားကစားခန်းမ တစ်ခုအား လတ်တလောအနေဖြင့် တည်ဆောက်ပေး ရန် အစီအစဉ် မရှိသေးသော်လည်း နယ်မြေအခြေ အနေနှင့် အားကစားလှုပ်ရှားမှုများ ဆောင်ရွက်နိုင်မှု၊ အားကစားကွင်း၊ အားကစားရုံများ ပြုပြင်ထိန်းသိမ်း ရေး ဆောင်ရွက်နိုင်မှု အခြေအနေများအား ဆန်းစစ် အကဲဖြတ်၍ ဦးစားပေးအစီအစဉ်များတွင် အကျုံးဝင် ပါက သက်ဆိုင်ရာဘဏ္ဍာရေးနှစ်များတွင် ထည့်သွင်း လျာထားတင်ပြပြီး ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စား လှယ် အမှတ်(၁၂) နန်းပိုးစိန်၏ **ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်တွင် မိုးလုံလေလုံ အားကစားရုံ (၁)ရုံနှင့် မြို့နယ်ဘောလုံးကွင်းအား မြေသားကွင်းအဆင့်မှ မြို့နယ်အဆင့် ဘောလုံးကွင်း တစ်ကွင်း၏ အင်္ဂါရုပ်နှင့်အညီ အဆင့်မြှင့်တင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးကျော်သူက ဝန်ကြီး ဌာနအနေဖြင့် ပြည်သူများအတွက် အားကစားရုံများ ဆောက်လုပ်ပေးလိုသော်လည်း ကိုယ်စားလှယ် တင်ပြထားသော မြို့မအားကစားကွင်းအတွင်းတွင် တစ်ဆက်တစ်စပ်တည်း လွတ်နေသည့် မြေနေရာ မရှိပါကြောင်း။

စံချိန်စံညွှန်းများနှင့်အညီ မြို့နယ်အဆင့်မိုးလုံ လေလုံအားကစားရုံ တစ်ရုံ ဆောက်လုပ်မည်ဆိုပါက တစ်ဆက်တစ်စပ်တည်းရှိသည့် စတုရန်းပုံမြေဧရိယာ (အလျား ပေ ၁၄၀ x အနံ ပေ ၉၀) လိုအပ်မည်ဖြစ်ပြီး ကိုယ်စားလှယ်တင်ပြထားသည့် လျာထားမြေလွတ် ဧရိယာသည် (အလျား ပေ ၁၀၀ x အနံ ပေ ၅၀) သာရှိပြီး ကြက်လျှာစွန်းပုံစံမြေဖြစ်နေသည့်အတွက် အားကစားရုံဆောက်လုပ်ရန် မြေဧရိယာလုံလောက် မှု မရှိပါကြောင်း။

သို့ရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်း မြို့နယ်မြို့မအားကစားကွင်းအား မြို့နယ်အားကစား ကွင်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန်အတွက် ကနဦး အနေဖြင့် ဒေသမြက် စိုက်ပျိုးခြင်း လုပ်ငန်းအား ဆောင်ရွက်ပေးရန်နှင့် ဆက်လက်ထိန်းသိမ်းခြင်း လုပ်ငန်းများအတွက် စုစုပေါင်း ခန့်မှန်းကုန်ကျငွေ ငွေကျပ်သန်း ၄၀ ကိုလည်းကောင်း၊ လိုအပ်လျက်ရှိ သည့် ရုံးသုံးပစ္စည်းဖြစ်သည့် ကွန်ပျူတာ၊ ပရင်တာ တစ်စုံ ငွေကျပ် ၁၀ သန်းကို လည်းကောင်း၊ ကိုယ်စား လှယ် တင်ပြချက်တွင်ပါရှိသည့် အများသုံးအိမ်သာ ၆ ခန်းတွဲ ၈ ပေ x ပေ ၃၀ တည်ဆောက်ခြင်း ငွေကျပ် ၂၅ သန်းအားလည်းကောင်း နီးစပ်ရာဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေတွင် လျာထား တင်ပြ တောင်းခံပေးသွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၄) ဦးစိန်ရွှေမင်း၏ **မကွေးတိုင်း ဒေသကြီး မင်းဘူး - ပွင့်ဖြူ - စလင်း - တပ်ဆောင်း - ဆိပ်ဖြူ - ချောက်ခရိုင်ချင်းဆက် လမ်းပေါ်ရှိ စကုမ္ပဏီ မန်းတံတား မြောက်ဘက် မိုင်တိုင်(၁၁) မှ (၁၄/၄) အထိ ကတ္တရာလမ်း ၃ ဒသမ ၄ မိုင်အား ထပ်ပိုးခင်း ပေးရန်နှင့် ဘေးဝဲယာ လမ်းပခုံးသားများကိုလည်း ခိုင်မာသည့် ကျောက်ခဲျော သို့မဟုတ် ကွန်ကရစ်ခင်း ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မင်းဘူး - ပွင့်ဖြူ - စလင်း - တပ်ဆောင် - ဆိပ်ဖြူ လမ်းပိုင်းအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသ ကြီး ရန်ပုံငွေဖြင့် မိုင်တိုင် (၁၂/၁) မှ (၁၂/၄) အတွင်း ကတ္တရာထပ်ပိုးလွှာခင်း ၂ ဖာလုံ၊ မိုင်တိုင် (၁၂/၆) မှ (၁၂/၇) အတွင်း ကတ္တရာလမ်းပေါက်များ ဖာထေး၍ ရေပိတ်လွှာလောင်းခြင်း ၁ ဖာလုံ ဆောင်ရွက်လျက် ရှိပါကြောင်း။

၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်၊ ပြည်ထောင်စုတိုင်းဒေသ ကြီး ရန်ပုံငွေတွင် မိုင်တိုင် (၁၄/၀) မှ (၁၄/၄) အထိ ၂၄ ပေအကျယ် လမ်းချဲ့၍ ကတ္တရာထပ်ပိုးလွှာခင်း ခြင်းနှင့် မြေနီအမာခံလမ်းပခုံးခင်းခြင်း ၄ ဖာလုံ၊ မိုင်တိုင် (၁၁/၆) မှ (၁၃/၁) အတွင်း ကတ္တရာ ထပ်ပိုး လွှာခင်းခြင်း ၅ ဖာလုံ ဆောင်ရွက်ရန် လျာထား ပါကြောင်း၊ မိုင်တိုင်(၁၁/၀)မှ (၁၄/၄)အတွင်း ကျန်ရှိ သော လမ်းပိုင်းများအား လမ်းချဲ့၍ ကတ္တရာထပ်ပိုး လွှာခင်းခြင်း၊ မြေနီအမာခံလမ်းပခုံးခင်းခြင်းနှင့် လမ်းပြုပြင် ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက် ရန် နှစ်စဉ်ရန်ပုံငွေ လျာထားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကယားပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁) ဦးဇော်မင်းထူး၏ **ကယားပြည်နယ် လွိုင်ကော်မြို့နယ် ကုန်းသာကျေးရွာအနီး လွိုင်ကော် - ပင်လောင်း - အောင်ပန်း လမ်းမကြီးပေါ်ရှိ မြောင်းဖြတ် တံတားအား အနီးစပ် ဆုံး ဘဏ္ဍာရေးနှစ်တွင် တိုးချဲ့ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယ ဝန်ကြီး ဦးမျိုးမြင့်က မြောင်းဖြတ်တံတားသည် ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲသော လမ်း ဖြစ်သည့် အောင်ပန်း - ပင်လောင်း - မိုးဗဲ့ - လွိုင်ကော်လမ်း မိုင်တိုင်(၈၇/၅) - ၈၇/(၆) အတွင်းတွင် တည်ရှိပါ ကြောင်း၊ ဆည်မြောင်းဦးစီးဌာနမှ ၁၉၇၁ ခုနှစ်မှ ယနေ့အထိ တာဝန်ယူဆောင်ရွက်သော ဟိုတာတမံမှ မြောင်းဖြတ်တံတားနေရာအထိ မြောင်းအရှည်ပေ ၇၈၀၀ ရှိပြီး မြောင်း၀အကျယ် ၉ ပေ၊ အောက်ခြေ အကျယ် ၃ ပေနှင့် မြောင်းအနက် ၄ ပေ ရှိပါကြောင်း၊ ရေပေးမြောင်းနှင့် ဆက်သွယ်ထားသော မြောင်းဖြတ် တံတားသည် ဆည်ရေသောက် နွေသီးနှံ ၈၊၈၀၀၊ မိုးသီးနှံ ၈၊၈၀၀ အတွက် အဆင်ပြေလုံလောက်မှု ရှိသော်လည်း ရေရှည်တွင် စိုက်ဧကများအား ပိုမို ရေပေးဝေနိုင်ရန်အတွက် အဆိုပါမြောင်းဖြတ်တံတား အား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်(ဖြည့်စွက်) ရန်ပုံငွေ တွင် တိုးချဲ့တည်ဆောက်နိုင်ရန် လျာထားသွား မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စား လှယ် အမှတ်(၁၂) ဒေါ်စိုးစိုးမြင့်၏ **ရန်ကုန် - နေပြည်တော် အမြန်လမ်းမကြီးကို နိုင်ငံတကာအဆင့်မီ အမြန်လမ်းမကြီးအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက် ပေးရန်နှင့် အဆင့်မြှင့်တင်နိုင်ခြင်း မရှိသေးမီကာလ အတွင်း လမ်းမျက်နှာပြင်၏ ချို့ယွင်းပျက်စီးမှုများကို စနစ်တကျစစ်ဆေး၍ လက်ရှိ Concrete Pavement အပေါ် ခေတ်မီနည်းပညာများနှင့်အညီ စနစ်တကျ Asphalt Overlay ခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးသည် ပြည်ထောင်စုမှ စီမံခန့်ခွဲသော လမ်းဖြစ်ပြီး ကတ္တရာကွန်ကရစ် လမ်းမိုင် အချို့း (၃၅) ရာခိုင်နှုန်း) နှင့် ကွန်ကရစ်လမ်း မိုင် အချို့း (၆၅) ရာခိုင်နှုန်း) ဖြစ်ပါကြောင်း၊ မိုင်တိုင် ၉၀/၀ မှ ၃၆၅/၃ အထိ အပိုင်းသည် မန္တလေးငလျင် ကြောင့် များစွာထိခိုက်ပျက်စီး ဆုံးရှုံးခဲ့ရသည့်အတွက် လုံးဝကွဲကြေပျက်စီးသွားသော ကွန်ကရစ်လမ်းအလွှာ များကို အသစ်ထပ်မံ အစားထိုးတည်ဆောက်ခဲ့ပါ ကြောင်း၊ ကျန်ရှိသော ကွန်ကရစ်လမ်းပိုင်းများလည်း အနိမ့်အမြင့်များဖြစ်ပေါ်ကာ မျက်နှာပြင်မညီညာ မှုများ ဖြစ်ပေါ်ခြင်း၊ အချို့သော လမ်းသား တာပေါင် အောက်များတွင်လည်း ခေတ်မီစမံသပ်စက်များဖြင့် စစ်ဆေးမှုများအရ ဂလိုင်းများဖြစ်ပေါ်နေခြင်း တွေ့ရှိ ရသည့်အတွက် လိုအပ်သော လမ်းသားဖြင့်တင်ခြင်း လုပ်ငန်းဖြစ်သည့် ဘိလပ်မြေအရောဖျော်ရည်မှတ်သွင်း ခြင်းအား ကွန်ကရစ်လမ်းသားအောက်တွင် ဆောင် ရွက်ပြီး ကွန်ကရစ်လမ်းပေါ်တွင် ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာခင်းခြင်းဖြင့် မူလအရည်အသွေးရရှိရန် ဆောင်ရွက်လျက် ရှိပါကြောင်း။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ၂၅ ပေ အကျယ် ကတ္တရာ ကွန်ကရစ်လမ်း အရည်အစုစုပေါင်း ၂၄၄ မိုင် ဆောင် ရွက်ပြီးဖြစ်ပါကြောင်း၊ ကတ္တရာကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို နှစ်အလိုက် ဘဏ္ဍာရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ခဲ့ရာ ၂၀၂၄-၂၀၂၅ နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်များတွင် တစ်နှစ်လျှင် ပျမ်းမျှ လမ်းအရှည် ၃၁ မိုင်ခန့် တိုးတက်ဆောင်ရွက် နိုင်ခဲ့ပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုမူလငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကတ္တရာ ကွန်ကရစ်လမ်း မိုင် ၅၀ ဆောင်ရွက်နိုင်မည်ဖြစ်ပါ ကြောင်း၊ ပြည်ထောင်စုငွေလုံးငွေရင်း (ဖြည့်စွက်) ရန်ပုံငွေဖြင့်လည်း ၆ မိုင် ၄ ဖာလုံ ဆောင်ရွက်ရန် လျာထားပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ၂၅ ပေအကျယ် ကတ္တရာကွန်ကရစ်လမ်းခင်း ခြင်းနှင့် ထပ်ပိုးလွှာခင်းခြင်း ၃၆ မိုင် ၄ ဖာလုံ ဆောင်ရွက်ရန် ရန်ပုံငွေလျာထားတောင်းခံထားပြီး ဖြစ်ပါကြောင်း။

မူလရည်မှန်းချက်ဖြစ်သော ပေ ၅၀ အကျယ် (နှစ်လမ်းသွား အသွား/အပြန်) လမ်းအရှည် ၃၆၅ မိုင် ၃ ဖာလုံ အားလုံးကတ္တရာကွန်ကရစ်လမ်း ဖြစ်မြောက်ရန် ကျန်ရှိသော လမ်းပိုင်းများအား ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင် (၇၈ မိုင် ၄ ဖာလုံ)၊

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှ

၂၀၂၉-၂၀၃၀ ဘဏ္ဍာနှစ်တွင် (၉၆ မိုင် ၇ ဖာလုံ)၊ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်တွင် (၇၅ မိုင် ၅ ဖာလုံ)၊ ၂၀၃၁-၂၀၃၂ ဘဏ္ဍာနှစ်တွင် (၅၄ မိုင် ၄ ဖာလုံ)၊ ၂၀၃၂-၂၀၃၃ ဘဏ္ဍာနှစ်တွင် (၇၂ မိုင် ၂ ဖာလုံ) ဆောင်ရွက်ရန် လျာထားသွားမည် ဖြစ်ပါကြောင်း။

ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရေးအတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် (ဖြည့်စွက်) ရန်ပုံငွေဖြင့် ဆိုလာမီးတိုင် ၁၅၅ တိုင်နှင့် ယာဉ်အမြန်နှုန်းပြ Screen အခု ၂၀၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် မူလငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆိုလာမီးတိုင် ၁၈၈ တိုင်နှင့် ယာဉ်အမြန်နှုန်းပြ Screen အခု ၂၀ ထပ်မံဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အကာအကွယ်တန်း (Guard Rail) များကိုလည်း အလားတူနေရာများတွင် ဦးစားပေး တပ်ဆင်ပေးလျက် ရှိပါကြောင်း။

CCTV Camera များအား Toll Plaza ခြောက်ခုတွင်သာ တပ်ဆင်ထားနိုင်ပြီး ကျန်နေရာများအား နှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆက်လက် တပ်ဆင်သွားနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ လမ်းတစ်လျှောက် အရေးပေါ်ယာဉ်ရပ်နားရန်နေရာများအတွက် ရန်ကုန်-နေပြည်တော်လမ်း ပိုင်းတွင် စုစုပေါင်း ရှစ်နေရာ လျာထားပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်(ဖြည့်စွက်)ရန်ပုံငွေဖြင့် ဆောင်ရွက် သွားမည် ဖြစ်ပါကြောင်း။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအား ပုဂ္ဂလိက ကဏ္ဍသို့ PPP စနစ်ဖြင့် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်စေရန် ကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ မန္တလေး-မိတ္ထီလာ လမ်းပိုင်းတွင် နေပြည်တော်-ကျောက်ဖြူလမ်း စီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် လည်းကောင်း၊ မိတ္ထီလာ - ဘောနတ်ကြီး(ပဲခူး) လမ်းပိုင်းတွင် အိန္ဒိယ-မြန်မာ-ထိုင်း (၃)နိုင်ငံ လမ်းစီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ်လည်းကောင်း၊ နိုင်ငံတကာချေးငွေ / ထောက်ပံ့ငွေတို့ဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်ရန် ပါဝင်လာနိုင်သည့် အခြေအနေရှိပါသဖြင့် လတ်တလော ပုဂ္ဂလိက ကဏ္ဍသို့ တာဝန်ပေးအပ်ဆောင်ရွက်ခြင်း မပြုနိုင်သေးသော အခြေအနေဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၈) ခွန်စောလွင်၏ **ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် ယမ်းတွင်းငါးကြောင်ကျေးရွာ အုပ်စု ပင်ဖြစ် - ဘုရားကုန်း - ဆတ်သေကျေးရွာ ချင်းဆက်လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် မူလအမာခံလမ်းမှ ၁၂ ပေအကျယ် ကတ္တရာလမ်းသစ်ခင်းခြင်း ၁ ဖာလုံ၊ လမ်းအနိမ့်အမြင့်ဖြေညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း ၁ ဖာလုံနှင့် လမ်းပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် အမာခံလမ်းပြုပြင်ခြင်း ၁ ဒသမ ၅ ဖာလုံ၊ လမ်းအနိမ့်အမြင့်ဖြေညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း ၁ ဖာလုံနှင့် လမ်းပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လျာထားပါကြောင်း၊ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ရန် ကျန်ရှိသော အမာခံလမ်းပိုင်းများအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ (ဖြည့်စွက်) ရန်ပုံငွေမှစတင်၍ နှစ်အလိုက် ရန်ပုံငွေ လျာထားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အပိုင်း အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောတူသဖြင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အပိုင်း အတည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၀) ဦးကျော်ကျော်လတ်၏ **မြန်မာနိုင်ငံတွင် ခေတ်မီပြီး ဘက်စုံလွှမ်းခြုံနိုင်သော တစ်ဝစည်းတည်းသော ကိုယ်ရေးအချက်အလက် ကာကွယ်ရေးဥပဒေ (Personal Data Protection Law) တစ်ရပ်အား အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးပြည့်ဖြိုးစိုက ကိုယ်ရေးအချက်အလက် ကာကွယ်ရေးဥပဒေ ပြဋ္ဌာန်းခြင်း သည် နည်းပညာပိုင်းဆိုင်ရာ ကိစ္စမဟုတ်ပါကြောင်း၊ တည်ဆဲ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေနှင့် ဆိုက်ဘာလုံခြုံရေးဥပဒေတို့ ရှိပြီးဖြစ်၍ သီးခြားဥပဒေမလိုအပ်ဟု ယူဆစရာရှိနိုင်ပါကြောင်း၊ သို့သော်လည်း ဆိုက်ဘာလုံခြုံရေးဥပဒေသည် နည်းပညာစနစ်နှင့် ကွန်ရက်များကို ပြင်ပဝင်ရိုက်ခိုက်မှုမှ ကာကွယ်ရန်သာ အဓိကထားပါကြောင်း။

ထို့ကြောင့် ကိုယ်ရေးအချက်အလက် ကာကွယ်ရေးဥပဒေသစ်ကို ရေးဆွဲပြဋ္ဌာန်းသည့်အခါ သီခြားလွတ်လပ်သည့် ကော်မရှင်ဖွဲ့စည်းခြင်း၊ အချိုးကျဒဏ်ကြေးနှင့် လျော်ကြေးပေးရေး၊ Data Protection Officer (DPO) ခန့်အပ်ရေး၊ အစိုးရဌာနများပါ အကျုံးဝင်စေရေးတို့ကို ထည့်သွင်းသင့်ပါကြောင်း၊ ယင်းအချက်များကို ထည့်သွင်းစေခြင်းဖြင့် ပြည်တွင်း MSME လုပ်ငန်းများသည် နိုင်ငံတကာနှင့် ဒေတာချိတ်ဆက်လုပ်ကိုင်နိုင်မည်ဖြစ်သကဲ့သို့ ဒေတာမှောင်ခိုရောင်းချမှုများကို တားဆီးနိုင်ပြီး အွန်လိုင်းငွေကြေး လိမ်လည်မှုများကိုပါ အထိုက်အလျောက် လျော့နည်းသွားစေမည်ဟု ထင်မြင်မိပါကြောင်း၊ နိုင်ငံတော်လုံခြုံရေးကို ထိန်းသိမ်းနိုင်သကဲ့သို့ ပြည်သူလူထု၏ မူလအခွင့်အရေးများကိုလည်း အပြည့်အဝ ကာကွယ်ပေးနိုင်ပြီး နိုင်ငံတကာစံနှုန်းမီ ဒီဂျစ်တယ်စီးပွားရေးစနစ် တည်ဆောက်နိုင်ရန်အတွက် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၈) ဦးကြည်လင်းထက်က ကိုယ်ရေးအချက်အလက်ဆိုသည်မှာ အခြားသူများက စုဆောင်း၊ အသုံးပြု၊ မျှဝေနိုင်သည့် ဒြပ်မဲ့ပစ္စည်းတစ်ခု မဟုတ်ပါကြောင်း၊ အချက်အလက်ပိုင်ရှင်များအတွက် မိမိ၏ အချက်အလက်ကိုသိရှိခွင့်၊ မှားယွင်းနေပါက ပြင်ဆင်ခွင့်၊ သတ်မှတ်ချက်များနှင့်အညီ ပယ်ဖျက်ခွင့်၊ အသုံးပြုမှုအတွက် ရှင်းလင်းသော သဘောတူညီချက်ပေးခွင့်တို့ကို ဥပဒေအရ အာမခံပေးရန် လိုအပ်လာပါကြောင်း၊ ယင်းအချက်သည် နိုင်ငံသားများ၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို လက်တွေ့ကျကျ ကာကွယ်ပေးနိုင်မည့် အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ လက်ရှိတွင် သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ဥပဒေများ၊ ဆက်သွယ်ရေးဆိုင်ရာ ဥပဒေများနှင့် အခြားသက်ဆိုင်ရာ စည်းမျဉ်းများရှိနေသော်လည်း ကိုယ်ရေးအချက်အလက်များကို ဘက်စုံလွှမ်းခြုံသော ဥပဒေတစ်ရပ်ဖြင့် စနစ်တကျ သတ်မှတ်ပေးရန် လိုအပ်နေပါကြောင်း။

ထို့ကြောင့် Personal Data Protection Law သည် လက်ရှိဥပဒေများကို အစားထိုးရန်သာမက သက်ဆိုင်ရာဥပဒေများအကြား ချိတ်ဆက်ညှိနှိုင်းပေးနိုင်သည့် အဓိကဥပဒေတစ်ရပ် ဖြစ်သင့်ပါကြောင်း၊ ဥပဒေကို ရေးဆွဲပြဋ္ဌာန်းရာတွင် လွတ်လပ်၍ အမှီအခို ကင်းသော Data Protection Authority တစ်ရပ် ဖွဲ့စည်းပေးရန်လည်း လိုအပ်ပါကြောင်း၊ ဥပဒေသည် လုံခြုံရေးကိုသာ အလေးထားသော Security-Centric ပုံစံမဟုတ်ဘဲ နိုင်ငံသားဒေါ်လာကိုယ်ပိုင်လွတ်လပ်ခွင့်ကို အခြေခံသည့် Privacy-Centric ပုံစံဖြစ်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ကိုယ်ရေးအချက်အလက် ကာကွယ်ရေးဥပဒေသည် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက နိုင်ငံသားအခွင့်အရေး၊ တရားဥပဒေဖိုးမိုးရေးနှင့် နိုင်ငံတော်၏ အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သော ဥပဒေတစ်ရပ်ဖြစ်သည့်အတွက် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၈) ဦးရဲထွဋ်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂) ဦးခဲချိန်နှင့် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဒေါ်နီနီမာ တို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် ယင်းအဆိုနှင့်စပ်လျဉ်း၍ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်က အများပြည်သူများ၏ ကိုယ်ရေးအချက်အလက်များကို ကာကွယ်ရန်အတွက် ကိုယ်ရေးအချက်အလက် ကာကွယ်ရေးဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်မည်ဆိုပါက အစိုးရဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စားသုံးသူများအကြား အပြန်အလှန် ယုံကြည်မှုရှိသော ဒီဂျစ်တယ်ဂေဟစနစ် တည်ဆောက်နိုင်ရေးကို အထောက်အကူပြုပြီး ဒီဂျစ်တယ်စီးပွားရေး၏ အကျိုးကျေးဇူးများကို ဘေးကင်းလုံခြုံစွာ အပြည့်အဝခံစားနိုင်မည် ဖြစ်ပါကြောင်း၊ ကိုယ်ရေးအချက်အလက် ကာကွယ်ရေးဥပဒေပြဋ္ဌာန်းမည်ဆိုပါက မြန်မာနိုင်ငံ၏ လက်ရှိတည်ဆဲဥပဒေများဖြစ်သော အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ၊ ဆက်သွယ်ရေး ဥပဒေ၊ ဆိုက်ဘာလုံခြုံရေးဥပဒေများကဲ့သို့ ဆက်စပ်ဥပဒေများနှင့် မဆန့်ကျင်ဘဲ ဟန်ချက်ညီ ပေါင်းစပ်ရေးဆွဲရန် လိုအပ်မည် ဖြစ်ပါကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ပြည်သူများ၏ ကိုယ်ရေးအချက်အလက်ကို ထိထိရောက်ရောက်နှင့် လျင်လျင်မြန်မြန် ကာကွယ်နိုင်ရန်အတွက် ကိုယ်ရေးအချက်အလက် ကာကွယ်ရေးနည်းဥပဒေ (Personal Data Protection Regulation) တစ်ရပ်ကို အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများ၏ ကိုယ်ရေးဆိုင်ရာ အချက်အလက်များကို ထိရောက်စွာ ကာကွယ်နိုင်ရန်အတွက် ကိုယ်ရေးဆိုင်ရာ အချက်အလက်ကာကွယ်ခြင်း နည်းဥပဒေကို အခန်း (၉) ခန်းဖြင့် ပြုစုရေးဆွဲလျက်ရှိပါကြောင်း။

အဆိုပါ နည်းဥပဒေမူကြမ်းတွင် ကိုယ်ရေးဆိုင်ရာ အချက်အလက်ပိုင်ရှင်၏ သဘောတူညီချက်နှင့် အခွင့်အရေးများကို သီးခြားအခန်းတစ်ခုအနေဖြင့် ထည့်သွင်းရေးဆွဲထားပြီး ကိုယ်ရေးဆိုင်ရာ အချက်အလက်ပိုင်ရှင်၏ အချက်အလက်များကို ကောက်ခံသည့်အခါ အတင်းအကျပ်ပြုမှု၊ မသင့်လျော်သော လွှမ်းမိုးမှုမျှမပြုဘဲ လွတ်လပ်သောဆန္ဒဖြင့် ပေးအပ်ခြင်းဖြစ်ရန်နှင့် အချက်အလက် ကောက်ခံရခြင်း၏ ရည်ရွယ်ချက်၊ နည်းလမ်း၊ အသုံးပြုရမည့် အခြေအနေ၊ သက်ဆိုင်ရာ အခွင့်အလမ်းများကို ကြိုတင် အသိပေးပြီးမှ တောင်းခံရန် စသည့်အချက်များ ပါဝင်ပါကြောင်း။

ထို့ပြင် အချက်အလက်များ စီမံထိန်းသိမ်းထားမှုနှင့်စပ်လျဉ်း၍ စီစစ်သိရှိခွင့်၊ ကြည့်ရှုခွင့်နှင့် မိတ္တူတောင်းခံရယူခွင့် စသည့်အချက်များကို ထည့်သွင်းထားပြီး မလိုအပ်ဘဲ သို့မဟုတ် မလျော်ကန်စွာ ထိန်းသိမ်းထားသည့် အချက်အလက်များကို ဖျက်သိမ်းပေးရန် တောင်းဆိုခြင်း၊ အခြားဝန်ဆောင်မှု ပေးသူထံသို့ လွှဲပြောင်းရန် တောင်းဆိုခြင်းအပြင် အချက်အလက် စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ အသုံးပြုခြင်းတို့ကိုပါ ကန့်ကွက်ငြင်းပယ်ခွင့် စသည့် အချက်အလက်များကို ထည့်သွင်းရေးဆွဲထားပါကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် အပြီးသတ် ညှိနှိုင်းဆောင်ရွက်မှုများ ပြီးစီးပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပြီး ခေတ်မီ၍ ဘက်စုံလွှမ်းခြုံနိုင်သော တစ်တစည်းတည်း ကိုယ်ရေးအချက်အလက် ကာကွယ်ရေး နည်းဥပဒေတစ်ရပ်အနေဖြင့် လျင်မြန်စွာပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်နေပါကြောင်း။

ဥပဒေတစ်ရပ်အနေဖြင့် သီးခြားပြဋ္ဌာန်းမည် ဆိုပါက ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပြန်လည်ညှိနှိုင်းခြင်း၊ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာတို့၏ သဘောထားမှတ်ချက်များ ရယူခြင်းစသည့် လုပ်ငန်းစဉ်များအပြင် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ အခန်း (၁၀) ပါ ပြဋ္ဌာန်းချက်များနှင့် ဆက်စပ်ပုဒ်မများကို ရုပ်သိမ်း၍ ပြင်ဆင်ခြင်း လုပ်ငန်းစဉ်များကို ပြန်လည်လုပ်ဆောင်ရမည် ဖြစ်ပါကြောင်း၊ ဥပဒေပြဋ္ဌာန်းနိုင်မည့် အချိန်ကာလသည် နည်းဥပဒေပြဋ္ဌာန်းနိုင်မည့် အချိန်ကာလထက် ပိုမို အချိန်ယူ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ရှင်းလင်း ဆွေးနွေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားအား မေးမြန်းရာ အဆိုရှင်က အဆိုအား အတည်ပြုပေးပါရန် ပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုအားအတည်ပြုရန် လွှတ်တော်၏ သဘောထား ရယူရာ သဘောတူသဖြင့် အဆိုအား အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက်တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၆ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့

❖ *ကျောက်ဖုံးမှ*

အဆိုပါ အဆင့်သတ်မှတ်ချက်တွင် ဩစတြေးလျှက ထိပ်ဆုံး၌ ရပ်တည်နေပြီး ဂျပန်၊ မြောက်ကိုရီးယား၊ တရုတ်နှင့် တောင်ကိုရီးယားတို့က အစဉ်လိုက် ရပ်တည်နေကြသည်။ အာဆီယံနိုင်ငံများအနက် မြန်မာနိုင်ငံသည် ဗီယက်နမ် (အဆင့် ၆) နှင့် ဖိလစ်ပိုင်(အဆင့် ၈) တို့နောက် တတိယမြောက် အဆင့်အမြင့်ဆုံးနိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ MA Ranking ကို ကလပ်အသင်းများ၏ Club Points (၇၀ ရာခိုင်နှုန်း) နှင့် လက်ရွေးစင် အသင်း၏ FIFA Ranking (၃၀ ရာခိုင်နှုန်း) တို့ကို ပေါင်းစပ်တွက်ချက် ထားခြင်းဖြစ်ပြီး လာမည့် ၂၀၂၇-၂၀၂၈ ရာသီ AFC Women's Champions League ဝင်ခွင့်နေရာများ သတ်မှတ်ရာတွင် အဓိကအရေးပါမည်ဖြစ်သည်။

ထို့ပြင် ၂၀၂၆-၂၀၂၇ ရာသီ Single Season အဆင့် သတ်မှတ်ချက်များတွင် မြန်မာနိုင်ငံက အဆင့် (၈) နှင့် ခြေစစ်ပွဲသုံးပွဲစလုံး အနိုင်ရကာ အုပ်စုအဆင့်သို့ တက်ရောက်နိုင်ခဲ့သည့် Ayeyawady FC အမျိုးသမီးအသင်းက ကလပ်အသင်းလိုက် Single Season တွင် အဆင့် (၉) နေရာတို့၌ အသီးသီးရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

နေမျိုး

** ကျောက်ဖုံးမှ*

ဗဟန်းကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်တွင် စစ်ကိုင်းယူနိုက်တက် အသင်းက ဧရာဝတီယူနိုက်တက် အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ စစ်ကိုင်းအသင်း အတွက် အနိုင်ဂိုးများကို ၁၂ မိနစ် တွင် စိုးမင်းခန့်နှင့် ၆၁ မိနစ်တွင် ပိုင်သက်ဦး(ပယ်နယ်တီ) တို့က သွင်းယူပေးခဲ့သည်။ ဧရာဝတီ အသင်းအတွက် ချေဝဂိုးတစ်ဂိုးကို ၅၂ မိနစ်တွင် ကောင်းမြတ်စံက သွင်းယူပေးခဲ့သည်။

YUSC ကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်တွင် ဒဂုံစတားယူနိုက်တက် အသင်းက ရန်ကုန်စီးတီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဒဂုံစတားယူနိုက်တက် အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၅၆ မိနစ်တွင် ညီနိုင်က သွင်းယူခဲ့သည်။ ဒဂုံစတားယူနိုက်တက်အသင်းသည် လက်ရှိ အဆင့် (၂)နေရာ၌ ရပ်တည်လျက်ရှိပြီး ယခုရာသီ ပွဲစဉ်များအပြီးတွင် အနိမ့်ဆုံး တတိယနေရာရရှိမည်ဖြစ်သည်။

အပတ်စဉ်(၂၃) နောက်ဆုံး ပွဲစဉ်အဖြစ် နိုဝင်ဘာ ၁၄ ရက်တွင် သီဟဒီပကွင်း၌ FALCON အသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

နေမျိုး
ဓာတ်ပုံ-ML

Smart City နည်းပညာဖြင့် မြို့ပြစွမ်းအင်ချွေတာ စီမံခန့်ခွဲခြင်း

(နိုဝင်ဘာ ၁၁ ရက်နေ့မှအဆက်)

သယ်ယူပို့ဆောင်ရေးကဏ္ဍတွင်လည်း လျှပ်စစ်ယာဉ်များ(EVs)သုံးစွဲမှု မြင့်တက်လာမှုနှင့်အတူ EV အားသွင်းစနစ်များကို စမတ်ဂရစ်နှင့် အပြန်အလှန် ချိတ်ဆက်ထားသည်။ Vehicle to Grid (V2G) နည်းပညာဖြင့် EV ယာဉ်ပိုင်ရှင်များသည် ညဘက် လျှပ်စစ်ဈေးသက်သာချိန်တွင် ဘက်ထရီများကို အားသွင်းထားပြီး နေ့လယ်ဘက် စွမ်းအင်လိုအပ်ချက်မြင့်မား၍ လျှပ်စစ်ဈေးကြီးချိန်တွင် မိမိကား ဘက်ထရီများအတွင်း သိုလှောင်ထားသော လျှပ်စစ်ကို မဟာဓာတ်အားလိုင်းသို့ ပြန်လည်ရောင်းချပေးသွင်းနိုင်သည်။ ဤစနစ်သည် မြို့ပြစွမ်းအင်တည်ငြိမ်မှုကို ကြီးမားစွာ အထောက်အကူပြုစေရုံသာမက ပြည်သူများအတွက်လည်း ဝင်ငွေပြန်လည်ရရှိစေနိုင်သော စနစ်ဖြစ်သည်။

မြို့ပြသန့်ရှင်းရေးနှင့် စွန့်ပစ်အမှိုက်မှ စွမ်းအင်ထုတ်လုပ်ခြင်း

စမတ်မြို့ပြတစ်ခုစ၏ စွမ်းအင်စီမံခန့်ခွဲမှုသည် လျှပ်စစ်မီးတစ်ခုတည်းကိုသာ ဆိုလိုခြင်းမဟုတ်ဘဲ စည်ပင်သာယာရေး လုပ်ငန်းစဉ်များဖြစ်သည့် အမှိုက်သိမ်းဆည်းခြင်းနှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတို့နှင့်လည်း တိုက်ရိုက်ဆက်စပ်နေသည်။ စမတ်အမှိုက်ပုံးများတွင် အမှိုက်ပြည့် မပြည့်ကို တိုင်းတာပေးသည့် ဆင်ဆာများတပ်ဆင်ထားပြီး အမှိုက်ကားများ၏ သွားလာရမည့် လမ်းကြောင်းကို အတိုဆုံးနှင့် ဆီကုန်သက်သာဆုံးဖြစ်အောင် AI ဖြင့် တွက်ချက်ပေးသည်။

ထို့ပြင် စွန့်ပစ်အမှိုက်များကို သိပ်ပုံနည်းကျ စီမံခန့်ခွဲရာတွင် အမှိုက်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့်စနစ်ကို အသုံးပြုလာကြသည်။ ဇီဝဓာတ်ငွေ့ထုတ်လုပ်ခြင်း သို့မဟုတ် အမှိုက်များကို ခေတ်မီမီးရှို့စက်များဖြင့် လောင်ကျွမ်းစေပြီး ထွက်ပေါ်လာသော အပူစွမ်းအင်မှ လျှပ်စစ်ဓာတ်အားအဖြစ် ပြောင်းလဲကာ မြို့ပြစမတ်ဂရစ် အတွင်းသို့ ပြန်လည်ဖြည့်တင်းပေးခြင်းဖြင့် အမှိုက်ပြဿနာကို ဖြေရှင်းနိုင်သည့်အပြင် စွမ်းအင် အရင်းအမြစ်သစ်ကိုပါ ဖန်တီးနိုင်မည်ဖြစ်သည်။

ရေ၊ သန့်ရှင်းရေးနှင့် စွမ်းအင်ချိတ်ဆက်မှု

မြို့ပြများ၏ ရေပေးဝေရေးနှင့် ရေဆိုးထုတ် စနစ်များသည် အလွန်များပြားသော လျှပ်စစ် စွမ်းအင်ကို သုံးစွဲရသည်။ ရေစုပ်စက်ကြီးများ လည်ပတ်ခြင်း၊ ရေဆိုးသန့်စင်ခြင်းနှင့် သောက် ရေသန့်အတွက် ကလိုရင်းခတ်ခြင်းကဲ့သို့သော ရေသန့်စင်မှုလုပ်ငန်းစဉ်များတွင် စွမ်းအင်အမြောက် အမြား လိုအပ်ပါသည်။ စမတ်မြို့ပြများတွင် SCADA (Supervisory Control and Data Acquisition) စနစ်များနှင့် စမတ်ရေစုပ်စက်များကို အသုံးပြုခြင်းဖြင့် ရေပိုက်လိုင်းများအတွင်း ဖိအားကို အလိုအလျောက်ထိန်းညှိပေးကာ ရေစုပ်စက်များ၏ လျှပ်စစ်သုံးစွဲမှုကို ကြီးမားစွာလျှော့ချနိုင်သည်။ ထို့ပြင် ရေဆိုးသန့်စင်စက်ရုံများမှ ထွက်ရှိလာသော ဇီဝဓာတ်ငွေ့များကိုအသုံးပြု၍ စက်ရုံကိုယ်တိုင်အတွက် လိုအပ်သောလျှပ်စစ်ကို ပြန်လည်ထုတ်လုပ်သုံးစွဲသည့် စနစ်များကြောင့် ပြည်သူ့ကျန်းမာရေးနှင့် မြို့ပြရေစီးဆင်းမှုစနစ်ကို ပိုမို ကောင်းမွန်စေသည့်အပြင် မြို့တော်အုပ်ချုပ်ရေးယန္တရားများအတွက် ကြီးမားသော ဘဏ္ဍာရေးသက်သာမှုကိုပါ ဖြစ်ပေါ်စေပါသည်။

မူဝါဒဆိုင်ရာနှင့် အုပ်ချုပ်ရေးယန္တရားများ

နည်းပညာများ မည်မျှပင် တိုးတက်နေစေကာမူ ထိရောက်သော အုပ်ချုပ်ရေးနှင့် မူဝါဒများမရှိလျှင် စမတ်မြို့ပြ စွမ်းအင်စီမံခန့်ခွဲမှုသည် အောင်မြင်နိုင်မည်မဟုတ်ပေ။ မြို့တော်စည်ပင်သာယာရေး



တောင်ကိုရီးယားနိုင်ငံ ဆုန်းဒို (Songdo) မြို့။

ကော်မတီများ၊ ကျန်းမာရေးနှင့် အင်ဂျင်နီယာဌာနများအနေဖြင့် မူဝါဒပိုင်းဆိုင်ရာ ခိုင်မာသော အရေးယူ ဆောင်ရွက်မှုများနှင့် ရေရှည်မဟာဗျူဟာများကို ချမှတ်ရန်လိုအပ်သည်။ အဆောက်အအုံသစ်များ တည်ဆောက်ရာတွင် Green Building စံချိန်စံညွှန်းများ သတ်မှတ်ပေးခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲသူများကို အခွန်သက်သာခွင့်များပေးခြင်း၊ ပြည်သူများအကြား စွမ်းအင်ချွေတာရေး အသိပညာပေးလှုံ့ဆော်မှုများ ပြုလုပ်ခြင်းတို့ကို စနစ်တကျ အကောင်အထည်ဖော်ရမည်ဖြစ်သည်။ ထို့ပြင် မူဝါဒများရေးဆွဲရာတွင် ပြည်သူ့အကျိုးပြုအုပ်ချုပ်ရေးပုံစံများကို ဖော်ဆောင်ပြီး သက်ဆိုင်ရာ အဖွဲ့အစည်းများတွင် တာဝန်ရှိသူများ ပူးပေါင်းပါဝင်သည့်ယန္တရားကို တည်ဆောက်ရပါမည်။

နိုင်ငံတကာ ဖြစ်ရပ်လေ့လာချက်များ

ကမ္ဘာ့ထိပ်တန်းမြို့ကြီးများသည် စမတ်စွမ်းအင်စီမံခန့်ခွဲမှုကို အောင်မြင်စွာ အကောင်အထည်ဖော်လျက်ရှိသည်-

တိုကျိုမြို့ ဂျပန်နိုင်ငံ

ဂျပန်နိုင်ငံ တိုကျိုမြို့သည် နဂိုကတည်းက စွမ်းအင်အကျိုးရှိစွာ သုံးစွဲမှုတွင် ထိပ်တန်းရောက် သော်လည်း စမတ်ဂရစ်နှင့် BEMS နည်းပညာများကို မြို့တစ်ခွင် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ခဲ့သည်။ တိုကျိုမြို့တော်အစိုးရသည် စမတ်မီတာကွန်ရက်များကို အိမ်ခြေသန်းပေါင်း များစွာတွင် တပ်ဆင်ခဲ့ပြီး စွမ်းအင်သုံးစွဲမှု အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ တိုင်းတာခဲ့သည်။ တိုကျိုမြို့၏ Cap-and-Trade စနစ်နှင့် စမတ်အဆောက်အအုံမူဝါဒများကြောင့် အကြီးစား အဆောက်အအုံများမှ ကာဗွန်ထုတ်လွှတ်မှုနှင့် စွမ်းအင်သုံးစွဲမှုကို ၂၅ ရာခိုင်နှုန်းကျော် လျှော့ချနိုင်ခဲ့သည်။ တိုကျိုမြို့၏ စမတ်မြို့ပြစွမ်းအင်စနစ်သည် အာရှရှိမြို့ကြီးများအတွက် အကောင်းဆုံး စံနမူနာတစ်ခုဖြစ်သည်။

ဘာစီလိုနာမြို့ စပိန်နိုင်ငံ

စပိန်နိုင်ငံ ဘာစီလိုနာမြို့သည် ဥရောပတွင် စမတ်မြို့ပြနည်းပညာဖြင့် စွမ်းအင်နှင့် ရေအရင်းအမြစ်ကို အထိရောက်ဆုံး စီမံခန့်ခွဲနိုင်ခဲ့သည့် မြို့တစ်မြို့ဖြစ်သည်။ ဘာစီလိုနာမြို့သည် LED လမ်းမီးများတွင် IoT အာရုံခံဆင်ဆာများကို ထည့်သွင်းတပ်ဆင်ခဲ့ပြီး မြို့လုံးကျွတ် စမတ်လမ်းမီးကွန်ရက်ကို ဖန်တီးခဲ့သည်။ အဆိုပါ စမတ်လမ်းမီးများသည် စွမ်းအင်ချွေတာပေးရုံတင်မကဘဲ Wi-Fi Hotspots များ၊ လေထုအရည်အသွေး တိုင်းတာသည့်ဆင်ဆာများနှင့် ဆက်သွယ်ရေးကွန်ရက် အဖြစ်ပါ ပူးတွဲအသုံးပြုနိုင်ခဲ့သည်။ စမတ်လမ်းမီးစနစ် တစ်ခုတည်းမှပင် ဘာစီလိုနာမြို့သည် နှစ်စဉ် လျှပ်စစ်ဓာတ်အား ၃၆ ရာခိုင်နှုန်းကျော်ကို သက်သာစေခဲ့သည်။

ဆုန်းဒို်မြို့ တောင်ကိုရီးယားနိုင်ငံ

တောင်ကိုရီးယားနိုင်ငံရှိ ဆုန်းဒို(Songdo) အင်တာနေရှင်နယ် စီးပွားရေးမြို့သစ်သည် စီမံကိန်းရေးဆွဲစဉ်ကတည်းက Smart City အဖြစ် သီးသန့် တည်ဆောက်ခဲ့သော မြို့ဖြစ်သည်။ မြို့တစ်ခုလုံးရှိ အဆောက်အအုံများ၊ လမ်းမီးများ၊ သယ်ယူပို့ဆောင်ရေးစနစ်များကို စမတ်ကွန်ရက်တစ်ခုတည်းဖြင့် ချိတ်ဆက်ထားသည်။ ဆုန်းဒို်မြို့တွင် အမှိုက်ဖွန့်ပစ်မှုစနစ်ကို ပိုက်လိုင်းမှတစ်ဆင့် အလိုအလျောက် စုပ်ယူကာ စွမ်းအင်အဖြစ် ပြန်လည်ပြောင်းလဲသည့် စနစ်များ၊ သီးသန့် BEMS စနစ်ဖြင့် အပူပေးစနစ်နှင့် လျှပ်စစ်ကို ထိန်းချုပ်သည့် အဆောက်အအုံများ ပါဝင်သည်။ ထို့ကြောင့် ဆုန်းဒို်မြို့သည် သာမန်မြို့ကြီးများနှင့် နှိုင်းယှဉ်ပါက စွမ်းအင်သုံးစွဲမှု ၃၀ ရာခိုင်နှုန်း လျော့ချနိုင်ခဲ့ပြီး ကမ္ဘာ့စိမ်းလန်းဆုံး စမတ် မြို့ပြတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

ရှန်ဟိုင်းမြို့ တရုတ်နိုင်ငံ

ရှန်ဟိုင်းမြို့သည် ကမ္ဘာ့အကြီးဆုံး စမတ်မဟာဓာတ်အားလိုင်းများကို တည်ဆောက်ထားပြီး AI နည်းပညာဖြင့် မြို့ပြတစ်ခုလုံး၏ စွမ်းအင်စီးဆင်းမှုကို တစ်စက္ကန့်ချင်းစီအလိုက် စောင့်ကြည့် ထိန်းချုပ်လျက်ရှိသည်။ စက်ရုံများနှင့် လူနေအိမ်ရာများအကြား လျှပ်စစ်လိုအပ်ချက်ကို AI ဖြင့် အလိုအလျောက် ခွဲဝေပေးခြင်းဖြင့် ကြီးမားသော ဓာတ်အားပြတ်တောက်မှုများကို အပြည့်အဝ ကာကွယ်ထားနိုင်သည်။

စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ

Smart City နည်းပညာဖြင့် မြို့ပြစွမ်းအင် စီမံခန့်ခွဲရာတွင် များစွာသော အကျိုးကျေးဇူးများ ရှိသကဲ့သို့ စိန်ခေါ်မှုများလည်း ကြီးမားစွာရှိနေသည်။ ပထမဆုံးစိန်ခေါ်မှုမှာ IoT ဆင်ဆာများ၊ စမတ် မီတာများနှင့် AI ကွန်ရက်များ တည်ဆောက်ရန် အတွက် ကနဦးတည်ဆောက်ရေးစရိတ် အလွန် မြင့်မားခြင်းဖြစ်သည်။ ထို့ပြင် မြို့ပြအချက်အလက် များကို အင်တာနက်ပေါ်တွင် အမြဲတမ်းချိတ်ဆက် ထားသည့်အတွက် ဟက်ကာများ၏ ဆိုက်ဘာ တိုက်ခိုက်မှုခံရနိုင်ခြေရှိပြီး ပြည်သူများ၏ ကိုယ်ရေး အချက်အလက်ကာကွယ်ရေးဆိုင်ရာ စိန်ခေါ်မှုများလည်း ရှိလာသည်။

စနစ်များ ချိတ်ဆက်ရာတွင်လည်း ကုမ္ပဏီ အမျိုးမျိုးမှ ထုတ်လုပ်သောပစ္စည်းများဖြစ်၍ နည်းပညာစံနှုန်းများ မတူညီခြင်းသည်လည်း အဟန့်အတားတစ်ခုဖြစ်သည်။ သို့သော်လည်း အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း မော်ဒယ်များကို အသုံးပြုခြင်း၊ နည်းပညာ ကုန်ကျစရိတ်များ တဖြည်းဖြည်း လျော့နည်းလာခြင်းနှင့် 5G/6G ဆက်သွယ်ရေးကွန်ရက်များ ကျယ်ပြန့်လာခြင်းတို့ကြောင့် ဤစိန်ခေါ်မှုများကို ကျော်လွှားနိုင်မည်ဖြစ်သည်။ စမတ်စွမ်းအင်စီမံခန့်ခွဲမှုသည် ရေရှည်တွင် ကုန်ကျစရိတ်ကို သက်သာစေရုံတင် မကဘဲ မြို့ပြ၏ သဘာဝပတ်ဝန်းကျင်နှင့် ပြည်သူများ၏ လူနေမှုအဆင့်အတန်းကို တိုးတက်စေမည့် သာလွန်ဆန်းသစ်သော အခွင့်အလမ်းများကို ဆောင်ကြဉ်းပေးလျက်ရှိသည်။

နိဂုံးချုပ်အနေဖြင့် အနာဂတ်မြို့ပြများ ရေရှည် တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတကာစံချိန်စံညွှန်းမီ မြို့တော်များ တည်ဆောက်ရေးအတွက် Smart City နည်းပညာများဖြင့် စွမ်းအင်စီမံခန့်ခွဲခြင်း သည် ရှောင်လွှဲ၍မရသော မဟာဗျူဟာဖြစ်ပါသည်။ IoT၊ AI၊ စမတ်ဂရစ်၊ BEMS နည်းပညာများနှင့်အတူ ရေ၊ အမှိုက်၊ သယ်ယူပို့ဆောင်ရေးနှင့် ပြည်သူ့ကျန်းမာရေးစနစ်များကိုပါ ပေါင်းစပ်အသုံးပြုခြင်း ဖြင့် မြို့ပြစွမ်းအင်လေလွင့်မှုကို အနည်းဆုံးအထိ လျှော့ချနိုင်ပြီး စိမ်းလန်းသန့်ရှင်းသော စွမ်းအင် အသုံးပြုမှုကို မြှင့်တင်နိုင်မည်ဖြစ်သည်။ အစိုးရများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီများ၊ ကျန်းမာရေးနှင့် အင်ဂျင်နီယာပညာရှင်များ၊ နည်းပညာကုမ္ပဏီများနှင့် ပြည်သူများအားလုံး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ ဘေးကင်းလုံခြုံ၍ စွမ်းအင်ချွေတာသော စမတ်မြို့ပြ အနာဂတ်ကို အောင်မြင်စွာ တည်ဆောက်နိုင်မည် ဖြစ်ပါသည်။

ဝေဖြိုးအောင်

ကိုးကားစာရင်း

၁။ International Energy Agency (IEA) – Smart Cities and Energy Systems: https://www.iea.org/reports/smart-cities.

၂။ European Commission – Smart Cities and Energy Efficiency: https:// energy.ec.europa.eu/topics/smart-cities_en.

၃။ IEEE Xplore – IoT and Smart Grid Energy Management in Modern Cities: https:// ieeexplore.ieee.org/document/smart-grid-energy.

၄။ World Economic Forum (WEF) – Harnessing Artificial Intelligence for Smart Energy: https://www.weforum.org/reports/ai-smart-energy-cities.

၅။ U.S. Department of Energy (DOE) – Building Energy Management Systems (BEMS): https://www.energy.gov/eere/buildings/building-energy-management-systems.

၆။ World Bank. (2021). Urban Energy Management and Smart Infrastructure Financing. Washington, DC.

၇။ United Nations Human Settlements Programme (UN-Habitat). (2022). World Cities Report: Envisaging the Future of Cities.

၈။ Singapore Housing & Development Board (HDB). (2023). Smart HDB Town Framework and Green Plan 2030.

၉။ McKinsey & Company. (2018). Smart Cities: Digital Solutions for a More Livable Future.

၁၀။Lee, S., & Kim, J. (2020). Songdo International Business District: The Journey to a Sustainable Smart City. Journal of Urban Technology.

ဒုတိယအကြိမ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၃

ဒုတိယအကြိမ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအရ လျှောက်ထားသည့် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်ဝန်ကြီးဌာနများသို့ သဘောထား တောင်းခံရာတွင် ကြန့်ကြာမှု မရှိစေရေးအတွက် ဗဟိုကော်မတီအဖွဲ့ဝင်များအနေဖြင့် မိမိတို့ဝန်ကြီးဌာနရုံးအဖွဲ့များအား ဆောလျင်စွာပြန်ကြားပေးရေး သတိပေးတိုက်တွန်းပေးရန်လိုကြောင်း၊ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရယူထားပြီး သတ်မှတ်ကာလအတွင်း ထိရောက်အကျိုးရှိစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧရိယာများကို ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီများက စိစစ်၍ ဗဟိုကော်မတီသို့တင်ပြပြီး ဥပဒေနှင့်အညီ မှန်ကန်စွာအရေးယူဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ပြောကြားသည်။

ဆက်လက်၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသူက ခွင့်ပြုမိန့်ရရှိထားသည့် မြေအတွက် မြေခွန်ကို သီးနှံအမျိုးအစား၊ လုပ်ငန်းအမျိုးအစားအလိုက် မြေခွန်ကင်းလွတ်သည့်ကာလ ကုန်ဆုံးသည့်နေ့မှစ၍ တစ်နှစ်လျှင် တစ်ကြိမ်ပေးသွင်းစေရေးအတွက် ၂၀၂၆ ခုနှစ် ဇွန် ၁ ရက်မှစ၍ မြေခွန်နှုန်းထားအသစ်ဖြင့် ကောက်ခံလျက်ရှိကြောင်း၊ မြေခွန်များ အပြည့်အဝ ပေးဆောင်စေရေးနှင့် ပေးဆောင်ရန် ပျက်ကွက်ပါက အရေးယူ ဆောင်ရွက်နိုင်ရေးကို တိုင်းဒေသကြီး၊ ပြည်နယ် စီမံခန့်ခွဲရေး ကော်မတီများက ကြီးကြပ် ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ဗဟိုကော်မတီ အတွင်းရေးမှူးက ဒုတိယအကြိမ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီ အစည်းအဝေးတွင် ဆွေးနွေးဆောင်ရွက်ရမည့်လုပ်ငန်း စာတွဲများကို တင်ပြရာ ဗဟိုကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များက လုပ်ငန်းတစ်ခုချင်းအပေါ် စိစစ် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြို့နယ် ငါးမြို့နယ်မှ ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုး၊ ခေါက်ဆွဲခြောက်နှင့် ငါးသေတ္တာများ ထောက်ပံ့ပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁၃

ရပ်စောက်မြို့တွင် ဖွင့်လှစ်ထားသော ယာယီရေဘေးရှောင်ကယ်ဆယ်ရေးစခန်း ဇော်ဂျီကွေ့ဓမ္မာရုံနှင့် မိုးလုံလေလုံအားကစားခန်းမတို့၌ ပြောင်းရွှေ့ခိုလှုံလျက်ရှိသော အိမ်ထောင်စု ၈၃ စုမှ ရေဘေးသင့်ပြည်သူ ၃၃၇ ဦးအတွက် ယနေ့တွင် ဆန်ရိက္ခာဖိုး၊ ခေါက်ဆွဲခြောက်နှင့် ငါးသေတ္တာများအပါအဝင် ထောက်ပံ့မှုတန်ဖိုးငွေကျပ် ၄၃၅၇၉၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။



ရေဘေးရှောင်စခန်းများကို ကြည့်ရှုအားပေး ထောက်ပံ့ရန် ရှမ်းပြည်နယ်၌ ရောက်ရှိနေသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုလွင်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးနှင့်အတူ ယနေ့တွင် အဆိုပါစခန်းများသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးကာ ထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် မြို့နယ်ငါးမြို့နယ်၌ ရေဘေးရှောင်စခန်း ၁၉ ခု၊ အိမ်ထောင်စု ၉၆၃ စု၊ လူဦးရေ ၃၅၄၅ ဦး ယာယီရေဘေးရှောင်လျက်ရှိပြီး အဆိုပါပြည်သူများအတွက် ဆန်ရိက္ခာဖိုး၊ ခေါက်ဆွဲခြောက်နှင့် ငါးသေတ္တာများအပါအဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့မှုမှာ ယနေ့အထိ ထောက်ပံ့ငွေကျပ် စုစုပေါင်း ၂၅၇၆၇၂၀၀ ဖြစ်ကြောင်းနှင့် အခြားလိုအပ်ချက်များအား ဆက်လက်စိစစ်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇော်ဂျီရပ်ကွက်အနီး ဇော်ဂျီမြစ်ရေလျှံမှုဖြစ်ပေါ်နေသည့် နေရာသို့ရောက်ရှိပြီး ရပ်ကွက်အတွင်း ရေကြီးမှုဖြစ်ပေါ်နေမှုအခြေအနေ၊ ရေလမ်းကြောင်းထိန်းသိမ်းပြုပြင်ရန် ဆောင်ရွက်နေမှု၊ လာမည့်နှစ်များတွင် ရေကြီးရေလျှံမှု လျော့ပါးသက်သာစေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့် ဆောင်ရွက်မည့် အစီအမံများကို ကြည့်ရှုစစ်ဆေးကာ ပြည်သူများအား အားပေးစကား ပြောကြားသည်။

ထို့နောက် ရွှေညောင်မြို့နယ် ရေပူကျေးရွာရှိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (နမ့်လတ်)၌ ပြန်လည်ထူထောင်ရေးသင်တန်းများ ဖွင့်လှစ်၍ ကူညီစောင့်ရှောက်နိုင်ရေး ပြင်ဆင်နေမှုကို သွားရောက်ကြည့်ရှုကာ ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ရေကြီးရေလျှံမှုကြောင့် ရေဘေးရှောင်စခန်းများ ဖွင့်လှစ်ထားရသည့် ညောင်ရွှေမြို့နယ်သို့ ရောက်ရှိပြီး ယာယီရေဘေးရှောင်ကယ်ဆယ်ရေးစခန်း (ရန်ကုန်ကျောင်းတိုက်)၌ ရောက်ရှိခိုလှုံလျက်ရှိသော ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး အားပေးကာ ညောင်ရွှေမြို့နယ်ရှိ ယာယီရေဘေးရှောင် ကယ်ဆယ်ရေးစခန်းခြောက်ခုရှိ ရေဘေးသင့် အိမ်ထောင်စု ၂၃၂ စုမှ ပြည်သူ ၅၉၆ ဦးအတွက် ဆန်ရိက္ခာဖိုး၊ ခေါက်ဆွဲခြောက်နှင့် ငါးသေတ္တာများအပါအဝင် ထောက်ပံ့မှုတန်ဖိုးငွေကျပ် ၁၀၁၅၉၆၀၀ ကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ရေဝင်ရောက်မှုကြောင့် ယာယီပိတ်ထားရသည့် မူလတန်းကျောင်းများနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဆွေးနွေးပြီး အမှတ်(၃) အခြေခံပညာ မူလတန်းကျောင်းသို့သွားရောက်ကာ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့်တွေ့ဆုံ၍ ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပညာသင်ကြားနိုင်ရေး၊ ပျက်ကွက်ခဲ့သည့် စာသင်ရက်များအတွက် အစားထိုးသင်ကြားနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညောင်ရွှေပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအား တွေ့ဆုံအားပေးကာ ရေဘေးရှောင်စခန်းများတွင် ကျန်းမာရေးဆေးပေးခန်းများ ဖွင့်လှစ်ဆောင်ရွက်နေမှုကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ညောင်ရွှေမြို့ပေါ်ရှိ ဝန်းရပ်ကွက်၊ မြို့လယ်ရပ်ကွက်နှင့် ကံသာရပ်ကွက်များတွင် ရေကြီးနေမှုအခြေအနေများကို လိုက်လံကြည့်ရှုကာ ရေဘေးရှောင်စခန်းများသို့ သွားရောက်ခြင်းမပြုဘဲ နေအိမ်များတွင်သာ ဘေးကင်းစွာ နေထိုင်နေသည့် ပြည်သူများအား စားနပ်ရိက္ခာများ လိုက်လံထောက်ပံ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး၌ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံကာ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နေပြည်တော် အာကာသဆိုင်ရာ ပန်းချီ/ကာတွန်း/ပိုစတာပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၃

နေပြည်တော်ကောင်စီနှင့် မြန်မာအာကာသအေဂျင်စီတို့ ကြီးမှူးကျင်းပသည့် အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ/ ကာတွန်း/ ပိုစတာ ပြိုင်ပွဲနှင့် အာကာသ နည်းပညာဆိုင်ရာ ပြခန်းများကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1) ၌ နိုဝင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့ပြီး ယနေ့ နံနက်ပိုင်းက ဆုချီးမြှင့်ပွဲကိုကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ မြန်မာအာကာသ အေဂျင်စီ အမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။



ဦးစွာ အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ မှတ်တမ်းဗီဒီယိုကလစ်ကိုပြသပြီး အထက(၅) ပျဉ်းမနားမှ ကျောင်းသူလေးများက အလှကမ္ဘာမြေသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အခြေခံပညာမူလတန်းအဆင့်(ပိုစတာ)၊ (ကာတွန်း)၊ (ပန်းချီ) အထူးဆု၊ အခြေခံပညာ အလယ်တန်းအဆင့် (ပိုစတာ)၊ (ကာတွန်း)၊ (ပန်းချီ)အထူးဆု၊ အခြေခံပညာအထက်တန်းအဆင့် (ပိုစတာ)၊ (ကာတွန်း)၊ (ပန်းချီ) အထူးဆု၊ အခြေခံပညာ မူလတန်းအဆင့်(ပိုစတာ)၊ (ကာတွန်း)၊ (ပန်းချီ) ပထမ၊ ဒုတိယ၊ တတိယ၊ အခြေခံပညာ အလယ်တန်းအဆင့် (ပိုစတာ)၊ (ကာတွန်း)၊ (ပန်းချီ) ပထမ၊ ဒုတိယ၊ တတိယ၊ အခြေခံပညာ အထက်တန်းအဆင့် (ပိုစတာ)၊ (ကာတွန်း)၊ (ပန်းချီ) ပထမ၊ ဒုတိယ၊ တတိယဆုများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းနှင့်တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြသည်။

ထို့ပြင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် အကဲဖြတ်ဒိုင်အဖွဲ့အား ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ပြီး အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကူညီထောက်ပံ့ပေးခဲ့ကြသည့် အဖွဲ့အစည်းများကို ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ပေးအပ်ကာ ဆုရရှိခဲ့သည့် ပန်းချီ၊ ကာတွန်း၊ ပိုစတာများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ထွန်းလင်း(ဗေယျာမြေ)



အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ ထိုင်းနိုင်ငံသားများ ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

▼ *ကျော်ဖုံးမှ*

အချို့သော နယ်စပ်ဒေသများ၌ ပြည်ပနိုင်ငံသားအချို့သည် EAO လက်နက်ကိုင်အဖွဲ့များအပါအဝင် ဆက်စပ်နေရာများမှ ကိုယ်ကျိုးစီးပွားရှာသူများ၏ ပါဝင်ပတ်သက်မှုများဖြင့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ လုပ်ဆောင်လျက်ရှိရာ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ ၎င်းတို့ကို ရှာဖွေစိစစ်ဖမ်းဆီးခြင်းနှင့် ပြစ်မှုကျူးလွန်သူ ပြည်ပနိုင်ငံသားများအား နိုင်ငံအချင်းချင်း ချစ်ကြည်ရင်နှီးမှုကို ရှေးရှု၍ ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်များကိုလည်း အစဉ်တစိုက် အလေးထား ဆောင်ရွက်လျက် ရှိသည်။

ထိုကဲ့သို့ မြန်မာနိုင်ငံအတွင်း သို့ တရားဝင်ဖြစ်စေ၊ တရားမဝင် နယ်စပ်ဖြတ်ကျော်၍ ဖြစ်စေ ဝင်ရောက်လာပြီး အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ခဲ့သည့် ပြည်ပနိုင်ငံသား များတွင် ထိုင်းနိုင်ငံသားများလည်း ပါဝင်လျက်ရှိရာ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၅ ရက်မှစတင်၍ ယနေ့အထိ ရှာဖွေပြည်နယ်နှင့် ကရင်ပြည်နယ် နယ်စပ်ဒေသများအတွင်း တရားမဝင် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသား အမျိုးသား ၅၂၉ ဦးနှင့် အမျိုးသမီး ၄၁၈ ဦး စုစုပေါင်း ၉၄၇ ဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဖမ်းဆီးရမိသူများ အနက် အွန်လိုင်းလိမ်လည် လောင်းကစားမှုပြုလုပ်သူ ထိုင်းနိုင်ငံသားများသည် အွန်လိုင်း လောင်းကစား လုပ်ငန်းများကို လစာငွေ အများအပြားဖြင့် လုပ်ကိုင်ရမည်ဟု အွန်လိုင်းမှ တစ်ဆင့် သွေးဆောင်စည်းရုံးခံရပြီး မက်လုံးပေးလိမ်လည်ခြင်း ခံခဲ့ရကြောင်း၊ ၎င်းတို့သည် အသိပညာနည်းပါးသူ၊ နည်းပညာ အားနည်းသူနှင့် လောဘစိတ်ရှိသူ ထိုင်းနိုင်ငံသားများကို အဓိက ပစ်မှတ်ထားပြီး စီးပွားရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများဖြင့် မက်လုံးပေးသွေးဆောင်စည်းရုံးလိမ်လည်ခြင်း၊ ကံစမ်းမဲ၊ ဆုကြေးငွေများဖြင့် မက်လုံးပေး၍ လိမ်လည်ခြင်း၊ လောင်းကစား ဝါသနာပါသူများအား လူမှုကွန်ရက် များမှတစ်ဆင့် အွန်လိုင်းလောင်း ကစားနှင့် ဂိမ်းပလက်ဖောင်းများကို ကြော်ငြာခြင်းနှင့် အနိုင်ရရှိနိုင်ခြေ မြင့်မားကြောင်းတို့ဖြင့် မက်လုံးပေး လိမ်လည်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖြင့် မက်လုံးပေး၍ လိမ်လည်ခြင်း တို့ကို လုပ်ဆောင်ကြကြောင်း သိရှိရသည်။

ထိုသို့ဖမ်းဆီးရမိမှုများအနက် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်တွင် ရှမ်းပြည်နယ် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် စံပယ်လမ်းရှိ Yuwarat (ယုဝရတ် ဟိုတယ်)၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် All in One ကွန်ပျူတာ ၂၃ လုံး၊ Laptop ၄၀ လုံး၊ ဖုန်းမျိုးစုံ ၁၄၁ လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်း လိမ်လည်လောင်းကစားမှုလုပ်ငန်း များ ကျူးလွန်လုပ်ကိုင်နေသော ထိုင်းနိုင်ငံသား အမျိုးသား ၄၂ ဦးနှင့် အမျိုးသမီး ၄၁ ဦး၊ စုစုပေါင်း ၈၃ ဦးတို့အား စီစစ်မှုများအရ ၎င်းတို့သည် ထိုင်းနိုင်ငံသား အချင်းချင်းအပေါ် အွန်လိုင်းမှ လိမ်လည်မှုများဦးတည်လုပ်ဆောင် ကြပြီး အဓိကအားဖြင့် ထိုင်းနိုင်ငံ၊ လျှပ်စစ်မီတာဘေလ် ဝန်ဆောင်မှု ကုမ္ပဏီဝန်ထမ်းများအဖြစ် ဟန်ဆောင်၍ ထိုင်းနိုင်ငံအတွင်းရှိ လျှပ်စစ်မီတာအသုံးပြုသူများအား အဓိကပစ်မှတ်ထားကာ လျှပ်စစ် မီတာလဲလှယ်ရန် လိုအပ်ကြောင်း နှင့် လျှပ်စစ်မီတာဘောက်စ် အာမခံလုပ်ငန်းအား အကြောင်း ပြု၍ လိမ်လည်ကြကြောင်း၊ လိမ်လည်ရာတွင် ပစ်မှတ်ထားခံရ သူများအား ဖုန်းခေါ်ဆိုဆက်သွယ် ခြင်းနှင့် SMS စာတိုပေးပို့ခြင်းများ မှတစ်ဆင့် လျှပ်စစ်မီတာ ဝန်ဆောင်မှုလုပ်ဆောင်ရန် ၎င်းတို့ အသုံးပြုသည့် Line Application Account ID သို့ ဆက်သွယ်ရမည် ဖြစ်ကြောင်း ပေးပို့ပြောဆို၍ လိမ်လည်ကြကြောင်း သိရှိရ သည်။

ထို့နောက် ၎င်းတို့ပေးပို့ထား သည့် Line Application Account သို့ ဆက်သွယ်လာသော ပစ်မှတ် များအား လျှပ်စစ်မီတာ ဝန်ဆောင် မှုရယူမည်ဆိုပါက အမည်၊ အိမ် နံပါတ်၊ ကျေးရွာ၊ ခရိုင်၌၊ မီတာ နံပါတ်နှင့် မီတာအခွန်ပေးဆောင် ထားသည့် ငွေပြေစာ စသည့် အချက်အလက်များကို တောင်းယူ ၍ ပစ်မှတ်၏ယုံကြည်မှုရှိစေရန် ၎င်းတို့ ကြိုတင်ပြင်ဆင်ထား သည့် ထိုင်းနိုင်ငံလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး အာဏာပိုင်အဖွဲ့ Provincial Electricity Authority (မဟာဓာတ်အားလိုင်းဦးစီးဌာန)၏ လျှပ်စစ်မီတာနှင့်ပတ်သက်သည့် အကြောင်းကြားစာ အတုများကို ပေးပို့၍ လိမ်လည်ကြခြင်းဖြစ် ကြောင်း၊ ထို့အတူ လျှပ်စစ်မီတာ ဘောက်စ်အာမခံထားသည့်ငွေကြေး များအား ပြန်လည်ထုတ်ယူလိုပါ က လျှောက်ထားနိုင်ငံကြောင်းနှင့် ၎င်းတို့မှ အာမခံငွေကြေးများ ရရှိ အောင် ဝန်ဆောင်မှုပေးနိုင်သည် ဟု ပြောဆိုစည်းရုံးကြကြောင်း၊ အာမခံထားသည့် ငွေကြေးများ ထုတ်ယူလိုကြောင်း ဆက်သွယ် လာပါက Line Application တွင် အတုပြုလုပ်ထားသည့် ထိုင်းနိုင်ငံ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး အာဏာပိုင်အဖွဲ့ Provincial Electricity Authority (မဟာဓာတ်အားလိုင်းဦးစီးဌာန) Account သို့ ဆက်သွယ်ခိုင်းကြောင်း သိရှိ ရသည်။

အဆိုပါ Provincial Electricity Authority (မဟာဓာတ်အားလိုင်း ဦးစီးဌာန) Line Account သို့ လျှပ်စစ်မီတာဘောက်စ် အာမခံ ထားသည့် ငွေကြေးအား ထုတ်ယူ ရန် ဆက်သွယ်လာပါက မီတာ ငြေစာ၊ မီတာအကောင့်နံပါတ်နှင့် ငွေလက်ခံမည့် ဘဏ်အကောင့် စသည့် အချက်အလက်များအား ဖြည့်သွင်းခိုင်း၍ ပစ်မှတ်၏ စကား ပြောဆိုပုံနှင့် ပုံပန်းသဏ္ဌာန်တို့ကို အကဲခတ်ကာလိမ်လည်၍ ရရှိနိုင် မည့်ငွေကြေးကို သတ်မှတ် ကြောင်း၊ ထို့နောက် ၎င်းတို့ ဖန်တီးပြုလုပ်ထားသည့် ငွေ လက်ခံမည့် PEA Application အတု Link နှင့် QR Code ကို ပေးပို့၍ လိမ်လည်ငွေလွှဲခိုင်းခြင်း ဖြစ်ကြောင်း၊ ထို့နောက် အွန်လိုင်း ငွေကြေးလိမ်လည်သူများ ပေးပို့ သည့် PEA Application အတုကို Install ပြုလုပ်ပြီးနောက် QR Code အား Scan ပြုလုပ်၍ ငွေလွှဲပြီးပါက အကောင့်များကို Block ပြုလုပ်ကာ အဆက်အသွယ် ဖြတ်တောက်ပြီး လိမ်လည်ကြ ခြင်းဖြစ်ကြောင်း၊ အွန်လိုင်း ငွေကြေး လိမ်လည်သူများအနေ ဖြင့် ထိုင်းနိုင်ငံ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး အာဏာပိုင်အဖွဲ့ Provincial Electricity Authority (မဟာဓာတ်အားလိုင်းဦးစီးဌာန) မှ မီတာတပ်ဆင်ထားသော ထိုင်းနိုင်ငံသားများ၏ စာရင်းနှင့် တစ်ဦးချင်းစီ၏ ကိုယ်ရေးအချက် အလက်များအား နည်းလမ်း အမျိုးမျိုးဖြင့် ကြိုတင်ရယူထား ပြီး ၎င်းတို့ရရှိထားသည့် ကိုယ်ရေး အချက်အလက်များ အတွင်းမှ ပစ်မှတ်များအား အသေးစိတ်စိစစ် ရွေးချယ်၍ လိမ်လည်ကြသည်ကို စိစစ်တွေ့ရှိရကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရား ဝင် ဝင်ရောက်လာမှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသား များကို ဥပဒေနှင့်အညီစီစစ်နိုင်ရန်၊ အမြန်ဆုံး တရားစွဲဆိုအရေးယူ ဆောင်ရွက်နိုင်ရန်နှင့် သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံးပြည်နှင်နိုင် ရန်အတွက် ကော်မတီများဖွဲ့စည်း ၍ လုပ်ငန်းတာဝန်များကို ထိထိ ရောက်ရောက် အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိသကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခ ရောက်နေသော နိုင်ငံခြားသား များနှင့် လူကုန်ကူးခံရသည့် နိုင်ငံ ခြားသားများကို သက်ဆိုင်ရာနိုင်ငံ များသို့ အမြန်ဆုံး ပြည်နှင် လွှဲပြောင်းပေးနိုင်ရေး သက်ဆိုင်ရာ နိုင်ငံများနှင့် တက်ကြွစွာပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် အွန်လိုင်းလိမ်လည် မှုနှင့် အွန်လိုင်းလောင်းကစားမှု ပြဿနာရပ်များသည် နိုင်ငံ တစ်နိုင်ငံတည်း၏ ပြည်တွင်းမှခင်း ပြဿနာအဖြစ်သာမက နိုင်ငံ တကာ၏ စီးပွားရေး၊ လူမှုရေးနှင့် လုံခြုံရေးကဏ္ဍများကိုပါ ခြိမ်း ခြောက်လာသည့် နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုတစ်ရပ်အဖြစ် ရင်ဆိုင် ဖြေရှင်းရန် လိုအပ်လျက်ရှိသဖြင့် မြန်မာနိုင်ငံ အစိုးရအနေဖြင့် လူသားမျိုးနွယ် တစ်ရပ်လုံး၏ လူမှုစီးပွားဘဝများကို ပျက်စီးစေ သည့် အွန်လိုင်းလိမ်လည်လောင်း ကစားမှု ကျူးလွန်ခြင်းများကို ထိရောက်ပြင်းထန်စွာ ဖမ်းဆီး အရေးယူမှုများ ဆောင်ရွက်လျက် ရှိရာ ပြည်သူများအနေဖြင့်လည်း အွန်လိုင်းလိမ်လည်လောင်းကစား မှုလုပ်ငန်းများ လုပ်ကိုင်နေမှုများ အားသိရှိပါက သက်ဆိုင်ရာသို့ သတင်းပေးပို့၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်း ပါဝင်ပေးနိုင်ပါရန် မေတ္တာရပ်ခံပါကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင် များအပါအဝင် ဌာနဆိုင်ရာပူးပေါင်း အဖွဲ့များအနေဖြင့်လည်း ပြည်သူ များနှင့်ပူးပေါင်း၍ လိုအပ်သည့် စုံစမ်းရှာဖွေဖော်ထုတ်ခြင်းများကို အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)



အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ ထိုင်းနိုင်ငံသားများကို တွေ့ရစဉ်။





အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းလုပ်ကိုင်ခဲ့သည့် ဟိုတယ်နှင့် လုပ်ငန်းသုံးပစ္စည်းများ သိမ်းဆည်းရမိမှုကို တွေ့ရစဉ်။

မိတ္ထီလာခရိုင်နှင့် မြို့နယ်ရှေ့ပြေးဥပဒေရုံးများ(Pilot Law Offices)အား ကြည့်ရှုစစ်ဆေး

မန္တလေး နိုဝင်ဘာ ၁၃

မန္တလေးတိုင်းဒေသကြီးဥပဒေချုပ် ဦးလှသိန်းသည် ယနေ့နံနက်ပိုင်း က စပြရှေ့ပြေးဥပဒေရုံးများ(Pilot Law Offices)ဖြစ်သော မိတ္ထီလာ ခရိုင်ဥပဒေရုံးနှင့် မိတ္ထီလာမြို့နယ် ဥပဒေရုံးများသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး ခရိုင်/မြို့နယ် ဥပဒေအရာရှိများနှင့်တွေ့ဆုံကာ ရှေ့ပြေးဥပဒေရုံးများ၏ ရုံးဥပဓိ ကောင်းမွန်ရေးနှင့် ဝန်ထမ်းများ ၏ အရည်အသွေးတိုးတက် မြင့်မားရေးတို့ကို ဦးစားပေး ဆောင်ရွက်သွားကြရန်၊ နိုင်ငံသား တိုင်း ဥပဒေ၏အကာအကွယ် ကို အညီအမျှရရှိစေရန် အတွက် ညွှန်ကြားချက်များနှင့် အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။ ထို့နောက် ရှေ့ပြေးဥပဒေရုံးများ၏ တင်ပြချက်များအပေါ် လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါ ရှေ့ပြေးဥပဒေရုံးများ သည် အရေးကြီးသောပြစ်မှုများ တွင် တရားခံအပေါ် ဥပဒေနှင့် အညီ ထိရောက်သော ပြစ်ဒဏ် စီရင်နိုင်ရေးအတွက် အဓိက သက်သေ (သို့) နစ်နာသူများနှင့် သက်သေခံအထောက်အထားများ တင်ပြရမည့်သူများကို တရားရုံး ရှေ့အမှုစစ်ဆေးရာတွင် ပကတိ အခြေအနေမှန်ကို ထွက်ဆိုတင်ပြ နိုင်ရန်အတွက် တရားခွင်အကြို တွေ့ဆုံမေးမြန်းခြင်း (Pre-Trial Interview-PTI) များကို ဆောင်ရွက် ပေးလျက်ရှိရာ ယင်းလုပ်ငန်းစဉ် သည် တရားစီရင်ရေးကို များစွာ အထောက်အကူဖြစ်စေကြောင်း သိရသည်။ ချမ်းမြေ



ရေသည်အသက် ရေအသက် တစ်မနက်၊ မြေအောက်ရေကို ထိန်းသိမ်းပါ



ကျိုက်လတ်မြို့ Wilmar Myanmar Riceland Kyaiklat Limited မှ ပေါင်းဆန်များ ထုတ်လုပ်တင်ပို့လျက်ရှိ

ပုသိမ် နိုဝင်ဘာ ၁၃

ကျိုက်လတ်မြို့နယ် ဗျာပုံ-ကျိုက်လတ် ကားလမ်းဘေးရှိ Wilmar Myanmar Riceland Kyaiklat Limited မှ ပေါင်းဆန်များ ထုတ်လုပ်တင်ပို့လျက်ရှိကြောင်း သိရသည်။

အဆိုပါ ပေါင်းဆန်စက်ရုံသို့ ယမန်နေ့ နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်သည်တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေး၍ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ Boiler နှင့် Steam Turbine စနစ်၊ အခြောက်ခံစက်နှင့် သိုလှောင်ရုံ၊ အဆင့်မြင့် ပေါင်းဆန်စက်ရုံ၊ ခေတ်မီ ဆန်ကြိတ်ခွဲစက်ရုံ၊ အရည်အသွေးထိန်းချုပ်မှုနေရာ၊ ဘေးထွက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ၊ ဆိပ်ခံတံတားတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒေသထွက်စပါးများကို အကျိုးရှိရှိ အသုံးချ၍ အရည်အသွေးမြင့် ပေါင်းဆန်များ ပိုမိုထုတ်လုပ်နိုင်ရေး၊ ဖွဲနှဆီ ထုတ်လုပ်နိုင်သည်အထိ အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေးတို့ကို မှာကြားခဲ့သည်။

ထို့မှတစ်ဆင့် မအူပင်မြို့ စက်မှုဇုန်ရှိ New Talent အထည်ချုပ်စက်ရုံ၌ အဝတ်အထည်များ ချုပ်လုပ်နေမှုနှင့် မအူပင်စက်မှုဇုန် အတွင်းရှိ Wave Myanmar မွေ့ရာစက်ရုံအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ပန်းတနော်မြို့ ဦးသန့်စာကြည့်တိုက်နှင့် ပြတိုက်အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး စာကြည့်တိုက်ကော်မတီဖွဲ့စည်း၍ စာကြည့်တိုက်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊ သုတ၊ ရသစာပေများ ပိုမိုပြည့်စုံစေရေးနှင့် လူငယ်များ စာပေများကို ပိုမိုလေ့လာဖတ်ရှုနိုင်အောင် ဆောင်ရွက်ပေးရန်၊ စာကြည့်တိုက်ကို အခြေခံ၍ လူငယ်များအတွက် အကျိုးရှိသည့် သင်တန်းများ ဖွင့်လှစ်ပေးရန် မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ရခိုင်ပြည်နယ် စစ်တွေလေဆိပ်လမ်းသစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိ

စစ်တွေ နိုဝင်ဘာ ၁၃

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် စစ်တွေမြို့ စစ်တွေလေဆိပ်သို့ အလိုတော်ပြည့် ကျောင်းရှေ့မှ ဝင်ရောက်သည့် စစ်တွေလေဆိပ်လမ်းသစ်ကို ကျောက်ချောလမ်းခင်းခြင်း၊ လမ်းဘေး ဝဲ / ယာ နှစ်ဖက်အုတ်စီ မြေထိန်းနံရံပြုလုပ်ခြင်း၊ Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တည်ဆောက်ရေးလုပ်ငန်းများကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်နယ်ဝန်ကြီးချုပ်က ကျောက်လမ်းမခင်းမီ မူလမြေသားလမ်းအား သတ်မှတ်ခံနိုင်အား Degree Of Compaction (DOC) ၉၅ ရာခိုင်နှုန်းရရှိအောင် ပြုပြင်ဆောင်ရွက်ပြီးမှ ကျောက်လမ်းခင်းရန်နှင့် မြေစမ်းသပ်မှုအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စေလွှတ်ထားသော QC အဖွဲ့မှ စမ်းသပ်ဆောင်ရွက်ပေးရန်၊ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို Mobile Truck Mixer ဖြင့် သတ်မှတ်စံနှုန်းအတိုင်း ဖျော်စပ်ပြီးမှခင်းရန်၊ လမ်းကွေ့နေရာတွင် မြေလမ်းအဆင့်မှ ကွန်ကရစ်လမ်းအဆင့်ထိ သတ်မှတ်ထားသော Super Elevation ရရှိအောင် ဆောင်ရွက်သွားရန်၊ လမ်းသစ် (ကွန်ကရစ်လမ်းအဆင့်အထိ) အပိုင်းအား လမ်းဟောင်းအပိုင်းနှင့် Level ညီအောင် ဆောင်ရွက်ရန်နှင့် ရေစီးရေလာကောင်းမွန်စေရန် လမ်း၏ညာဘက်ခြမ်းတွင် လမ်းနှင့် ခြံစည်းရိုးကြား ရေမြောင်းဖောက်လုပ်ရန်နှင့် တူးထုတ်ထားသော မြေများကို လမ်းနှင့်လွတ်ကင်းသောနေရာသတ်မှတ်၍ စုပုံရန်မှာကြားသည်။

ညနေပိုင်းတွင် ကုန်တန်းရပ်ကွက်ရှိ စစ်ကဲတော်မင်းဘုန်းတော်ကြီးကျောင်း၊ ပြည်တော်သာရပ်ကွက်ရှိ အောင်မြေကုန်းဘုန်းတော်ကြီးကျောင်းနှင့် မြောက်စံပြရပ်ကွက်ရှိ ဗုဒ္ဓါမော်ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ပြီး ယာယီနေရပ်စွန့်ခွာသူများနှင့်တွေ့ဆုံ၍ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲထံမှ ပေးပို့သည့် အခြေခံစားသောက်ကုန်ပစ္စည်းများကို ယာယီနေရပ်စွန့်ခွာသူများအတွက် လာရောက်ထောက်ပံ့ ပေးအပ်ခြင်းဖြစ်ကြောင်း၊ ယာယီနေရပ်စွန့်ခွာသူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးတွင် အခမဲ့ကုသနိုင်ရေးနှင့် ဆေးဝါးများ အခမဲ့ရရှိနိုင်ရေးကိုလည်း စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် ယာယီနေရပ်စွန့်ခွာသူများ စားဝတ်နေရေးအဆင်ပြေစေရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးကိုလည်း စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍တက်ရောက်လာကြသည့် ယာယီနေရပ်စွန့်ခွာသူများက လိုအပ်သည်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး အခြေခံစားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်ထွန်း (ပြန်/ဆက်)



ရေချိုစိမ့်စမ်း မခန်းစေဖို့၊
သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။

ရေကြည်လင်မှ စိတ်အေးချမ်း၊
ရေချိုထိန်းမှ ကမ္ဘာစိမ်းလန်း။

တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၁၃

တပ်မတော်အနေဖြင့်တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှု များ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိတပ်မတော်ဆေးရုံများ



ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် ဆေးရုံကြီးနှင့် တပ်မတော် အရှိုးရောဂါအထူးကု ဆေးရုံကြီး၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံ၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသ ပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

နေပြည်တော် နိုဝင်ဘာ ၁၃ - မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ **မိုး/ဧလ**

ထိုင်းနိုင်ငံ၏ ဥဏှာရည်တုနည်းပညာ ၂၀၃၀ ပြည့်နှစ်တွင် လုပ်ငန်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၂ ဘီလီယံအထိ ရောက်ရှိမည်ဟု ခန့်မှန်း

ဘန်ကောက် နိုဝင်ဘာ ၁၃

ထိုင်းနိုင်ငံ၏ ဥဏှာရည်တုနည်းပညာ (အေအိုင်) လုပ်ငန်းတန်ဖိုးသည် ယခုနှစ်တွင်အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ ဘီလီယံရှိရာမှ ၂၀၃၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၂ ဘီလီယံအထိ တိုးတက်လာမည်ဟု နိုင်ငံ၏ ဒီဂျစ်တယ်စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းက နိုဝင်ဘာ ၁၃ ရက်တွင် ပြောကြားသည်။

အမျိုးသား ဒီဂျစ်တယ်စီးပွားရေးနှင့် လူမှုအသိုင်းအိုင်းဆိုင်ရာရုံး(BDE)၏ ခန့်မှန်းချက်အရ ၂၀၃၀ ပြည့်နှစ်တွင် အေအိုင်လုပ်ငန်းတန်ဖိုးသည် ဘတ်ငွေ ၄၁၂ ဘီလီယံအထိ ရောက်ရှိလာမည်ဖြစ်ပြီး ယင်းပမာဏသည် ၂၀၂၆ ခုနှစ်အတွက် ခန့်မှန်းထားသည့် ဘတ်ငွေ ၁၈၇ ဘီလီယံထက် ၂ ဒသမ ၂ ဆခန့် ပိုမိုများပြားကြောင်း သိရသည်။ ၂၀၂၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အတွင်း အေအိုင်လုပ်ငန်း၏ နှစ်စဉ်ပျမ်းမျှတိုးတက်မှုနှုန်းသည် ၂၀ ဒသမ ၅ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားသည်။

လျှပ်စစ်ပစ္စည်းအစိတ်အပိုင်းများ၊ ဒေတာစင်တာများအပါအဝင် အခြေခံအဆောက်အအုံနှင့် ဟာဒ်ဝဲကဏ္ဍများသည် ထိုင်းနိုင်ငံ၏ အေအိုင်လုပ်ငန်းတန်ဖိုး စုစုပေါင်း၏ ၇၂ ရာခိုင်နှုန်းရှိကြောင်း BDE က ပြောကြားသည်။ အေအိုင်လုပ်ငန်းတွင် ပြီးခဲ့သည့်နှစ်က ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၂၁ သန်းရှိခဲ့ကြောင်း သိရသည်။

အေအိုင်မော်ဒယ်များ၊ ဆော့ဖ်ဝဲနှင့် ဒေတာဝန်ဆောင်မှုများသည် လုပ်ငန်းကဏ္ဍအတွင်း အချိုးအစားအနည်းဆုံးဖြစ်သော်လည်း လျင်မြန်စွာတိုးတက်လျက်ရှိပြီး တစ်နှစ်အတွင်း ၂၆ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

Microsoft ဝန်ဆောင်မှုများ ကမ္ဘာတစ်ဝန်း ချို့ယွင်းမှုဖြစ်ပွား

ဝါရှင်တန် နိုဝင်ဘာ ၁၃

အမေရိကန်နည်းပညာကုမ္ပဏီကြီး Microsoft ၏ ဝန်ဆောင်မှုများကို ကမ္ဘာတစ်ဝန်းရှိ သုံးစွဲသူများ ဝင်ရောက်အသုံးပြုရာတွင် အခက်အခဲများ ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

Microsoft 365 ၏ အွန်လိုင်းဝန်ဆောင်မှုများတွင် ချိတ်ဆက်မှု ဆိုင်ရာ ပြဿနာများဖြစ်ပွားခဲ့ပြီး Outlook အီးမေးလ်ဝန်ဆောင်မှု၊ Teams အွန်လိုင်းအစည်းအဝေးစနစ်နှင့် AI chatbot Copilot အပါအဝင် ဝန်ဆောင်မှုအချို့ ထိခိုက်ခဲ့ကြောင်း ကုမ္ပဏီက ထုတ်ပြန်ထားသည်။



ကုမ္ပဏီ၏ စုံမမ်းစစ်ဆေးမှုအရ ထိခိုက်မှုရှိသော ဆာဗာများတွင် လုပ်ဆောင်မှုဆိုင်ရာ ပြဿနာများကြောင့် ဆာဗာများ တုံ့ပြန်မှုရပ်တန့်ခဲ့ပြီး ကျန်ရှိသည့် အခြေခံအဆောက်အအုံများအပေါ် ဝန်ပိမှုမြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထို့ပြင် ဆိုက်ဘာတိုက်ခိုက်မှုကြောင့် ဖြစ်ပွားခဲ့သည်ဟု အထောက်အထားမတွေ့ရှိရသေးကြောင်း ကုမ္ပဏီက ပြောကြားထားသည်။

Microsoft သည် ထိခိုက်မှုရှိသည့် ဆာဗာများကို ပြန်လည်အသုံးပြုနိုင်ရေးနှင့် ဝန်ဆောင်မှုများ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိရေးအတွက် ဆောင်ရွက်လျက်ရှိပြီး အချို့ဒေသများတွင် ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

အဆိုပါပြတ်တောက်မှုကြောင့် Microsoft ဝန်ဆောင်မှုများကို လုပ်ငန်းလည်ပတ်မှုအတွက် အားထားအသုံးပြုနေသည့် ကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် အစိုးရဌာနအချို့လည်း ထိခိုက်မှုများရှိခဲ့ကြောင်း သိရသည်။ **အင်နှစ်အိတ်ချ်ကေ**

ရာသီဥတုပြောင်းလဲမှုကြောင့် အင်ဒိုနီးရှားတောမီး ပိုမိုပြင်းထန်ခဲ့ဟု သုတေသီများ သတိပေး

ဂျကာတာ နိုဝင်ဘာ ၁၃

ရာသီဥတု ပြောင်းလဲမှုကြောင့် ကမ္ဘာတစ်ဝန်း ပြင်းထန်သော ရာသီဥတုဖြစ်စဉ်များ ပိုမိုဖြစ်ပွားလာနိုင်ပြီး အင်ဒိုနီးရှားနိုင်ငံတွင် မကြာသေးမီက ဖြစ်ပွားခဲ့သည့် တောမီးလောင်ကျွမ်းမှုများလည်း ယင်း၏ သက်ရောက်မှုများအနက် တစ်ခုဖြစ်ကြောင်း သုတေသီများက သတိပေးပြောကြားသည်။

နိုင်ငံတကာ သုတေသနအဖွဲ့ World Weather Attribution က နိုဝင်ဘာ ၁၂ ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာအရ လူသားတို့၏ လုပ်ဆောင်မှုများကြောင့် ဖြစ်ပေါ်လာသည့် ရာသီဥတု ပြောင်းလဲမှုသည် အင်ဒိုနီးရှားနိုင်ငံ၏ တောမီးလောင်ကျွမ်းမှုရာသီအတွင်း အပူချိန်ကို ပျမ်းမျှ ၁ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ် ခန့် မြင့်တက်စေခဲ့ကြောင်း သိရသည်။

ထို့ပြင် ယခုနှစ်တွင် ဖြစ်ပွားခဲ့သည့် အယ်လ်နီညို ရာသီဥတုဖြစ်စဉ်သည် အင်ဒိုနီးရှားနိုင်ငံ၌ မိုးရွာသွန်းမှု သိသိသာသာလျော့နည်းစေခဲ့ပြီး ပတ်ဝန်းကျင်ကို ပိုမိုခြောက်သွေ့စေကာ တောမီးလောင်ကျွမ်းမှုများ ဖြစ်ပွားရန် အခြေအနေကို ပိုမိုဆိုးရွားစေခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

တောမီး လောင်ကျွမ်းမှုများကြောင့် ထွက်ပေါ်လာသည့် မီးခိုး ငွေ့များသည် အရှေ့တောင်အာရှ ဒေသအချို့တွင် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေခဲ့ကြောင်း သိရသည်။ **အင်နှစ်အိတ်ချ်ကေ**

နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

အမေရိကန်ဗဟိုဘဏ်က ၂၀၂၇ ခုနှစ်အတွက် အတိုးနှုန်း ဆုံးဖြတ်ရန် အစည်းအဝေး ခုနှစ်ကြိမ်သာကျင်းပမည်

အမေရိကန် ဗဟိုဘဏ်သည် လာမည့် ၂၀၂၇ ခုနှစ်မှစတင်၍ အတိုးနှုန်းဆိုင်ရာ မူဝါဒဆုံးဖြတ်ချက်များ ချမှတ်မည့် အစည်းအဝေးအရေအတွက်ကို တစ်နှစ်လျှင် ၈ ကြိမ်မှ ၇ ကြိမ်သို့ လျှော့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအစီအစဉ်သည် ဗဟိုဘဏ်ဥက္ကဋ္ဌ ကယ်ဗင်ဝါ့ရှ်၏ စီမံချက်တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ဘဏ်တာဝန်ရှိသူများ အနေဖြင့် စီးပွားရေး အခြေအနေများနှင့် ရေရှည်လမ်းကြောင်းများကို ပိုမို အချိန်ယူသုံးသပ်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ယခု အပြောင်းအလဲသည် အမေရိကန်၏ အတိုးနှုန်းမူဝါဒနှင့် ကမ္ဘာ့ဘဏ္ဍာရေး စျေးကွက်အပေါ် စောင့်ကြည့်ရမည့် အရေးပါသည့် ပြောင်းလဲမှု တစ်ခုဖြစ်သည်။ **ဆင်ဟွာ**

ယူဂန်ဒါနိုင်ငံတွင် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရေကြီးမှုနှင့် မြေပြိုမှုအန္တရာယ် သတိပေး

ယူဂန်ဒါနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းနိုင်ပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပွားနိုင်သည့်အတွက် ပြည်သူများအနေဖြင့် ကြိုတင်သတိပြုကြရန် အစိုးရက နိုဝင်ဘာ ၁၃ ရက်တွင် တိုက်တွန်းထားသည်။

အားကောင်းသည့် အယ်လ်နီညို ရာသီဥတုဖြစ်စဉ်သည် ယခုလအတွင်း ဖြစ်ပေါ်လာနိုင်ပြီး ၂၀၂၇ ခုနှစ် နှစ်ဆန်းပိုင်းအထိ ဆက်လက်တည်ရှိနိုင်ကြောင်း အစိုးရ ဒုတိယပြောရေးဆိုခွင့်ရှိသူ ဒင်းနစ်ကာတန်ဂီက မြို့တော်ကမ်ပါလာတွင် ပြောကြားသည်။

ယင်းရာသီဥတုဖြစ်စဉ်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းမှုများဖြစ်ပေါ်လာနိုင်ပြီး ရေကြီးရေလျှံမှု၊ မြေပြိုမှုနှင့်အခြေခံအဆောက် အအုံများ ပျက်စီးမှုအန္တရာယ်များ မြင့်တက်လာနိုင်ကြောင်း သတိပေးထားသည်။ **ဆင်ဟွာ**

ဂါနာအစိုးရက ဒေသဆိုင်ရာ ဘက်စုံသုံး အားကစားကွင်း ၁၀ ကွင်း တည်ဆောက်မည်

အက်ခရာ နိုဝင်ဘာ ၁၃

ဂါနာအစိုးရသည် နိုင်ငံတစ်ဝန်း ဒေသဆိုင်ရာ ဘက်စုံသုံးအားကစားကွင်း သစ် ၁၀ ကွင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး ကက်ဆီရယ်အက်တိုဖော်ဆွန်က နိုဝင်ဘာ ၁၂ ရက်တွင် ပြောကြားသည်။

၎င်းက ပါလီမန်၌ ၂၀၂၇ ခုနှစ် ဘတ်ဂျက်အဆိုပြုချက် တင်ပြစဉ် အဆိုပါစီမံကိန်းအတွက် ဂါနာငွေကြေး သန်း ၆၀၀ ခွဲဝေသတ်မှတ်ထားကြောင်း ပြောကြားခဲ့သည်။ အဆိုပါစီမံကိန်းတွင် ပရိသတ် ၅၀၀၀ ဆံ့ ဘက်စုံသုံးအားကစားကွင်း ခုနစ်ကွင်း၊ ပရိသတ် ၁၀၀၀၀ ဆံ့ အားကစားကွင်းနှစ်ကွင်းနှင့် ပရိသတ် ၁၂၀၀၀ ဆံ့ အားကစားကွင်းတစ်ကွင်းတို့ ပါဝင်မည်ဖြစ်သည်။

ထို့ပြင် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် အားကစားလှုပ်ရှားမှုများတွင် ပါဝင်သူများကို ပံ့ပိုးကူညီနိုင်ရေးအတွက် အားကစားနှင့် အပန်းဖြေရေးဝန်ကြီးဌာနသို့ ဂါနာငွေကြေး ၇၈၂ သန်း ခွဲဝေသတ်မှတ်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ**

ဂါဇာဒေသသို့ ဆောင်းရာသီအတွက် အကူအညီများ ဝင်ရောက်လျက်ရှိကြောင်း အစ္စရေးပြောကြား

ဂျေရုဆလင် နိုဝင်ဘာ ၁၃

ဂါဇာကမ်းမြောင်ဒေသသို့ ရွက်ဖျင်တဲ ၉၁၀၀၀ ကျော်နှင့် ဆောင်းရာသီအတွက် လိုအပ်သည့် ထောက်ပံ့ရေးပစ္စည်းများ သယ်ဆောင်လာသော ကုန်တင်ကား ၈၂၀၀ ကျော် ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း အစ္စရေးတပ်မတော်က ထုတ်ပြန်သည်။

ဆောင်းရာသီအတွက် ကြိုတင်ပြင်ဆင်ရေးအစီအစဉ်အရ ကုလသမဂ္ဂ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အလှူရှင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားပြီး မိလ္လာရေဆိုးစုပ်ထုတ်ရေးနှင့် ရေပေးဝေရေးကွန်ရက်များ ပြုပြင်မွမ်းမံရေးအပါအဝင် ရေနှင့်သန့်ရှင်းရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်စေရန်လုပ်ဆောင်နေသည့်အပြင် မိလ္လာရေဆိုးစုပ်ထုတ်သည့် ယာဉ် ၁၂ စီး ဝင်ရောက်နိုင်ရေးကိုလည်း ခွင့်ပြုထားကြောင်း သိရသည်။

ဆေးဘက်ဆိုင်ရာကဏ္ဍတွင်လည်း ကာကွယ်ဆေး ၇၅၀၀ နှင့် ရွှေ့လျားဆေးကုသရေးဆေးခန်းသုံးခု ဝင်ရောက်နိုင်ရေး ခွင့်ပြုထားသည့်အပြင် ဆေးဝါးများ၊ ဆေးဘက်ဆိုင်ရာပစ္စည်းများနှင့် ဆေးရုံများအတွက် လောင်စာဆီများလည်း ဝင်ရောက်ခွင့်ပြုထားကြောင်း အစ္စရေးတပ်မတော်က ဆက်လက်ထုတ်ပြန်သည်။ **ဆင်ဟွာ**



တောင်ကိုရီးယားနိုင်ငံ၏ ဆန့်စပါးထုတ်လုပ်မှု ခြောက်နှစ်အတွင်း အနိမ့်ဆုံးသို့ ရောက်ရှိ

ဆိုးလ် နိုဝင်ဘာ ၁၃

စပါးစိုက်ပျိုးမြေဧရိယာ ဆက်တိုက်လျော့နည်းလာခြင်းကြောင့် ယခုနှစ် တောင်ကိုရီးယားနိုင်ငံ၏ ဆန့်စပါးထုတ်လုပ်မှုပမာဏမှာ ခြောက်နှစ်အတွင်း အနိမ့်ဆုံးသို့ရောက်ရှိခဲ့ကြောင်း နိုင်ငံ၏အချက်အလက်နှင့် စာရင်းအင်းဝန်ကြီးဌာနက နိုဝင်ဘာ ၁၃ ရက်တွင် ထုတ်ပြန်သည်။

၂၀၂၆ ခုနှစ်အတွင်း နိုင်ငံ၏ စုစုပေါင်းဆန့်စပါးထုတ်လုပ်မှု ပမာဏမှာ တန်ချိန် ၃ ဒသမ ၅၀၈ သန်းရှိခဲ့ပြီး ယမန်နှစ်ကထက် ၀ ဒသမ ၉ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါပမာဏသည် ငါးနှစ်ဆက်တိုက် ကျဆင်းခဲ့ခြင်းဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း အနိမ့်ဆုံးပမာဏလည်း ဖြစ်သည်။

ယခုကဲ့သို့ ဆန့်စပါးထုတ်လုပ်မှုပမာဏ အဓိကကျဆင်းရခြင်းမှာ စုစုပေါင်း စပါးစိုက်ပျိုးမြေဧရိယာ လျော့နည်းလာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။ စပါးစိုက်ပျိုးမြေဧရိယာမှာ ယမန်နှစ်ထက် ၁ ဒသမ ၁ ရာခိုင်နှုန်းလျော့နည်းခဲ့ပြီး ဟက်တာ ၆၇၀၀၀၀ သာရှိကာ စံချိန်တင် အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

ပင်မဓာတ်အားခွဲရုံများ၏ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် ဗမ္မာသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်အတွင်း ဓာတ်အားလိုင်းထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည့်အတွက် အချိန်ပိုင်းဓာတ်အား ပိတ်သွားမည်

နေပြည်တော် နိုဝင်ဘာ ၁၃

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတတည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၃၀ ကေဗွီ လှော်ကားပင်မဓာတ်အားခွဲရုံရှိ အပူချိန်ဖြင့်တက်မှုဖြစ်ပေါ်နေသော ပင်မဓာတ်အားဖြန့်ဖြူးရေးလိုင်း ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၄ ရက် မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအထိ လည်းကောင်း၊ ၂၃၀ ကေဗွီ လှိုင်သာယာပင်မဓာတ်အားခွဲရုံ-လှိုင်သာယာ-ကနောင်-ဘုရင့်နောင် ဓာတ်အားလိုင်းရှိ အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေသော ဓာတ်အားလွှတ်ပစ္စည်းများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၅ ရက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လည်းကောင်း၊ ၂၃၀ ကေဗွီ ကနောင်ပင်မဓာတ်အားခွဲရုံရှိ ဓာတ်ငွေ့ ယိုစိမ့်မှုဖြစ်ပေါ်နေသော ဓာတ်အားဖြတ်ခလုတ် အကြီးစားထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၅ ရက် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ လည်းကောင်း၊ ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်မည် ဖြစ်ပါသဖြင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံ၊ မြောက်ဥက္ကလာပ၊ ထောက်ကြန့်၊ မရမ်းကုန်း၊ လှိုင်၊ ကမာရွတ်၊ လှိုင်သာယာ (အရှေ့ပိုင်း)၊ ရွှေလင်းပန်း၊ အေးရွာ၊ ဒလနှင့် ဆိပ်ကြီးခရိုင်တိုင်တွင် ရပ်ကွက်အချို့နှင့် ကျေးရွာများ ယာယီဓာတ်အား ပြတ်တောက်နေမည်ဖြစ်ကြောင်း ဓာတ်အားပြတ်ရေယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများကို သက်ဆိုင်ရာမြို့နယ်လျှပ်စစ်မန်နေဂျာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဗမ္မာသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်အတွင်း ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ဓာတ်အားလိုင်းတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၃၃ ကေဗွီ ဓာတ်အားခွဲရုံ အမှတ်(၆) ဓာတ်အားလိုင်းကို နိုဝင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ လည်းကောင်း၊ ၃၃ ကေဗွီ ပျဉ်းမနား ဓာတ်အားလိုင်းကို နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ရုံးဝင်းအတွင်းရှိ ငလျင်ကြောင့် တိမ်းစောင်းသွားခဲ့သော လေးတိုင်စင်ကွန်ကရစ်ဓာတ်တိုင်ကို ပြုပြင်ဆောင်ရွက်ရန် နိုဝင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ လည်းကောင်း၊ ဓာတ်အားပိတ် လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ဗမ္မာသီရိမြို့နယ်အတွင်းရှိ အလျင်လို၊ လက်ခံခါလှ၊ သက်ကယ်ချင်း၊ တောက်ထိန်ကျေးရွာများနှင့် ပျဉ်းမနားမြို့ပေါ်ရှိ ရပ်ကွက်များ၊ ကျေးရွာများ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း ဓာတ်အားပြတ်ဧရိယာများရှိ ရုံးဌာနများနှင့် အများပြည်သူဆိုင်ရာနေရာများကို ကြိုတင်အသိပေးထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်



သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၁၃

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၈ ခုနှစ် မြန်မာနိုင်ငံစာဆိုတော် နေ့အထိမ်းအမှတ် (၃၉) ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ လှူဒါန်းကြရာ ဒေါ်ပုံမြို့နယ်စာရေးဆရာအသင်းက ငွေကျပ် ၄၅၀၀၀၀၊ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်)-စာရေးဆရာမ (မလေးယဉ်) မိသားစု၊ ကုန်းပတ်ဒုတိယအရာရှိ ဦးမောင်မောင်သာနှင့် လေအန်ကုန်းစာပေရပ်ဝန်းတို့က ငွေကျပ် ခုစိသိန်း၏၊ မဲခေါင်စာပေဆုရ ဦးဖေသန်း (နေမင်းသန်း)က ငွေကျပ် ၁၈၀၀၀၀၊ စာရေးဆရာ ကပ္ပတိန်သာစိန် မိသားစု၊ ဒေါ်မြမြသန်း (မနှင်းဖွေး)၊ ဦးမြတ်စိုး(မြတ်စိုး-လှိုင်)၊ ဒေါက်တာမြင့်သန်း(ညောင်လေးပင်)၊ ဒေါက်တာ မြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၊ ဦးဝင်းနိုင် (မင်းဆက်ပိုင်)၊ ဦးဖေသက်ညွှန့်(ဆွေဇင်ညွှန့်)၊ ဦးတင်စိုး(မင်းတလွန်း)၊ ဒေါက်တာခင်မောင်လွင် (FAME)မိသားစု၊ စာရေးဆရာ ဗလမင်းထင်၊ ဦးစိန်လင်း(မောင်မောင်စိန်လင်း- နတ်မောက်)၊ မြန်မာနိုင်ငံစာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့၊ စမ်းချောင်းမြို့နယ်စာရေးဆရာအသင်းနှင့် မင်းဘူး/စကုမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် တစ်သိန်း၏၊ စာရေးဆရာ ရာမည မင်းသက်နိုင်၊ လှိုင်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ကြယ်နီလေး(ဥပဒေ)နှင့် မုံရွာမြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ် ငါးသောင်း၏၊ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)-စာရေးဆရာမ(မလေးယဉ်) မိသားစုက ငွေကျပ် ၃၆၆၀၀၀ တန်ဖိုးရှိ စာအုပ်များ ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ် (၁၇၃/၁၇၅)၊ (၇)လွှာ၊ ပန်းဆိုးတန်းလမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၅၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မြန်မာ့အလင်း

ချမ်းမြသာစည်မြို့နယ်၌ ဝက်သက်၊ ကျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံပေးလျက်ရှိ

မန္တလေး နိုဝင်ဘာ ၁၃

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝက်သက်၊ ကျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်းကို ယနေ့နံနက် ၉ နာရီက ထွန်တုံးရပ်ကွက်ရှိ ရွှေမုဒ္ဒော ဓမ္မာရုံနှင့် မြို့သစ်အမှတ် (၅) ရပ်ကွက်ရှိ ရွှေဘုန်းရောင်ဓမ္မာရုံတို့တွင် ထိုးနှံပေးသည်။



ထိုသို့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက အသက်ကိုးလနှင့် ၅၉ လ အတွင်း ကလေးများအား ဝက်သက်၊ ကျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်း၊ ဗီတာမင်အေနှင့် သန်ချဆေးတိုက် ကျွေးခြင်းများ ဆောင်ရွက်မှုအပေါ် မန္တလေးတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းသန်းနှင့်အဖွဲ့ဝင်များ၊ မဟာအောင်မြေခရိုင်/ချမ်းမြသာစည်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ခဲ့ပြီး ကလေးငယ် ၁၅၀ အား အရှုပ်များ၊ ပေါင်မုန့်နှင့် ပဲနို့မှုံများ ပေးဝေခဲ့ကြောင်း သိရသည်။

အလင်းသစ်(ပြန်/ဆက်)

❍ *ကျောထုံးမှ*

အရာထမ်း/ အမှုထမ်းများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ အမျိုးသမီး ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက အားကစားရေးရာဝန်ကြီးဌာနအသင်းကို သုံးပွဲ-သုံးပွဲဖြင့် လည်းကောင်း၊ အမျိုးသားကွာတားဖိုင်နယ်အဆင့် အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း၊ ပို့ဆောင်ရေး ဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အားကစားရေးရာဝန်ကြီးဌာနအသင်းက အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိသည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၄ ရက် နံနက် ၉ နာရီမှစတင်၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ အမျိုးသမီး ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်အဖြစ် ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ အမျိုးသားကွာတားဖိုင်နယ်အဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်း၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်းတို့ ဆက်လက် ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို “အခမဲ့” လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

✻ *ကျောထုံးမှ*

သတင်းအရ လယ်ဝေးမြို့နယ် ကြာကန်ကျေးရွာအနီးတွင် ဖယ်ခုံမြို့နယ် ပီကင်းရွာနေ ဇော်ပိုင်(၁၈)ကိုပိုင်(၂၁)နှစ် မောင်းနှင်ပြီး ချမ်းသေးသာစီမြို့နယ်နေ သူရဇော်(၁၉)နှစ်ကြီး(၃၂)နှစ် လိုက်ပါလာသော HILUX SURF အမျိုးအစားယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်တွင် သိုဂုက်သယ်ဆောင်လာသည့် ဘိန်းစိမ်း ၈၇ ဒသမ ၁ ကီလို (တစ်ကီလို လျှင် ငွေကျပ် ၈ သိန်းနှုန်းဖြင့် ဒေသတန်ဖိုးငွေကျပ် ၆၉၆ ဒသမ ၈ သိန်း) ဖမ်းဆီးရမိသဖြင့် ဇော်ပိုင်(၁၈)ကိုပိုင်နှင့် သူရဇော် (၁၉) နှစ်ကြီး တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ နိုဝင်ဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ကမာရွတ်မြို့နယ် (၇)ရပ်ကွက် ဟံသာဝတီလမ်းတွင် လမ်းလျှောက်လာသူ စမ်းချောင်းမြို့နယ် မုန့်လုပ်ဆောင်းကုန်း(တောင်) ရပ်ကွက်နေ အောင်မြင့် (၁)ကျား၏ (၃၃)နှစ်အား စစ်ဆေးရာဖွေရာ ၎င်းထံမှ စိတ်ပြောင်းဆေးဝါး HAPPY WATER ၁၅၀ ဂရမ် (တစ်ဂရမ်လျှင် ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၉၀ ဖမ်းဆီးရမိပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ယင်းနေ့ မွန်းလွဲ ၃ နာရီခွဲအချိန် ၎င်းနေထိုင်သည့် စမ်းချောင်းမြို့နယ် မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက်ရှိ နေအိမ်မှ စိတ်ပြောင်းဆေးဝါးများ ဖြစ်သည့် HAPPY WATER ၃ ဒသမ ၆၇၁ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၆၀၀ နှုန်းဖြင့် ဒေသတန်ဖိုး ငွေကျပ်သိန်း ၂၂၀၂ ဒသမ ၆ သိန်း)နှင့် ကက်တမင်း ၁ ဒသမ ၈၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၆၀၀ နှုန်းဖြင့် ဒေသတန်ဖိုး ငွေကျပ်သိန်း ၁၁၀၀) ကို ထပ်မံဖမ်းဆီးရမိသဖြင့် အောင်မြင့်(၁)ကျားရီအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ နိုဝင်ဘာ ၁၁ ရက် ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ပျော်ဘွယ်မြို့နယ် ရွှေညောင်ဖူးကျေးရွာအုပ်စု ကျောက်ချပ်ရွာနေ ကျော်လွင်(၆၄)နှစ်၏ နေအိမ်ကို ဝင်ရောက် ရှာဖွေရာ စိတ်ကြွဆေးပြား ၉၄၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ဒေသတန်ဖိုးငွေကျပ် ၁၈၈ သိန်း) ဖမ်းဆီးရမိသဖြင့် ကျော်လွင်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ အရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်



သိလိုရာမေး စတော့ရှယ်ယာအရေး စာအုပ်ထွက်ရှိလာ

နေပြည်တော် နိုဝင်ဘာ ၁၃

"သိလိုရာမေး စတော့ရှယ်ယာအရေး" စာအုပ်မှာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လမ်းညွှန်စာအုပ်ဖြစ်၍ စီးပွားရေး ပညာရှင် ဆရာ **သက်ထွန်းဦး**က ရေးသား ပြုစုပြီး ယခုအခါ ထွက်ရှိလာပြီဖြစ်သည်။

မြန်မာနိုင်ငံ၏ စတော့ဈေးကွက်နှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍသည် တစ်နေ့ထက် တစ်နေ့ ပိုမိုစိတ်ဝင်စားဖွယ် ကောင်းလာပြီး စီးပွားရေးအမြင်ရှိသူများနှင့် လူငယ်များအကြား ရေပန်းစားလျက်ရှိသည်။ သို့သော် စတော့ရှယ်ယာလောကသို့ စတင်ဝင်ရောက်လိုသူများနှင့် စတော့နှင့် ပတ်သက်သည့် အခြေခံသဘောတရားများကို ရှင်းလင်းပြတ်သားစွာ သိရှိလို သူများအတွက်ဤစာအုပ်သည်အကောင်းဆုံး အမေးအဖြေ လမ်းညွှန်စာအုပ် တစ်အုပ် ဖြစ်သည်။ စာရေးသူ ဆရာ သက်ထွန်းဦးသည် မြန်မာနိုင်ငံ၏ စီးပွားရေးလောကနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် နှစ်ပေါင်းများစွာ လက်တွေ့ကျကျ ပါဝင်ဆောင်ရွက်ခဲ့သည့် ဘဏ္ဍာရေးပညာရှင်တစ်ဦး ဖြစ်သဖြင့် စာအုပ်ပါအချက်အလက်များသည် အနှစ်သာရရှိပြီး လက်တွေ့



နယ်ပယ်နှင့် အလွန်ကိုက်ညီလှသည်ကို မြင်တွေ့ရသည်။

အဆိုပါစာအုပ်တွင် စတော့ဈေးကွက်၏ သမိုင်းအကျဉ်း၊ အများပြည်သူသို့ ရှယ်ယာများ ထုတ်ဝေရောင်းချခြင်း၏ အကျိုးကျေးဇူးများ၊ စတော့ဈေးနှုန်းများ သတ်မှတ်ခြင်းနှင့် ငွေချေးသက်သေခံ လက်မှတ် ကုမ္ပဏီများ အကြောင်းတို့ကို စုံစုံလင်လင် ဖော်ပြထားသည်။ ထို့ပြင် စတော့အိမ်ချဉ်းကပ်မှုနှင့် စာရင်းဝင်ခြင်း၊ စာရင်းဝင်ကုမ္ပဏီများ လိုက်နာရမည့် အချက်များ၊ စတော့ဈေးကွက်အထောက် အကူပြုအဖွဲ့များနှင့် စတော့ရောင်းဝယ် သူများအတွက် နည်းဗျူဟာများ၊ ငွေချေးစာချုပ်ချေးကွက်နှင့် ချေးငွေအဆင့် သတ်မှတ်ခြင်း စသည့် သိသင့်သိထိုက်သည့် ဘဏ္ဍာရေးဆိုင်ရာ အခြေခံဗဟုသုတများကို ကဏ္ဍအလိုက် စနစ်တကျ ခွဲခြားရှင်းလင်းထားသည်။ စာအုပ်၏ နောက်ဆက်တွဲတွင်လည်း "စတော့ရှယ်ယာဈေးကွက်ဆိုင်ရာ ဝေါဟာရများ" ကိုပါ မြန်မာ-အင်္ဂလိပ် အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့်တကွ ထည့်သွင်းပေးထားသဖြင့် လေ့လာရလွယ်ကူပြီး အကိုးအကားပြုရန် ကောင်းမွန်သော အိတ်ဆောင် လမ်းညွှန်စာအုပ်ကောင်း ဖြစ်သည်။


စာအုပ်ကို Wisdom House စာအုပ်တိုက်မှ ၂၀၁၆ ခုနှစ် အောက်တိုဘာလ တွင် ပထမအကြိမ်အဖြစ် တန်ဖိုး ၁၈၀၀၀ ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိထားခြင်းဖြစ်သည်။ ဝယ်ယူဖတ်ရှုလိုသူများ အနေဖြင့် Wisdom House စာအုပ်တိုက် အခန်း ၀၀၂ တိုက် ၅၆ အဝေးလမ်း မေတ္တာညွှန့်ရပ်ကွက် တာမွေမြို့နယ်သို့ လည်း ကောင်း၊ မြို့နယ်အသီးသီးရှိ စာအုပ် ဆိုင်ကြီးများတွင်လည်းကောင်း ဝယ်ယူ နိုင်ကြောင်း သိရသည်။

မြန်မာ့အလင်း

ကမ္ဘာ့ကျောက်မျက် A to Z စာအုပ်ဖြင့် ရတနာပဟုသုတကမ္ဘာသို့ ခြေလှမ်းစတင်နိုင်

နေပြည်တော် နိုဝင်ဘာ ၁၃

ကမ္ဘာ့တစ်လွှားရှိ ကျောက်မျက်ရတနာ တန်းဝင်ကျောက်အမျိုးအစား အားလုံး ကို မြန်မာဘာသာဖြင့် အစုံလင်ဆုံး ရှာဖွေလေ့လာနိုင်မည့် **"ကမ္ဘာ့ကျောက် မျက် A to Z"** အမည်ရှိ သုတေသန အဆင့်မီ လမ်းညွှန်စာအုပ် ထွက်ရှိလာခဲ့ သည်။ အဆိုပါစာအုပ်ကို ဘူမိဗေဒနှင့် ကျောက်မျက်ပညာရပ်ဆိုင်ရာ လုပ်ငန်း ခွင်များတွင် ဆယ်စုနှစ်ပေါင်းများစွာ ကျင်လည်ခဲ့သည့် ကျောက်မျက်ပညာ ရှင် ဆရာ**ကျောက်ရိုင်း(ဘူမိ)**က လက်တွေ့အတွေ့အကြုံများနှင့် ပေါင်းစပ်ကာ စနစ် တကျ ပြုစုရေးသားထားခြင်း ဖြစ်သည်။



ဤစာအုပ်၏ ထူးခြားချက်မှာ ကမ္ဘာပေါ်တွင် ရှိသမျှသော ကျောက်မျက်ရတနာ အမျိုးအစားများကို အင်္ဂလိပ်အက္ခရာ A မှ Z အထိ အစဉ်လိုက် အလွယ်တကူ ရှာဖွေ ရလွယ်ကူအောင် စုစည်းပေးထားခြင်းဖြစ်သည်။ ကျောက်မျက်တစ်ခုချင်းစီ၏ ဖြစ်တည်မှု သဘာဝ၊ ထူးခြားသည့် ရုပ်ပိုင်းဆိုင်ရာ ဂုဏ်သတ္တိများနှင့် ပညာရပ်ဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ခိုင်မာသော စာပေအကိုးအကားများစွာဖြင့် အသေးစိတ် ရှင်းလင်းတင်ပြထားသည်။ ကျောက်မျက်အတတ်ပညာသင်ကျောင်းတွင် နည်းပြအဖြစ် ပါ ဆောင်ရွက်ခဲ့သည့် စာရေးသူ၏ လမ်းညွှန်ချက်များဖြစ်၍ အခြေခံဝါသနာရှင်များမှ သည် ပညာရှင်အဆင့်အထိ လက်စွဲပြုလေ့လာထိုက်သော စာအုပ်ကောင်းဖြစ်သည်။

ရတနာလောက၏ မရှိမဖြစ် လက်စွဲကျမ်းတစ်စောင်ဖြစ်သည့် ဤစာအုပ်ကို Wisdom House စာအုပ်တိုက်မှ ၂၀၂၆ ခုနှစ် အောက်တိုဘာလတွင် ဒုတိယအကြိမ် အဖြစ် တန်ဖိုး ၃၀၀၀၀ ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ခြင်းဖြစ်သည်။ ဝယ်ယူလိုပါက Wisdom House စာအုပ်တိုက် အခန်း ၀၀၂ တိုက် ၅၆ အဝေးလမ်း မေတ္တာညွှန့် ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနှင့် နီးစပ်ရာ စာအုပ်ဆိုင်ကြီးများတွင် ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ကြောင်း သိရသည်။

မြန်မာ့အလင်း

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်နှင့် ဒိုက်ဦးမြို့နယ်တွင် မသန်စွမ်းသူမှတ်ပုံတင်လက်မှတ်နှင့် မသန်စွမ်းထောက်ပံ့ကြေး ပေးအပ်



ညောင်လေးပင် နိုဝင်ဘာ ၁၃

မသန်စွမ်းမှတ်ပုံတင်လက်မှတ်နှင့် မသန်စွမ်းထောက်ပံ့ကြေးပေးအပ် ပွဲကို ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ သိရှိရတနာခန်းမ၌ကျင်းပပြီး မသန်စွမ်းသူမှတ်ပုံတင် လျှောက်ထားခဲ့ကြသည့် ညောင်လေးပင်မြို့နယ်နှင့် ဒိုက်ဦးမြို့နယ်တို့မှ မသန်စွမ်းသူ စုစုပေါင်း ၁၁၅၅ ဦးတို့အတွက် မသန်စွမ်းသူ မှတ်ပုံတင်လက်မှတ်များနှင့် ထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် ငွေကျပ်သုံးသောင်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၃၄၆၅၀၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မသန်စွမ်း ထောက်ပံ့ကြေး ပေးအပ်ရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် ၂၀၂၆ ခုနှစ် ဇူလိုင်လအတွင်း ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်နှင့် ဒိုက်ဦးမြို့နယ်တို့တွင် မသန်စွမ်းသူ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်ခဲ့ရာ မသန်စွမ်းသူမှတ်ပုံတင် လျှောက်ထားခဲ့ကြသည့် ညောင်လေးပင်မြို့နယ်နှင့် ဒိုက်ဦးမြို့နယ်မှ မသန်စွမ်းသူ စုစုပေါင်း ၁၁၅၅ ဦးတို့ အတွက် မသန်စွမ်းသူမှတ်ပုံတင်လက်မှတ်များနှင့် ထောက်ပံ့ကြေး အဖြစ် တစ်ဦးလျှင် ကျပ်သုံးသောင်းနှုန်းဖြင့် ပေးအပ်သွားမည်ဖြစ်ကြောင်း၊ အားလုံးအကျုံးဝင်ပါဝင်နိုင်သည့် လူ့အဖွဲ့အစည်း (All Inclusive Society) ဖြစ်စေရေး ဆောင်ရွက်ရာတွင် မသန်စွမ်းသူများကို ချန်လှပ်မထားဘဲ မည်သူ တစ်ဦးတစ်ယောက်မှ နောက်ကျ မကျန်ရစ်စေရေး (Leave No One Behind) မူနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားကာ ညောင်လေးပင်မြို့နယ်နှင့် ဒိုက်ဦးမြို့နယ်တို့မှ မသန်စွမ်းသူများကိုယ်စား လှယ်များကို မသန်စွမ်းသူမှတ်ပုံတင်လက်မှတ်နှင့် မသန်စွမ်းထောက်ပံ့ကြေးများ လက်ရောက် ပေးအပ်သည်။

ပြန်လည်ထူထောင်ရေးဦးစီးဌာနအနေဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်း၊ မြို့နယ်စစ်မှုထမ်း ဟောင်းအဖွဲ့တို့ပူးပေါင်း၍ မသန် စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်း လုပ်ငန်းကို ၃၀ ရက်ကြာ မြို့နယ်စိုက်ပျိုးစပ်ယှဉ်ပြိုင်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပန်းတောင်းမြို့နယ်၌ အယ်လ်နီညိုဖြစ်စဉ် ကြိုတင်ပြင်ဆင်ရေး အသိပညာပေး

ပန်းတောင်း နိုဝင်ဘာ ၁၃

ပန်းတောင်းမြို့နယ်၌ အယ်လ်နီညိုရာသီ ၃ တု ဖြစ်စဉ်ကြောင့် အပူချိန်မြင့်မားမှုအတွင်း မီးဘေးအန္တရာယ်များ ကြိုတင်ကာကွယ် နိုင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ နိုဝင်ဘာ ၁၃ ရက်က မြို့နယ်အတွင်းရှိ ဈေးများနှင့် စက်သုံးဆီအရောင်း ဆိုင်များ၌ မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အချက် များကို စစ်ဆေးခြင်း၊ မီးငြိမ်းသတ် ရေးပစ္စည်းများ အသုံးပြုနည်းနှင့် မီးလောင်မှုဖြစ်ပွားပါက အချိန်မီ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် လက်တွေ့ သရုပ်ပြလေ့ကျင့်ခြင်း၊ မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေး အသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြ သည်။ **လပြည့်လင်း(ပြန်/ဆက်)**



ဘိုကလေးမြို့နယ်၌ ဆောင်းသီးနှံ နေကြာနှင့် ပဲပုပ်စိုက်ပျိုးမည့်သူများအား မျိုးစေ့ပေးအပ်

ဘိုကလေး နိုဝင်ဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေး မြို့နယ် သာပေါင်းကျေးရွာအုပ်စု တောင်သူဦးစံသောင်း၏ လယ်မြေ ၅ မိုးစပါးစိုက္ခကိရိတ်သိမ်းခြင်း၊ ဆောင်းသီးနှံနေကြာနှင့် ပဲပုပ် စိုက်ပျိုးမည့် တောင်သူများအား မျိုးစေ့ပေးအပ်ခြင်းကို ယနေ့နံနက် ၉ နာရီက ကျင်းပရာ မြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက် မြင့်မားရေးကော်မတီဥက္ကဋ္ဌ ဦးစော ဝင်းလှိုင်နှင့် တာဝန်ရှိသူများက တောင်သူများအား ဆောင်းသီးနှံ နေကြာနှင့် ပဲပုပ်မျိုးစေ့များ



ပေးအပ်ကြသည်။

ဆက်လက်၍ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဝန်ထမ်းများက တောင်သူ ဦးစီသောင်း၏ လယ်မြေ၌ စိုက်ပျိုးထားသော ဘေးကြားတောင်ပျဉ် စပါးခင်းအား စံကွက်ရိတ်သိမ်းကြရာ အစို ၇၁ ဒသမ ၀၀ တင်း ထွက်ရှိခဲ့ပြီး တက်ရောက်လာသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

ဈေးရုံတစ်ရုံအတွင်း ဆိုင်ခန်းပေါင်း ၂၁၅ ခန်းဖြင့် ဖွင့်လှစ်ထားရှိသည့် ရွှေပြည်သာမြို့နယ် ဇီးကုန်းဈေးဖွင့်ပွဲ ကျင်းပ



ရန်ကုန် နိုဝင်ဘာ ၁၃

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် Myanmar Art Construction And Development Co.,Ltd. ပူးပေါင်းဆောင်ရွက်ပြီး ဈေးရုံတစ်ရုံအတွင်း ဆိုင်ခန်းပေါင်း ၂၁၅ ခန်းဖြင့် ဖွင့်လှစ်ထားရှိသည့် ဇီးကုန်းဈေးဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ဇီးကုန်းကျေးရွာအုပ်စု အမှတ်(၄)လမ်းမကြီးရှိ အဆိုပါဈေးဌာနကျင်းပသည်။

ဖွင့်ပွဲတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးချိုထွန်းအောင်၊ ရွှေပြည်သာမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် Myanmar Art Construction And Development Co.,Ltd.၏ Managing Director တို့က ဇီးကုန်းဈေးဖွင့်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက ဇီးကုန်းဈေးဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ဇီးကုန်းဈေးအတွင်း လှည့်လည်ကြည့်ရှုခဲ့ (ယာပုံ) ဈေးရှိသဘာဝရေကန်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် သဲဖြူကျေးရွာရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်လျက်ရှိသည့် လှိုင်ဖြစ် – လှော်ကား ရေအားဖြည့်စီမံကိန်းမှ လှော်ကားကန်သို့ အချင်း 1600 mm HDPE ပိုက် အရှည် ၆ ဒသမ ၁ မိုင် ရေပို့ပိုက်လိုင်း ဆက်သွယ်ခြင်း လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံ မြို့နယ် လှော်ကားရေလှောင်ကန်ရှိ နှစ်ထပ်ရုံး အစည်းအဝေးခန်း၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက ရန်ကုန်မြို့ ရေပေးဝေရေးစနစ်၏ ရေအရင်းအမြစ်များဖြစ်သော ဂျိုးဖြူရေလှောင်ကန်၊ ဖူးကြီးရေလှောင်ကန်၊ လှော်ကားရေလှောင်ကန်၊ ငမိုးရိပ်ရေသန့်စင်စက်ရုံ၊ လဝွန်းပြင်ရေသန့်စင်စက်ရုံတို့မှ တစ်ရက်လျှင် ရေဂါလန်စုစုပေါင်း ၂၄၄ သန်းကို ရန်ကုန်မြို့သို့ ရေပေးဝေနေမှုအခြေအနေများအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ခွဲထက်ကို (ပြန်/ဆက်)

သီးနှံစိုက်ကေနှင့် အထွက်နှုန်းမှန်ကန်မှုရှိစေရေး ညှိနှိုင်းစည်းဝေး



ပဲခူး နိုဝင်ဘာ ၁၃

အချိန်အခါမဟုတ် မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာမြေများ ရေကြီးနစ်မြုပ်လျက်ရှိရာ သီးနှံအထွက်နှုန်း ထိခိုက်မှုမရှိစေရေး ပြန်လည်ကုစားခြင်းကို ဘက်ပေါင်းစုံက ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ယမန်နေ့က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သီးနှံစိုက်ကေနှင့် အထွက်နှုန်း မှန်ကန်မှုရှိစေရေး အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြောကြားသည်။ (ဝဲပုံ)

ထို့ပြင် တစ်ကွင်းတစ်ဆက်တည်း စုပေါင်းစိုက်ပျိုးသည့် စနစ်ဖော်ဆောင်နိုင်ရေး စည်းရုံးဆောင်ရွက်ရန်၊ မျိုး၊ စိုက်နည်းစနစ်၊ သွင်းအား၊ စိုက်ပျိုးရေးရှုထောင့်နှင့် သီးနှံအမျိုးအစားအလိုက် အထွက်နှုန်းတိုးတက်ရေး ဆောင်ရွက်ရန်နှင့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖွင့်ထားရသည့် ချောင်းပိတ်၊ မြောင်းပိတ်များအား ဆောင်းသီးနှံနှင့် နွေစပါးသတ်မှတ်ဧက စိုက်ပျိုးနိုင်ရေး ပိတ်ထားဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် စိုက်ပျိုးရေးဦးစီးမှူးများက မြို့နယ်အလိုက် ရွာသွန်းခဲ့သည့် မိုးရေချိန်၊ လယ်ယာမြေများသို့ ရောင်ရောက်မှုနှင့် သီးနှံထိခိုက်ပျက်စီးမှုပေါ်မူတည်၍ ပြန်လည်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက စိုက်ပျိုးထုတ်လုပ်မှုလျော့နည်းခြင်းမရှိစေရေး ပြင်ဆင်ထားသင့်သည့် အချက်များကို အကြံပြုဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။

နေပြည်တော် နိုဝင်ဘာ ၁၃

နိုင်ငံတော်အစိုးရ အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများနှင့် ပူးပေါင်းကာအပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံး လုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများ အနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၁၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ် အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစား လုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက် ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၇ လုံး၊ စုစုပေါင်းအဆောက်အအုံ ၁၁ လုံးတို့ကို စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၅၂ လုံးကို လည်း စနစ်တကျ ဆက်လက် ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစား မှုကျူးလွန်ခြင်းများကို မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(၁၀၀)**



မှော်ဘီမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေး

မှော်ဘီ နိုဝင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အခွန်ဦးစီးဌာနမှုးရုံး၏ စီစဉ်မှုဖြင့် ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာရေးနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်အခွန်ဦးစီးဌာနမှုးရုံး ခန်းမ၌ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်ဦးက လုပ်ငန်းရှင်များအား အခွန်ကဏ္ဍ တစ်ရပ်ချင်းအလိုက် သိကောင်းစရာများ၊ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြီး ဆွေးနွေးပွဲသို့ မြို့နယ်အဆင့် အခွန်ကောက်ခံမှု အထောက်အကူပြု အဖွဲ့ဝင်များနှင့် လုပ်ငန်းရှင် အခွန်ထမ်း စုစုပေါင်း ၅၄ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

အဖိုးတန်
ရေချို
တန်ဖိုးထား
ထိန်းသိမ်း
ကြစေလို

ကရုဏာကမ္ဘာဘိုးဘွားရိပ်သာမှ အဘိုးအဘွားများအား နှလုံးစမ်းသပ်စစ်ဆေးခြင်း ကွင်းဆင်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၃

နေပြည်တော် ခုတင် ၁၀၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးနှင့် နေပြည်တော် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဒဂ္ဂီဏသိရိမြို့နယ် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား 24 hours ECG Vest (Holter) ဖြင့် နှလုံးစမ်းသပ်စစ်ဆေးခြင်းအစီအစဉ်ကို နိုဝင်ဘာ ၅ ရက်နှင့် ၁၂ ရက်တို့တွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။



အဆိုပါနှလုံးစမ်းသပ်စစ်ဆေးမှုအစီအစဉ်တွင် ပြည်သူ့ဆေးရုံကြီးမှ နှလုံးအထူးကုဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ ပါဝင်သောအဖွဲ့က နိုဝင်ဘာ ၅ ရက်တွင် အဘိုးအဘွား ၈၆ ဦးနှင့် နိုဝင်ဘာ ၁၂ ရက်တွင် အဘိုးအဘွား ၈၄ ဦး စုစုပေါင်း အဘိုးအဘွား ၁၇၀ တို့အား လိုအပ်သည့် နှလုံးကျန်းမာရေး စစ်ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်နေမှုများကို နေပြည်တော် ကောင်စီဝင် ဦးထွန်းထွန်းက ကြည့်ရှုအားပေးပြီး အဘိုးအဘွားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားကာ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

သျှင်ဦးမောင်(ဒဂ္ဂီဏ)



အင်းစိန်မြို့နယ်၌ အခွန်ဆိုင်ရာပညာပေး ရှင်းလင်းဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၁၃

အင်းစိန်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တည်ဆဲ အခွန်ဥပဒေများနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အင်းစိန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမျိုးမြင့်က အခွန်ဆိုင်ရာအကြောင်းအရာများကို ပြောကြားပြီး အင်းစိန်မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ဥမ္မာမြင့်က လုပ်ငန်းရှင်များအား အခွန်ကဏ္ဍ တစ်ရပ်ချင်းအလိုက် သိကောင်းစရာများ၊ အခွန်အမှတ် တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်းဆွေးနွေးခဲ့ရာ ဆွေးနွေးပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်စုစုပေါင်း ၁၀၅ ဦး တက်ရောက်ခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

ချောင်းဆုံမြို့နယ်၌ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးစကားဝိုင်း ပြုလုပ်

ချောင်းဆုံ နိုဝင်ဘာ ၁၃

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ နိုဝင်ဘာ ၁၁ ရက်က ကွမ်မိုက်(အထက-၃) ကျောင်း၌ လူငယ်စကားဝိုင်းကို ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြတင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိတို့က လူငယ်များ စာဖတ်ရှုနိုင်ဖွံ့တင်ရေး၊ ဗလငါးတန်နှင့် ပြည်စုံသော လူငယ်များ ပေါ်ထွက်လာစေရေးအတွက် လူငယ်စကားဝိုင်းများ ကျင်းပရခြင်းဖြစ်ကြောင်း၊ ကျောင်းသားလူငယ်များ စာဖတ်စွမ်းရည်များ တိုးတက်လာပြီး အသင်းအဖွဲ့များတွင် ပါဝင်လုပ်ဆောင်ဆွေးနွေးတတ်သည့် အလေ့အကျင့်များ၊ ကိုယ်ရည်ကိုယ်သွေးများနှင့် နှတ်မှုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ လူငယ်စကားဝိုင်းကို မြို့နယ်ဦးစီးမှူးနှင့် မြို့နယ်အားကစားမှူးတို့က ဦးဆောင်၍ ကျောင်းသား ကျောင်းသူများက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ လူငယ်ပညာရေး၊ အားကစား၊ ကျန်းမာရေးစသည်ဖြင့် ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ကိုကျော်(ချောင်းဆုံ)

ကျိုင်းတုံမြို့၌ ကလေးငယ်များ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံမှုဆိုင်ရာ အသိပေး၍ စတင်ဆောင်ရွက်

ကျိုင်းတုံ နိုဝင်ဘာ ၁၃

ကျိုင်းတုံမြို့၌ အသက် ၉ လမှ ၅ နှစ်အောက် ကလေးငယ်များ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်း လုပ်ငန်း အသိပေးဆွေးနွေးခြင်း နှင့် စတင်ဆောင်ရွက်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၁ ရက်က ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးတင်လင်းက ကလေးငယ်များ



ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်းဖြင့် ကလေးငယ်များ၏ခုခံအားကို ပိုမိုမြင့်မားလာစေမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေး လွှမ်းခြုံမှု ၉၅ ရာခိုင်နှုန်းနှင့် အထက် ရောက်ရှိစေရန်အတွက် ကျန်းမာရေး ဝန်ထမ်းများက ကြိုးစား ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်နယ်ကျန်းမာရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန်းဟုန်က ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်း အသိပေးဆွေးနွေးပြီး တာဝန်ရှိသူများက အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

ကျောက်တံခါးမြို့နယ်၌ လူငယ်များဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်း ကျင်းပ

ကျောက်တံခါး နိုဝင်ဘာ ၁၃

ကျောက်တံခါးမြို့နယ်၌ ယမန်နေ့က ပဲန္ဒယ်ကုန်းမြို့ အခြေခံပညာနှင့် (စက်၊ စိုက်၊ မွေး)အထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ပြုလုပ်ရာ အခြေခံပညာနှင့်(စက်၊ စိုက်၊ မွေး)အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရတနာလှိုင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိတို့က လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲန္ဒယ်ကုန်းမြို့ အခြေခံပညာနှင့်(စက်၊ စိုက်၊ မွေး) အထက်တန်းကျောင်းမှ (Grade-11)ကျောင်းသား ကျောင်းသူများက လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်ပေါင်းသင်း



ဆက်ဆံရေး၊ လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့်ဆိုရှယ်မီဒီယာ စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် ကျောင်းသားကျောင်းသူများက သိရှိလိုသည့်အကြောင်းအရာများကို မေးမြန်းကြရာ သက်ဆိုင်ရာခေါင်းစဉ်များအလိုက် ဆွေးနွေးခဲ့သူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

မျိုးမင်း(ပြန်/ဆက်)

ကော့သောင်းမြို့နယ်၌ အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုကြောင့် ရေရှားပါးမှုမဖြစ်ပေါ်စေရေး အသိပညာပေး

ကော့သောင်း နိုဝင်ဘာ ၁၃

ကော့သောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုကြောင့် သောက်သုံးရေရှားပါးမှုများ မဖြစ်ပေါ်စေရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ပိုင်းက အောင်မြန်မာကျေးရွာ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကော့သောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုး



တိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြမုံဖူးက အယ်လ်နီညို ဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်နိုင်ပြီး ရေရှားပါးခြင်းနှင့် ကျန်းမာရေးပြဿနာများ ဖြစ်ပွားလာနိုင်သည့်အတွက် ကြိုတင်ကာကွယ်ရေးနှင့် ဆောင်ရန် ရှောင်ရန်များ၊ သောက်သုံးရေကို ကြိုတင်စုဆောင်းထားရှိခြင်း၊ ရေသိုလှောင်ကန်များကို သန့်ရှင်းစွာ ထိန်းသိမ်းခြင်းနှင့် ရေကို လိုအပ်သလောက်သာသုံးစွဲကြရန် လိုက်နာရမည့် အချက်များကို အသိပညာပေးပြောကြားသည်။

ထို့နောက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

အထွေး



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၃) ရပ်ကွက်ရှိ သီတဂုစက္ခုဒါနဆေးရုံ၌ မျက်စိရောဂါဝေဒနာခံစားနေရသူများအား စက္ခုဒါနအဖြစ် အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးခြင်းကို နိုဝင်ဘာ ၁၂ ရက်က ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသမှု ခံယူကြသော လူနာများအား ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကော်မတီ ဥက္ကဋ္ဌ ဒေါ်ယဉ်မင်းသူနှင့်အဖွဲ့ဝင်များက နှုတ်ဆက်အားပေးကာ ရေသန့်ဘူးနှင့် အားဖြည့်အချိုရည်များကို လှူဒါန်းပေးအပ်စဉ်။

အေးမင်္ဂလာ

ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။

မုဒုံမြို့နယ် အထက ၃ ကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

မုဒုံ နိုဝင်ဘာ ၁၃

မွန်ပြည်နယ် မုဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ယမန်နေ့က အထက-၃ ကျောင်းရှိ ခန်းမ၌ ကျင်းပရာ အလယ်တန်း ပြဆရာမ ဒေါ်လဲ့လဲ့မော်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိတို့က ကျောင်းသားလူငယ်များ ကာယ၊ ဉာဏ ဗလငါးတန်းဖွံ့ဖြိုးတိုးတက်စေရန်၊ အသိပညာဗဟုသုတများ ကြွယ်ဝစေပြီး ကျောင်းစာအပြင် သုတ၊ ရသ စာပေများကို ဖတ်ရှုလေ့လာခြင်း အကျင့်း ဝေဖန်ပိုင်းခြားနိုင်ရန်၊ ပြင်ပစာပေများကို ဖတ်ရှုလေ့လာကြစေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းကို ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။



ထို့နောက် ကျောင်းသားကျောင်းသူများက "လူငယ်နှင့် ဆိုရှယ်မီဒီယာ" ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကို စတင်ကြရာ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက ပြန်လည်ဆွေးနွေးကြပြီး အသိပညာပေး နံရံကပ်ပိုစတာများ၊ စာအုပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

လယ်ဝေးမြို့နယ်၌ အယ်လ်နီညို သဘာဝဘေးဆိုင်ရာ အသိပညာပေးဟောပြော

လယ်ဝေး နိုဝင်ဘာ ၁၃

လယ်ဝေးမြို့နယ် ဝက္ကမူကျေးရွာ၌ ယမန်နေ့က အယ်လ်နီညိုသဘာဝဘေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပရာ လယ်ဝေးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာညွှန့်နိုင်က ဟောပြောပွဲ ကျင်းပခြင်း၏ ရည်ရွယ်ချက်များနှင့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် မွေးမြူရေးတိရစ္ဆာန်များ ဆုံးရှုံးမှုမရှိစေရန်နှင့် ထုတ်လုပ်မှု၊ လျော့ကျမှု မရှိစေရေးအတွက် ရေ၊ အစာ ကြိုတင်စီမံသိုလှောင်ခြင်း၊ ရောဂါနှင့် အပူဒဏ်မှ ကာကွယ်ခြင်းနှင့် အရေးပေါ်တုံ့ပြန်မှုများ အသင့်ပြင်ဆင်ထားခြင်းစသည်တို့ကို အသိပညာပေးဟောပြောပြီး တက်ရောက်လာသည့် ဒေသခံပြည်သူများ၏ မေးခွန်းများကို ရှင်းလင်းဖြေကြားခဲ့သည်။



အလားတူ လယ်ဝေးမြို့နယ် ဆည်စုကျေးရွာ၊ ပတ္တာကျေးရွာ၊ ရှားချောင်းကျေးရွာ၊ သော်မော့ကုန်းကျေးရွာ၊ ညောင်ပင်သာကျေးရွာ၊ ရန်ကင်းကျေးရွာ၊ သာယာကုန်းကျေးရွာ စသည့်ကျေးရွာများတွင်လည်း ပြည်ထောင်စုနယ်မြေအတွင်းရှိ ပျဉ်းမနား၊ တပ်ကုန်း၊ ဇမ္ဘူသိရိ၊ ဥတ္တရသီရိ၊ ဇေယျာသိရိ၊ ဒက္ခိဏာသိရိ၊ ပုဗ္ဗသိရိမြို့နယ်များမှ မြို့နယ်ဦးစီးမှူးများက အယ်လ်နီညိုသဘာဝဘေးဆိုင်ရာ အသိပညာများ ဟောပြောခြင်းများ ဆောင်ရွက်ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

သရက်ချောင်းမြို့နယ်၌ အကျိုးဆောင်တောင်သူများအား ဆောင်းသီးနှံမျိုးစေ့များ ပေးအပ်

သရက်ချောင်း နိုဝင်ဘာ ၁၃

သရက်ချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်က ၂၀၂၆-၂၀၂၇ ခုနှစ် ဆောင်းသီးနှံ (မတ်ပဲ၊ အစေ့ထုတ်ပြောင်း၊ နေကြာ) စိုက်ပျိုးမည့် အကျိုးဆောင်တောင်သူများအား မျိုးစေ့များ ပေးအပ်ပွဲ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဦးစီးအရာရှိတို့က ဆောင်းသီးနှံမျိုးစေ့များ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး တောင်သူများအား အယ်လ်နီညို အပူဒဏ်အန္တရာယ် ကြိုတင် ကာကွယ်ရေးနှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များ၊ ရေချွေတာသုံးစွဲရန်နှင့် ရေသိုလှောင်ထားရှိရန် အသိပညာပေး ဆွေးနွေးသည်။



ထို့နောက် တာဝန်ရှိသူများက အကျိုးဆောင်တောင်သူများအား ဆောင်းသီးနှံ (မတ်ပဲ၊ အစေ့ထုတ်ပြောင်း၊ နေကြာ) မျိုးစေ့များ ဖြန့်ဖြူးပေးအပ်ခဲ့သည်။

ပြည့်ဖြိုးပိုင်(ပြန်/ဆက်)

ကျိုက်ထိုမြို့၌ စာဖတ်ရှုနိုးဖြွင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

ကျိုက်ထို နိုဝင်ဘာ ၁၃

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် စာဖတ်ရှုနိုးဖြွင့်တင်ရေးလှုပ်ရှားမှု အဖြစ် လူငယ်/လူရွယ်များ ဗလငါးတန်းဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းကို ယမန်နေ့က ကျိုက်ထိုမြို့ အခြေခံပညာအထက်တန်းကျောင်း (ကျူချောင်)၌ ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မာလာလှိုင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိတို့က လူငယ်စကားဝိုင်းပြုလုပ်ပေးရသည့် ရည်ရွယ်ချက်ကို ဆွေးနွေးသည်။



ဆက်လက်၍ စကားဝိုင်းကိုကျင်းပရာ ကျောင်းသား ကျောင်းသူလေးဦးက အမြင်များကို ရှင်းပစ်ပါ၊ ငယ်စဉ်အခါပညာရှာ၊ လူငယ်နှင့် အချိန်၏တန်ဖိုး၊ လူအမျိုးမျိုးစိတ်အဖုံဖုံ စသည့်ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြသည်။ ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသားကျောင်းသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ စကားဝိုင်းပါဝင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။ ယင်းနောက် သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များ၊ စာအုပ်စာစောင်များကို ခင်းကျင်းပြသသည်။

ပြည့်ဖြိုး(ပြန်/ဆက်)

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၌ စာဖတ်ရှုနိုးဖြွင့်တင်ရေး ဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်တွင် စာဖတ်ရှုနိုးဖြွင့်တင်ရေးလှုပ်ရှားမှု အသိပညာပေး ဟောပြောပွဲ၊ ပြပွဲနှင့် ပြိုင်ပွဲများကို ယနေ့နံနက်က အမှတ်(၈)အခြေခံပညာမူလတန်းကျောင်း၌ ဆောင်ရွက်ရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်အေးမာ့မူ က ကျောင်းသားလူငယ်များ ကျောင်းသင်ခန်းစာများကို အထောက်အကူ ဖြစ်စေမည့် စာအုပ်စာပေများကို လေ့လာဖတ်ရှုမှတ်သားရန်နှင့် စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများ အကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းများကို အသိပညာပေး ဟောပြောသည်။



ဆက်လက်၍ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဂီမံးကစားနည်းပြိုင်ပွဲများကို ကျင်းပရာ ကျောင်းသား ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက အသိပညာပေး နံရံကပ်စာစောင်များကို လေ့လာခဲ့သည်။

မြို့နယ်(ပြန်/ဆက်)



ပန်းတနော်မြို့နယ်၌ မီးခိုးမြူငွေ့အန္တရာယ် အသိပညာပေး

ပန်းတနော် နိုဝင်ဘာ ၁၃

ပန်းတနော်မြို့နယ် သုံးထပ်ကျောင်းကျေးရွာ၌ သဘာဝဘေးအန္တရာယ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်က ကျင်းပရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးလှိုင်က ရာသီဥတုပြောင်းလဲမှုနှင့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ထိခိုက်လာနိုင်သည့်အခြေအနေများ၊ ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများကို ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရမည့်အချက်များနှင့် ရေကို စနစ်တကျချွေတာသုံးစွဲရေးတို့ကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ မီးခိုးမြူငွေ့ဖြစ်ပေါ်ရခြင်း အကြောင်းရင်းများ၊ မီးခိုးမြူငွေ့အန္တရာယ်တားဆီးကာကွယ်ရေးနည်းလမ်းများနှင့် မီးခိုးမြူငွေ့ကြောင့် ပြည်သူများ၏ ကျန်းမာရေးအပေါ် သက်ရောက်နိုင်သည့် ဆိုးကျိုးများအကြောင်းကို အသိပညာပေး ဆွေးနွေးဟောပြောသည်။

မြို့နယ်(ပြန်/ဆက်)



တိုက်ကြီးမြို့နယ်၌ လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် (ပြည်ထောင်စု/တိုင်းဒေသကြီး) ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တိုက်ကြီးမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးဇော်မိုးဦးနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်ဝစေရေးနှင့် ဘဏ္ဍာနှစ်အတွင်း အချိန်မီပြီးစီးရေး မှာကြားခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)



ပခုက္ကူမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ နိုဝင်ဘာ ၁၁ ရက်က မိသားစုနှင့်အတူစာဖတ်ကြစို့ ခေါင်းစဉ်ဖြင့် မိဘနှင့်ကလေးပူးတွဲစာဖတ်ခြင်း၊ စာအုပ်ရွေးချယ်မှုအကြံပြုဆွေးနွေးပွဲ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တာဝန်ရှိသူများက စာပေဖတ်ရှုခြင်းဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြောစဉ်။

ခေးလ်လောင်းမဲင်း



လှည်းကူးမြို့နယ်အတွင်း ကျေးရွာနေပြည်သူများ အဆင်ပြေသွားလာနိုင်စေရန်အတွက် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်လမ်းဆောင်ရွက်နေမှုများကို ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(တည်ဆောက်ရေး) ရန်ကုန်တိုင်းဒေသကြီး (တာဝန်ခံ)ဦးဇော်မိုးဦးနှင့် တာဝန်ရှိသူများ နိုဝင်ဘာ ၁၁ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။

အိမ်ရွှေစင်လတ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနနှင့် လုံကျန်းပြည်သူ့လုံခြုံရေးဗျူရိုမှ ဆုကြေးငွေထုတ်ပြန်ထားသည့် တရုတ်နိုင်ငံသား တရားခံတစ်ဦး အပါအဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်လုပ်ကိုင်နေသူ ၁၀၆ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ သာကေတမြို့နယ်အတွင်း ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၃

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတွင်း ပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူများအား ရှာဖွေဖော်ထုတ်တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်ဖမ်းဆီး အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန (Ministry of Public Security– MPS) နှင့် လုံကျန်းပြည်သူ့လုံခြုံရေးဗျူရိုမှ ဆုကြေးငွေထုတ်ပြန်ထားသည့် တရားခံ ၄၃ ဦး အမည်စာရင်း၌ ပါရှိသူ Su Fu Quan (ဆူးဖုခွမ်) ရောက်ရှိရေးပြီး အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော



ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူ တရုတ်နိုင်ငံသား တရားခံပြေး Su Fu Quan အား ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

ပူးပေါင်းအဖွဲ့များက စုံစမ်းရှာဖွေဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၂ ရက် ည ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် သာကေတမြို့နယ် အမှတ်(၈)ရပ်ကွက် နဝရတ်လမ်း အောင်ကောင်းကျော် အိမ်ရာဝင်းအတွင်းရှိ ပြင်ဦးလွင်မြို့နေ ဒေါ်မြတ်ဇင်ဦးနှင့် တရုတ်နိုင်ငံသား Mr. Huo တို့ ပိုင်ဆိုင်သည့် Golden River Residence Condo ၊ အခန်းအမှတ် (၁၁၀)၊ (၃၀၁)၊ (၃၀၂)၊ (၃၀၆)၊ (၃၀၇)၊ (၃၁၀)၊ (၅၀၅)၊ (၅၀၉)နှင့် (၅၁၀) တို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများလုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား Su Fu Quan (ဆူးဖုခွမ်) အပါအဝင် တရားမဝင် တရုတ်အမျိုးသား ၄၈ ဦး၊ အမျိုးသမီး လေးဦး၊ ဗီယက်နမ်နိုင်ငံသား အမျိုးသား ရုစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၃၁ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၁၀၆ ဦး အား အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် ကွန်ပျူတာ ၁၂၁ လုံး၊ Laptop ငါးလုံး၊ Server တစ်လုံး၊ ဖုန်းမျိုးစုံ အလုံး ၁၉၀၊ Wifi စက် ခုနစ်လုံး၊ Router နှစ်လုံး၊ မြန်မာနိုင်ငံသား (Customer) များထံသို့ပေးပို့ကာ ၎င်းတို့ကြိုက်နှစ်သက်မည့် အမျိုးသမီးများ၏ အသက်အရွယ်၊ အဖျို/အိမ်ထောင်သည်တို့ကို မေးမြန်းပြီး Customer များကရွေးချယ်၍ ပြန်လည်ပေးပို့လာပါက ၎င်းတို့နေထိုင်သည့် မြို့နယ်နှင့် Location တို့ကို တောင်းယူကြောင်း၊ ထို့နောက် Customer အား အမျိုးသမီးများနှင့် ပျော်ပါးနိုင်ကြောင်း ဓာတ်ပုံများပေးပို့၍ စည်းရုံးခဲ့ကြောင်း၊ ဒုတိယအဆင့်အနေဖြင့် Customer အား Member ဝင်ရောက်ရန် စည်းရုံးပြောဆို၍ ဝင်ရောက်မည်ဆိုပါက Ali Pay နှင့် Wechat Pay QR ကုတ်တို့ကို Customer ထံပေးပို့ပြီး တရုတ်ငွေ ၁၀ ယွမ် လွှဲခိုင်းကြောင်း၊ ငွေလွှဲရောက်ရှိပါက VIP အကောင့်ဖွင့်ရန် ကုတ်နံပါတ်ပေးပို့ကြောင်း၊ ဆက်လက်၍ အဖွဲ့ခေါင်းဆောင်၏ Kaqpo အကောင့်သို့ ဆက်သွယ်စေခဲ့ကြောင်း၊ ထို့နောက် အဖွဲ့ခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်များက ပျော်ပါးနိုင်သော အမျိုးသမီးနှင့် ဆက်သွယ်ပေးမည်ဟုပြောဆို၍ Customer ၏ ကိုယ်ရေးအချက်အလက်နှင့် Passport စာအုပ်ငါးအုပ်၊ တရုတ်နိုင်ငံသား Passport စာအုပ် နှစ်အုပ်၊ KBZ ဘဏ်စာအုပ် လေးအုပ်တို့နှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများအား စိစစ်မေးမြန်းမှုများအရ အွန်လိုင်းငွေကြေးလိမ်လည်မှုများ လုပ်ငန်းလုပ်ကိုင်ရာတွင် ဟန်တုပ်၊ ပိုင်ရစ်၊ အာထန်၊ တာဟိုက်နှင့် စုကျင်ဟူ၍ အဖွဲ့ငါးခု ဖွဲ့စည်းထားကြောင်း၊ အဖွဲ့တိုင်း၌ ခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်တို့ကဦးဆောင်၍ Kaqpo အကောင့်နှင့် Telegram အကောင့်များဖွင့်လှစ်၍ လုပ်ကိုင်ကြောင်း၊ အဆိုပါ Kaqpo အကောင့်တွင် တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် အိန္ဒိယနိုင်ငံတို့တွင်နေထိုင်သည့် Customer (ပစ်မှတ်) များနှင့် Member Group ဖွဲ့ပေးထားပြီး တရုတ်စာဖြင့်သာ ရေးသားပြောဆိုကာ Kaqpo Application အား Chrome မှတစ်ဆင့် Download ပြုလုပ်၍ အကောင့်ဖွင့်ရကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံမှုကို အခြေခံကာ အခွင့်အလမ်းမက်လုံးပေးလိမ်လည်မှုအနေဖြင့် ပထမအဆင့်တွင် ပစ်မှတ်ထားခံရသူများအား အမျိုးသမီးများဖြင့် စည်းရုံးမှုကို စတင်ရာ Customer Service များက အမျိုးသမီးစတစ်ကာပုံများကို ပစ်မှတ်ထားခံရသူ



ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့် နေရာပြမြေပုံ။

အလုပ်အကိုင်တို့ကို ပေးပို့စေခဲ့ပြီး အဆိုပါ အမျိုးသမီးနှင့် Group ဖွဲ့ပြောဆို၍ Member ကြေး တရုတ်ငွေ ၇၂ ယွမ် လွှဲစေခဲ့ကြောင်း၊ ငွေရရှိမှုအတည်ပြုပြီးပါက Customer အတွက် အကျိုးအမြတ်ဟုဆိုကာ ၈ ယွမ် ထပ်ဆောင်း၍ တရုတ်ငွေ ၈၀ ယွမ်ကို Customer ထံသို့ ပြန်လည်လွှဲပေးကြောင်း၊ တတိယအဆင့်အနေဖြင့် တရုတ်ငွေ ၂၀၁ ယွမ် ပေးသွင်းပါက ၂၂၃ ယွမ်၊ တရုတ်ငွေ ၄၀၁ ယွမ် ပေးသွင်းပါက ၄၂၅ ယွမ်၊ တရုတ်ငွေ ၆၀၁ ယွမ် ပေးသွင်းပါက ၆၆၂ ယွမ်ရရှိမည်ဟု မက်လုံးပေးစည်းရုံးပြောဆို၍ Customer က လွှဲပေးသည့် ယွမ်ငွေအပါအဝင် အကျိုးအမြတ်ရရှိငွေများကို တစ်ပေါင်းတည်း ပြန်လည်လွှဲပေးခဲ့ကြောင်း၊ ထို့နောက် ယုံကြည်အောင် ဆက်လက်စည်းရုံးပြောဆို၍ စတုတ္ထအဆင့်အနေဖြင့် Customer က လောဘတက်ကာ ငွေကြေးအမြောက်အမြား ထည့်ဝင်လာသည့်အခါတွင် ငွေများပြန်မပေးတော့ဘဲ လိမ်လည်ရယူနိုင်ခဲ့ကြောင်း Customer များထံမှ တစ်ဦးလျှင် အများဆုံး တရုတ်ငွေ ယွမ် ၄၈၀၀၀ အထိ လိမ်လည်ရယူနိုင်ခဲ့ကြောင်း သိရသည်။

အွန်လိုင်းမှ စျေးရောင်းစျေးဝယ်လိမ်လည်မှု လုပ်ငန်းစဉ်အနေဖြင့် Telegram Group သုံးခုကို ဖွဲ့စည်းထားရှိပြီး Group တစ်ခုတွင် Member ခုနစ်ဦးဖြင့် ဖွဲ့စည်းထားရှိကြောင်း၊ ၎င်းတို့သည် ဘရာဇီးနိုင်ငံနှင့် ကိုလံဘီယာနိုင်ငံနေ ပစ်မှတ်များအား အဓိကထား၍ စျေးဝယ် Website အတုများဖြစ်သည့် www.amazonexotic.com နှင့် www.falabella.com တို့ကို အသုံးပြုကာ လိမ်လည်ကြကြောင်း၊ လိမ်လည်မှုပြုလုပ်ရာတွင် www.amazonexotic.com နှင့် www.falabella.com ၌ ရောင်းချရန် Post တင်ထားသည့် ကုန်ပစ္စည်းများအား Like ပြုလုပ်ရုံဖြင့် ဘရာဇီးနိုင်ငံနှင့် ကိုလံဘီယာ နိုင်ငံငွေ ၁၀၀၀၀ အား ကနဦးပေးခြင်း၊ ထိုသို့ ငွေပေးရန်အတွက် Telegram အကောင့်အသုံးပြုသူထံမှ ဘဏ်အကောင့်တောင်းခံခြင်း၊ ဘဏ်အကောင့်ရရှိပါက အဆိုပါ ဘဏ်အကောင့်သို့ ကနဦး ငွေ ၁၀၀၀၀ ထည့်သွင်းပေးခြင်း၊ ထို့နောက် နောက်အဆင့် တက်ရောက်ရန် အတွက် Telegram Group အတွင်းသို့ ထည့်သွင်းပေးပြီး Telegram Group အတွင်း ရောက်ရှိလာပါက www.amazonexotic.com နှင့် www.falabella.com ၌ ရောင်းချရန် Post တင်ထားသည့် ကုန်ပစ္စည်းများအား ထပ်မံ၍ Like သုံးကြိမ် ပြုလုပ်နိုင်ခဲ့ကာ ထိုသို့ပြုလုပ်ပေးသည့်အတွက် ဘရာဇီးနိုင်ငံနှင့် ကိုလံဘီယာနိုင်ငံ ငွေ ၁၃၀၀၀ အား ထပ်မံပေးခြင်း၊ Like သုံးကြိမ်ပြုလုပ်ပေးသည့်အတွက် VIP Telegram Group အတွင်း တစ်ဆင့်တက်သည့်အနေဖြင့် ထပ်မံထည့်သွင်းပေးပြီး VIP အတွင်းရောက်ရှိလာပါက Member ဝင်ရန်အတွက် မြူဆွယ်ကာ Member ဝင်ရောက်၍ စျေးဝယ်ပါက စျေးဝယ်သည့် ကုန်ကျငွေအပြင် Member ကြေး ၂၀ ရာခိုင်နှုန်း ထပ်ဆောင်းပေးခြင်း၊ ထိုသို့ ထပ်ဆောင်းပေး၍ ထပ်မံ Member ဝင်ရောက်ပါက Member ကြေးများ ၆၀ ရာခိုင်နှုန်းအထိ ထပ်ဆောင်းပေးမည်ဟု မက်လုံးပေးမြူဆွယ်ကာ Member ကြေးများအား လိမ်လည်ခဲ့ခြင်းတို့ကို အဆင့်ဆင့်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်





ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

ပုသိမ်မြို့၌ သီးနှံအာမခံလျော်ကြေးပေးအပ်ပွဲ ကျင်းပ

ပုသိမ် နိုဝင်ဘာ ၁၃

သတ်မှတ်ထားသော မိုးရေချိန်စံညွှန်းကိန်းထက် ကျော်လွန်ခြင်းအတွက် သီးနှံလျော်ကြေးပေးအပ်ပွဲကို ယမန်နေ့က ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေး ဝန်ကြီး ဦးအောင်စန်းချစ်က တောင်သူများ၏ စိုက်ပျိုးသီးနှံများတွင် ကြုံတွေ့နိုင်သည့် သဘာဝ ဘေးအန္တရာယ်များကို အာမခံစနစ်ဖြင့် ကာကွယ်ထောက်ပံ့ပေးနိုင်ရေးအတွက် သီးနှံအာမခံလုပ်ငန်းကို စဉ်ဆက်မပြတ် ထားရှိ ဆောင်ရွက်ကြစေလို ကြောင်း ပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဒေါက်တာ မျိုးမင်းကြည်ဝင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင် ညွှန်ကြားရေးမှူး ဦးမင်းသူတို့က သီးနှံအာမခံနှင့် မြန်မာ့အာမခံလုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားရာ တောင်သူ ၁၃၀၀၆ ဦး၏ စိုက်ပျိုးဧက ၂၈၈၅၀ အတွက် သီးနှံအာမခံ လျော်ကြေးငွေကျပ် ၁၃၁ သန်း ကို ပေးအပ်ခဲ့သည်။ နိုဝင်ဘာ ၁၁ ရက်ကလည်း ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်နှင့် ဒေးဒရဲမြို့နယ်တို့မှ တောင်သူ ၁၅၂၂၅ ဦး၏ စိုက်ပျိုးဧက ၂၆၇၄၃ အတွက် သီးနှံအာမခံ လျော်ကြေးငွေကျပ် ၁၆၀၄ ဒသမ ၅၈ သန်းကို တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက ပေးအပ်ခဲ့ကြောင်း သိရသည်။

သန်း၈၎(ပြန်/ဆက်)



မင်္ဂလာဒုံမြို့နယ်၌ တည်ဆဲအခွန်ဥပဒေဆိုင်ရာ ရှင်းလင်းဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အခွန်ဦးစီးမှူးရုံးတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းနှင့် ဦးစီးအရာရှိတို့က တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသူများက အခွန်ဆိုင်ရာများနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

အခမ်းအနားသို့ မင်္ဂလာဒုံမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင် အခွန်ထမ်း ၆၈ ဦး တက်ရောက်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



တမူးမြို့၌ နိုင်ငံတာဝန် ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းများအား ဂုဏ်ပြုကြိုဆို

တမူး နိုဝင်ဘာ ၁၃

နိုင်ငံတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံသားကောင်းရတနာ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆)မှ ပြည်သူ့စစ်မှုထမ်းများအား စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့မီးသတ်လမ်းဆုံ၌ နိုဝင်ဘာ ၁၁ ရက်က ခရိုင်ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းကိုကိုနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများက အောင်သပြေပန်း၊ ဂုဏ်ပြုပန်းကုံးများ၊ အတီးအမှုတ် အကအခုန်များဖြင့် ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြပြီး ပြည်သူ့စစ်မှုထမ်း သုံးဦးအား ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဂုဏ်ပြုစကား ပြောကြားခဲ့ကြောင်း သိရသည်။

ရတနာ(တမူး)



ယာဉ်များ ဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။



စလင်းမြို့နယ်၌ မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဟောပြော

စလင်း နိုဝင်ဘာ ၁၃

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့ စွန်ကျွန်းညီကျေးရွာတွင် ဒေသခံပြည်သူများ အွန်လိုင်းလိမ်လည်မှု အကြောင်းများကို သိရှိနားလည်စေရန်နှင့် မူးယစ်ဆေးဝါးဆိုင်ရာ တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၁၁ ရက်က စွန်ကျွန်းညီကျေးရွာ ကပ်ကျော်ဘုရား တန်ဆောင်းအတွင်း၌ ကျင်းပရာ မြို့နယ် ရဲတပ်ဖွဲ့ ယာယီရဲမှူး မိုးဇော်နိုင်က အွန်လိုင်းလိမ်လည်မှု အကြောင်း အရင်းများကို လည်းကောင်း၊ ဆင်ဖြူကျွန်းနယ်မြေ ရဲစခန်းမှူးက မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် တည်ဆဲဥပဒေများနှင့် ပြစ်ဒဏ်များအကြောင်းကိုလည်း ကောင်းရှင်းလင်းဟောပြောခဲ့သည်။

ယင်းနောက်တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ပြီး မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြသည်။

မောင်လွင်(စလင်း)

❖ သဘာဝကပေး ရေချိုအေး၊ ခန်းခြောက်မသွားအောင် ထိန်းသိမ်းပေး။

❖ မိုးခေါင်ရေရှား ရင်ဆိုင်ကြာက ရေချိုစုဆောင်း နောင်ရေးကောင်း၏။

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ်၊ အ-ထ-က (၃)(ကျွဲခေါင်း) Grade-7 တွင်ပညာသင်ကြားနေသောမမိုးမိုးသိဖို့၏ဖခင် ဦးမောင်ငယ်၏ အမည် မှန်မှာ ဦးကိုကိုငယ် ၁၂/လသယ (နိုင်) ဝ၅၁၀၄၇ ဖြစ်ပါကြောင်း။

ဦးကိုကိုငယ်

တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းမြို့၊ ရုလက(၃)၊ သူရတပ်ခွဲ (၆၈)မှ Nဇော်ဆိုင်းမိုင်၏ မှတ်ပုံတင်တွင်ပါရှိသော N ဇော်ဆိုင်းမိုင် (၁၃/လရန(နိုင်)၁၆၈၆၂၀နှင့် တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ်တွင်ပါရှိသော အနံ့ဇော်ဆိုင်းမိုင် အမည်နှစ်မျိုးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ပတ်စ်ပို့ပျောက်

ပင်လောင်းမြို့၊ နောင်တရုးမြို့နယ်ခွဲ၊ ပေါခင်ရွာနေ (၁၁) ဦးအောင်သန်း၏ သမီး မသိမ့်ရွှေစင် (၁၃/နတရ (နိုင်) ၀၂၈၉၀၀) ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၆၃၃၇၅

ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ ကံသာရပ်နေ (၁၂)ဦးသိန်းလွင်၏သမီး ဒေါ်လေးလေးနွယ် (၁၃/တကန (နိုင်) ၂၁၀၀၅၅)၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်း ကြားပေးပါရန်။

ဖုန်း-၀၉-၇၉၅၃၃၃၅

ဦးအောင်ဝင်းနှင့် အများသိစေရန် ကြေညာခြင်း

မိတ္ထီလာမြို့၊ ဓောင်ချမ်းကုန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၁၉-၄/ဓောင်ချမ်းကုန်း)၊ မြေကွက်အမှတ်(၈၄)၊ ဧရိယာ(၀.၀၆၇)ကေအကျယ်အခန်းရှိ ဂရန်နံမြေကွက်အား ဂရန်အမည်ပေါက်သူ ဦးအောင်ဝင်းထံမှ ကျွန်တော် ဦးခေါ်ထူး က အရောင်းအယ်အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူကာ လက်ရှိထား နေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါအရောင်းအဝယ်အရပ်ကတိစာချုပ်တွင် ဝယ်ယူသူအမည်ပေါက် ပြောင်းလဲသည့်အချိန်တွင် သက်ဆိုင်ရာရုံးဌာနမှ အရောင်းအဝယ်မှတ်ပုံတင် စာချုပ် ချုပ်ဆိုပေးမည်ဖြစ်ကြောင်း ဂရန်အမည်ပေါက်သူ ဦးအောင်ဝင်း၊ ကိုယ်တိုင် ဝန်ခံကတိပြုထားသည့်အတွက် (၁၉-၁၁-၂၀၂၆)ရက်နေ့နောက်ဆုံးထားပြီး ကျွန်တော် ဦးခေါ်ထူးထံသို့ ဆက်သွယ်၍ အရောင်းအဝယ်မှတ်ပုံတင် စာချုပ် ချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားပါသည်။ သတ်မှတ်ရက်ကျော်လွန် ပြီးနောက် အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးခေါ်ထူးနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးခေါ်ထူး ရတနာမာရ်ရပ်ကွက်၊ မိတ္ထီလာမြို့၊ ဖုန်း-၀၉-၄၃၀၆၉၆၅၂

တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းမြို့၊ ရုလက(၃)၊ သူရတပ်ခွဲ(၆၈)မှ ဝေယံထက်၏ အိမ်ထောင်စုဇယားတွင် ဖခင်အမည်မှာ ဦးမျိုးလှိုင်ဟု လည်းကောင်း အထက်တန်းအဆင့် ပြီးမြောက်ကြောင်း ထောက်ခံစာတွင် ဦးဖိုးကျော်ဟုလည်းကောင်း၊ မိခင်၏မှတ်ပုံတင်တွင် မြင့်မြင့်ထွေးဟုလည်းကောင်း အထက်တန်းအဆင့် ပြီးမြောက်ကြောင်း ထောက်ခံစာတွင် အေးမြကြည်ဟု လည်းကောင်း၊ ဖခင်နှင့် မိခင်အမည် နှစ်မျိုးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္ထူလျောက်ထားခြင်း

ယာဉ်အမှတ် 26U/6289, NDY 125 ZHC 125CC, S/W M/C (Truck Body) ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူလင်း ဓာတင် ၉/မခန(နိုင်)၁၅၀၃၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္ထူးထုတ်ပေးရန် လျောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္ထူလျောက်ထားခြင်း

ယာဉ်အမှတ် 72W/34464, Lonxuan -110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူလင်း ဓ/ပသက (နိုင်)၁၉၆၁၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္ထူးထုတ်ပေးရန် လျောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ဘောနကြီးကျေးရွာ၊ ကွင်းအမှတ် - ၆၁၃၊ ကွင်းအမည် - ဝိန်းအင်းကြီးကွင်း၊ ဦးပိုင်အမှတ်- ၃၀၊ ဦးဖြင့်အေး အမည်ပေါက်ပိုင်ဆိုင်သော ဥယျာဉ်ခြံမြေ၊ ဧရိယာ(၄.၅၀)ကေအကျယ်အနှံးထဲမှ ဧရိယာအကျယ်အနှံး (၃.၂၁)ကေရှိ မြေများနှင့် ယင်းမြေများပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချပိုင်ခွင့်ရှိသူများထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်စောထွန်း (၁၁/စတန (နိုင်)၁၀၉၇၁၀) မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတချို့ တစ်ဝက်အား ပေးချေထားပြီး ထိုမြေများနှင့်ပတ်သက်၍ အရောင်းအယ်အား ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်၊ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခဲ့ခြင်းမရှိပါက အဆိုပါ မြေအရောင်းအဝယ်ကိစ္စများအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွဲအပ်ညွှန်ကြားသူ
ဦးကျော်စောထွန်း
၁၂/မဂန(နိုင်)၁၀၉၇၁၀

လွဲအပ်ညွှန်ကြားချက်အရ -
ဒေါ်သွယ်သွယ်စိုး(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၃၆၅၉)
အမှတ်-၄၄၊ ပထမထပ်၊ ၃၆လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၄၀၅၂၂၇၇၊ ၀၉-၇၉၁၉၈၈၂၁၁

တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းမြို့၊ ရုလက (၃) သူရတပ်ခွဲ (၆၈)မှ မျိုးကြီး(၃)မျိုးသူရကျော်၏ အိမ်ထောင်စု ဇယားတွင်ပါရှိသော မျိုးကြီး (၉/အရ(နိုင်)၂၂၆၂၁၁)နှင့် ကျောင်းထောက်ခံစာတွင်ပါရှိသော မျိုးသူရကျော် အမည်နှစ်မျိုးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့နယ်၊ ကျွန်းသာယာရပ်ကွက်၊ ကွင်းအမှတ် (၂၂)၊ မြေကွက်အမှတ် (၂/၂၂)၊ မြေဧရိယာ (၀.၁၉)ကေရှိမြေအား ခေါသန်းလှ(၃)ခေါလှမွန် မြေငှား ဂရန်အသစ် လျောက်ထားလာမှုနှင့် ပတ်သက်၍ကန့်ကွက်လိုပါကတရားဝင် ခိုင်လုံသော အထောက်အထား(မူရင်း) များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ ကြောင်း နှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန် အသစ် လျောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းညွှန်ကြား ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန
ပဲခူးမြို့

သင့်စီးပွားရေး လုပ်ငန်းများ အောင်မြင်ဖို့ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာစို့

ပျောက်ဆုံးကြောင်း

ကျွန်မ နန်းကျွဲလေး (၁၃/လလန(နိုင်)၁၀၄၂၂၃) ၏ နိုင်ငံကူးလက်မှတ်အမှတ် MC 340213 Date of issue (6.7.2017) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉– ၅၂၄၂၀၀၉

ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်သာ(၁၃/မမတ(နိုင်)၀၄၉၆၂၁) ၏ နိုင်ငံကူးလက်မှတ် အမှတ် MC–979301 Date of issue(29.1.2018)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၅၂၄၂၀၀၉

ပျောက်ဆုံးကြောင်း

ကျွန်မ နန်းအုန်းရီ(၁၃/တကန(နိုင်)၃၂၇၀၈၅) ၏ နိုင်ငံကူးလက်မှတ် အမှတ် MD–946863 Date of issue(5.2.2019)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၅၂၄၂၀၀၉

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
မရမ်းကုန်းခရိုင်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၂၃၁

၁။ ဒေါ်ချိုချိုဦး နှင့် ဒေါ်သန္တာဦး
၂။ ဦးတင်မိုးမြင့်
(တရားလိုများ) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဝါဝါဝင်းလမ်း၊ အမှတ်(၅၅) နေ တရားပြိုင် ဒေါ်သန္တာဦး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ၁။ (၄–၆–၂၀၂၄)ရက်စွဲပါ ကန်ထရိုက်တာနှင့်မြေရှင်တို့ နှစ်ခန်းတွဲ(၆)ထပ် အဆောက်အအုံအကျိုးတူကန်ထရိုက်တာဆောက်လုပ်ရန် နှစ်ဦးသဘောတူကတိစာချုပ်၊ ၂။ (၆–၆–၂၀၂၄)ရက်စွဲပါ (၄–၆–၂၀၂၄)ရက်စွဲပါ နှစ်ဦးသဘောတူကတိစာချုပ်၏ နောက်ဆက်တွဲပဋိညာဉ်စာချုပ်၊ ၃။ (၂၂–၁–၂၀၂၅) ရက်စွဲပါ (၄–၆–၂၀၂၄)ရက်စွဲပါစာချုပ်၊ (၆–၆–၂၀၂၄)ရက်စွဲပါ နောက်ဆက်တွဲပဋိညာဉ်စာချုပ်နှင့်အတူ ယနေ့တွင် ကန်ထရိုက်တာ နှင့်မြေရှင်အပြင် မြေနှင့်ပတ်သက်သော (မိသားစုစီမံမှုသဘောတူစာချုပ်) (၂၀–၁၀–၂၀၂၄) မှ ပါဝင်သူများပါ နောက်ဆက်တွဲဝန်ခံပဋိညာဉ်စာချုပ်(၃)စောင်အား အပြီးတိုင်ဖျက်သိမ်း၍ တရားလိုများက တရားပြိုင်လက်ဝယ်သို့ ပေးအပ်ထားခဲ့ရသည့်မြေကွက်နှင့်တကွ မြေကွက်၏ပိုင်ဆိုင်မှုစာရွက်စာတမ်းများအား တရားလို၏လက်ဝယ်သို့ လက်ရောက်ပေးအပ်စေလိုမှုဖြင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်၊ ၃)ရက် မွန်းမတည့်မီ (၉:၃၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစ ရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရဲကိုကို)
ဒုတိယခရိုင်တရားသူကြီး(၁)
မရမ်းကုန်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/ အကွက်အမှတ်နှင့် အမည် (RA–III/ကွက်ပြင်–၃)၊ ဦးပိုင်အမှတ်(၄၀–ဆ)၊ မြေဧရိယာ(၀.၂၂)ဧကရှိ မြေကွက်သည် ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေငှားဂရန်စာချုပ်အမှတ်(၄၂၂/၂၀၂၄–၂၀၂၅) ဂရန်အမှုတွဲအမှတ်(၆၄၅/၂၀၂၃–၂၀၂၄)အရ ဦးစောဒိုထူး (၉/မမန(နိုင်)၀၀၅၃၃၀)မှ အမည်ပေါက်သော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ဦးစောဒိုထူးမှ လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်လျက်ရှိသူဖြစ်ပြီး ၎င်း၌ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ဝန်ခံကတိပြုသဖြင့် အဆိုပါပိုင်ဆိုင်ထားသော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ် ဦးထက်နိုင်လင်းမှ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါမြေကွက် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သဖြင့် အများသိစေရန်ကြေညာအပ်ပါသည်။

ဦးထက်နိုင်လင်း (ဘ) ဦးမြင့်သိန်း
၁၂/မရက(နိုင်)၁၃၉၉၂၇
ရပ်ကွက်ကြီး(၆)၊ ပြင်ဦးလွင်မြို့

အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ နွယ်နီကျေးရွာနေ ဦးသက်ထွန်းဝင်း (ဘ) ဦးစံမောင် (၅/မရန(နိုင်)၁၆၈၃၆၁) ၏လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသက်ထွန်းဝင်းသည် “ဟိန်းထက် မြန်မာတူရိယာ”အမည်ဖြင့် မြန်မာတူရိယာနှင့် စတူရီယိုပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းကို ကောင်းသောဂုဏ်သတင်းဖြင့် လုပ်ကိုင်ပြီး၊ “ဟိန်းထက် မြန်မာတူရိယာ2” (@user60530025772005) Tiktok အကောင့်အား ဖွင့်လှစ်ကာအရောင်းအဝယ် ပြုလုပ်နေသူတစ်ဦးဖြစ်ပါသည်။ ထိုသို့ အရောင်းအဝယ်ပြုလုပ်ရာတွင် အထက်ပါအကောင့်နှင့် ငွေလွှဲဆက်သွယ်ရန် ဖုန်းနံပါတ်–၀၉–၇၈၉၁၀၄၈၃၈ တစ်ခုတည်းကိုသာ Viber, Kpay, Wave pay အသုံးပြုပြီး၊ အခြားမည်သည့် Social Mediaအကောင့်၊ ဖုန်းနံပါတ်မျှ အသုံးပြုခြင်းလုံးဝမရှိပါ။

ယခုအခါ မသမာသူတချို့က ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသက်ထွန်းဝင်း၏“ဟိန်းထက်မြန်မာတူရိယာ2” Tiktok အကောင့်တွင်တင်ထားသော Video ဖိုင်များအားကူးယူ၍ Social Media အကောင့်အတုအမျိုးမျိုးဖွင့်လှစ်ပြီး ငွေလွှဲဖုန်းနံပါတ်အမျိုးမျိုးပေးကာ လိမ်လည်မှုများ ပြုလုပ်နေသည်ကို တွေ့ရှိရပါသည်။ အဆိုပါကိစ္စရပ်များသည် ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးသက်ထွန်းဝင်းနှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ –

ဦးတင်ဇော်လတ် (LL.B) (စဉ်–၁၄၀၉၇) ဦးရဲကျော်သူ (LL.B) (စဉ်–၁၆၄၁၈) ဦးငြိမ်းချမ်းကျော် (LL.B) (စဉ်–၁၉၃၅၃)

တရားလွှတ်တော်ရှေ့နေများ
ဦးစည်သူမြင့် (LL.M) (စဉ်–၅၄၀၈၆) အထက်တန်းရှေ့နေ
ယုဇနလမ်းသွယ်၊ သုခမင်္ဂလာ(၂)ရပ်ကွက်၊ ပုသိမ်ကြီးမြို့ ၊ ဖုန်း–၀၉– ၄၀၂၆၂၂၄၇၁

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 83W/25290 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟသ်ာတမြို့)

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ဒေါ်ထိုက်ထိုက်မော် (၁၂/လမန(ဧည့်)၀၀၀၈၂၁)နှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၉) ရပ်ကွက်၊ ရန်ကုန်–အင်းစိန်လမ်းမကြီး၊ သဟာရလမ်း၊ အမှတ်(၅၈)၊ တွင် နေထိုင်သူဒေါ်မြင့်မြင့်ကြည်(ဘ) ဦးအောင်ဟိန်း ၁၂/လမန(နိုင်)၀၆၉၇၉၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်ကြည်နှင့် ခင်ပွန်း(ကွယ်လွန်)ဦးစိန်ချိုတို့တွင် သားသမီး(၄)ဦး ထွန်းကားခဲ့ပါသည်။ သားသမီး(၄)ဦးအနက် ဒေါ်ထိုက်ထိုက်မော် (၁၂/လမန(ဧည့်)၀၀၀၈၂၁)သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲမိဘနှင့် မောင်နှမများ၊ ဆွေမျိုးများအား စိတ်ဆင်းရဲစေသော၊ သိက္ခာကျအရှက်ရစေသော ကိစ္စရပ်များကို အကြိမ်ကြိမ်ပြုလုပ်၍ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရန်ကုန်–အင်းစိန်လမ်းမကြီး၊ သဟာရလမ်း၊ အမှတ်(၅၈)နေအိမ်မှ ထွက်ခွာသွားခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ဒေါ်ထိုက်ထိုက်မော်အား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုမှ တာဝန်ယူဖြေရှင်းမည် မဟုတ်ပါကြောင်းနှင့် ၎င်းပြုလုပ်သောကိစ္စ ရပ်များမှာလည်း မိဘမောင်နှမများ၊ ဆွေမျိုးများနှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မြင့်မြင့်ကြည်(၁၂/လမန(နိုင်)၀၆၉၇၉၄)၏ လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်ကေသီကျော် LL.B, D.B.L, D.I.L, D.M.L
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၃၅၀)
Ph–09–5506143, 09–799487280

တစ်ဦးတည်းဖြစ်ကြောင်း

ကချင်ပြည်နယ်၊ ဆားမော်ကျေးရွာ၊ အောင်တံခွန် ရပ်ကွက်နေ (ဘ)ဦးမောင်ထွန်း၏ သမီး မသန့်စင်အေး (ခ) မသန့်ဇင်အေး ၁/မကန(နိုင်)၁၅၃၇၄၄ မှာတစ်ဦးတည်း ဖြစ်ပါကြောင်း။

မသန့်စင်အေး (ခ) မသန့်ဇင်အေး

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် ၈၄ယ/၆၂၁၆, Sawasdee –115, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြသိန်း ၉/ပမန(နိုင်)၀၅၄၅၄၉ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန
နေပြည်တော်ရုံး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် (၂၀၂၆–၂၀၂၇)ခု၊ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးရှိ ပြည်သူ့ဆေးရုံများအတွက် လိုအပ်သော ဆေးရုံသုံးစက်ပစ္စည်းကိရိယာများအား ဝယ်ယူရန် တင်ဒါအမှတ် – 11DMS/2026–2027(L) ဖြင့် တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်	–	(၁၆–၁၁–၂၀၂၆) ရက် (တနင်္လာနေ့)
ဈေးနှုန်းတင်သွင်းလွှာပုံစံများ ရောင်းချမည့်နေရာ	–	ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်
တင်ဒါပိတ်မည့်ရက်နှင့်အချိန်	–	(၁–၁၂–၂၀၂၆) ရက်၊ မွန်းတည့် (၁၂: ၀၀) နာရီ
ဆက်သွယ်ရန်ဖုန်းနံပါတ်	–	၀၆၇–၃၄၁၁၆၃၅၊ ၀၆၇–၃၄၁၁၅၄၄

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ကုသရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် – ၁၂၆၊ မြေကွက်အမှတ်–(၁၀၀)၊ မြေအကျယ်အဝန်း (၁၀ x ၆၀)ပေ၊ ဒေါ်ဝင်းဝင်း (AB–၀၃၅၄၉၈) အမည်ပေါက် မြေချပါမစ်မိတ္တူမြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ကြည်ကြည်ဝင်း (၁၂/မရက(နိုင်)၀၀၃၂၃၅) က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးညွှန့်လင်းမောင် (၁၂/ဒဂရ(နိုင်)၀၃၂၅၅၅)နှင့် ဒေါ်သွယ်သွယ်မောင် (၁၂/ဒဂရ(နိုင်)၀၃၂၅၅၁)တို့က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးကောင်းမြတ်ဦး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်– ၂၀၃၅၇)
ဖုန်း– ၀၉ – ၄၂၀၂၉၃၁၅

ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ်(CC/မြနန္ဒာ)၊ ဦးပိုင်အမှတ် (၁၈၉)၊ မြေဧရိယာ (၀ဒသမ ၀၅၅) ဧကရှိ မြေကွက်အား အမည်ပြောင်း မြေငှားဂရန် လျှောက်ထားနိုင်ရေး ဒေါ်ဝင်းမိုမိုကို ပါ(၂)ဦးတို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ်(၅/ပဒေသာ)၊ ဦးပိုင်အမှတ် (၁၂၅)၊ မြေ ဧရိယာ (၀ဒသမ ၀၅၅) ဧကရှိမြေကွက်အား မြေငှားဂရန်သစ်လျှောက်ထားနိုင်ရေး ဦးမိုးအောင် ပါ–၇ ဦးတို့ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ် (၂/ပဒေသာ)၊ ဦးပိုင်အမှတ် (၆၈)၊ မြေဧရိယာ(၀.၀၅၅) ဧကရှိ မြေကွက်အား မြေငှားဂရန်သစ်လျှောက်ထားနိုင်ရေး ဦးမြငွေးမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

ဦးဝင်းကြည်(ခ)ဦးဝင်းနိုင် (၁၃ / တကန(နိုင်)၀၇၉၇၀၀)သိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ ပြည်တော်သာရပ်ကွက်၊ ခွာညိုလမ်း၊ အိမ်အမှတ်(၁၆၅)နေ ဒေါ်ဇင်မာထွန်း(၁၃/ကမန(နိုင်)၀၆၄၁၂၃)၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာလိုက်သည်မှာ –

တောင်ကြီးမြို့နယ်၊ ချမ်းမြသာစည်ရပ်ကွက်၊ ဝေရတ်လမ်း၊ အိမ်အမှတ် (ခ/၃၁၉) မြေကွက်အမှတ်(24)၊ ဦးပိုင်အမှတ်(၁၇၀–က)၊ ကွင်း/အကွက်အမည်– ၁၈/ချမ်းမြသာစည်ရပ်၊ ဧရိယာ(၀.၀၆၆)ဧကရှိမြေကွက်ဥပစာကို တောင်ကြီးမြို့၊ တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှထုတ်ပေးသော မြေငှားဂရန်အမှတ်–၁၉၇/၂၀၀၃အရ (၁၀) နှစ် သက်တမ်းရှိ အမည်ပေါက်ပိုင်ဆိုင်ထားသူ ဦးဝင်းကြည်(ခ) ဦးဝင်းနိုင်(ဘ)ဦးချစ်(၁၃/တကန(နိုင်)၀၇၉၇၀၀)ထံမှ (၇–၁၂–၂၀၁၅) ရက်စွဲပါ “အိမ်/ခြံ/ မြေအရောင်းအဝယ်ကတိပြုစာချုပ်” အရ ဒေါ်ဇင်မာထွန်း(၁၃/ကမန(နိုင်)၀၆၄၁၂၃)ကလွှဲပြောင်းဝယ်ယူလက် ရောက်ရရှိခဲ့ပြီးဖြစ်ပါ၍ ယခုအခါ ၎င်းမြေကွက်အား တရားဝင်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုလိုပါသောကြောင့် အထက်ပါ(ရောင်းချသူ)က ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ဝယ်ယူထားရှိသူဒေါ်ဇင်မာထွန်းသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ မပျက်မကွက် (မပျက်မကွက်)ဆက်သွယ်၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးပါရန် သိစေအပ်ပါသည်။

အကယ်၍သတ်မှတ်ရက်ကျော်လွန်သွားပါကသက်ဆိုင်ရာရုံးတော်များတွင် ဥပဒေနှင့်အညီ လိုအပ်သလို တရားစွဲဆိုဆောင်ရွက်ပါမည်ဖြစ်ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်နန်းသီတာနိုင်(LL.M) တရားလွှတ်တော်ရှေ့နေ (စဉ်–၉၁၅၀/၂၀၁၃)
အခန်း(၄၂၁)၊ တိုက်(၄)၊ ကျွန်းချောင်လမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့၊
ဖုန်း–၀၉–၂၆၅၉၆၇၉၉၅

Silver Dragon INTERIOR & FURNITURE DECORATION Co., Ltd ၏ အမည်ဂုဏ်သတင်းအား ထိခိုက်နစ်နာအောင် ပြုမူဆောင်ရွက်လျက်ရှိသော သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနိုင်လင်းဦး(MD) Silver Dragon INTERIOR & FURNITURE DECORATION Co.,Ltd ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ခြင်းဖြစ်ပါသည်။

၁။ Silver Dragon INTERIOR & FURNITURE DECORATION Co.,Ltd (MD) ဖြစ်သော ဦးနိုင်လင်းဦး၏ ဦးဆောင်မှုအောက်တွင် ဝန်ထမ်းကောင်းများနှင့်အတူ Decoration "အလှဆင်ခြင်း" Furniture များ တပ်ဆင်ခြင်းစသည့် လုပ်ငန်းအပ်နှံသူ မိတ်ဆွေများအတွက် အရည်အသွေးပြည့်မီသော ဆောင်ရွက်ပေးမှုများဖြင့် ပြည်တွင်း/ပြည်ပ လုပ်ငန်းနယ်၌ ကောင်းမွန်သော ဂုဏ်သတင်းဖြင့် ရပ်တည်လျက်ရှိပါသည်။

တရားဝင်လိုင်စင်ဖြင့် တည်ထောင်ထားသော ကုမ္ပဏီဖြစ်ပါသည်။ ထိုကဲ့သို့ ကောင်းမွန်သော ရလဒ်များရရှိပြီး လုပ်ငန်းအပ်နှံသူများ၏ ယုံကြည်မှုကို အပြည့်အဝ ရရှိထားကြောင်း၊ Company ၏ တရားဝင် ဖွင့်လှစ်ထားသော လူမှုကွန်ရက်စာမျက်နှာများတွင် ပွင့်လင်းမြင်သာစွာဖော်ပြထားပါသည်။

Office:
No(C–1A) Myopat Rd, S–Myoma Qtr, Thanlyin.

၂။ ဦးနိုင်လင်းဦး နှင့် Silver Dragon INTERIOR & FURNITURE DECORATION Co.,Ltd ၏ကောင်းမွန်သော ဂုဏ်သတင်းနှင့်အများပြည်သူတို့မှ စဉ်ဆက်မပြတ်လက်ခံအားပေးမှုအပေါ်၌ ကောင်းမွန်သော အမြင်မရှိသောသူ တချို့မှ ၎င်းတို့၏ လူမှုကွန်ရက်စာမျက်နှာများ၌လည်းကောင်း၊ ကျင်လည်ရာ လူမှုပတ်ဝန်းကျင်၌လည်းကောင်း၊ ဦးနိုင်လင်းဦးနှင့် Company ၏ အမည်၊ ဂုဏ်သိက္ခာနှင့် အကျိုးစီးပွားတို့အား ထိခိုက်နစ်နာစေသော၊ မမှန်မကန် ဖန်တီးပြုလုပ်မှုများအား ပြုလုပ်၍ ဦးနိုင်လင်းဦးနှင့် Company အား လုပ်ငန်း အပ်နှံသူမိတ်ဆွေများမှ ယုံကြည်မှုကင်းမဲ့စေရန် ထင်ယောင်ထင်မှားဖြစ်စေရန်အတွက် ပြုလုပ်ပြောဆိုမှုများအား ပြုမူဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ထိုသို့ပြုလုပ်ဆောင်ရွက်လျက်ရှိသူများသည် မိမိတို့၏ လူမှုကွန်ရက်စာမျက်နှာများတွင်လည်းကောင်း၊ မိမိတို့၏ ရေးသားတင်ပြမှုကို ထပ်ဆင့်မျှဝေသူများသည်လည်းကောင်း၊ ဤသတင်းစာကြော်ငြာပါသည့်ရက်မှ (၃)ရက်အတွင်း မိမိတို့တင်ထားသမျှသော မမှန်မကန်ဖန်တီးပြောဆိုသမျှအရာအားလုံးတို့အား တစ်ခုမကျန် ရှင်းလင်းဖျက်ပေးရန်နှင့် နောက်နောင် ယခုကဲ့သို့ အလားတူဖြစ်ရပ်များ ထပ်မံဆောင်ရွက်ခဲ့ပါလျှင် ယခုရရှိထားပြီးသော သက်သေအထောက်အထားများအရ MD ဦးနိုင်လင်းဦးနှင့် Silver Dragon INTERIOR & FURNITURE DECORATION Co.,Ltd ၏ ကိုယ်ကျိုးစီးပွား၊ အမည်နှင့် ကိုယ်၊ စိတ်၊ ဂုဏ်သရေ ထိခိုက်နစ်နာ ဆုံးရှုံးမှုများအတွက် သက်ဆိုင်ရာ တရားရုံးတော်တွင် ပြဋ္ဌာန်းဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ခင်နန်းဝေ(ဇာမဏီ)(LL.B, D.B.L, D.M.L)
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၄၉၈)
Golden City
ရန်ကင်းမြို့ နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း – ၀၉ –၈၈၉၆၃၇၄၄၃

ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ရေပုန်းရပ်ကွက်၊ အကွက်အမှတ်၊၃၄/စုံခေါင်းမြောက်ကွင်း၊ မြေကွက်အမှတ်(၁၀၈)၊ မြေဧရိယာ (၀ ဒသမ ၁၁၀) ဧကအား မြေငှားဂရန်အမှုတွဲအမှတ် ၅၁၁/၁၉၉၉–၂၀၀၀အရ ဒေါ်ဖွားကြည် အမည်ဖြင့် နှစ်(၃၀) မြေငှားဂရန် ရရှိခဲ့ပြီး (၄–၉–၂၀၂၆)ရက်တွင် မြေငှားဂရန် သက်တမ်းကုန်ဆုံးခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်ဖွားကြည် ၆/မအရ(နိုင်)၀၃၆၇၀၁ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် (၃၀) အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လီတွော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြိတ်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၁ယ/၅၉၂၉၆ , Honda Click 125 , m/c ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မိုး ၆/မမန(နိုင်)၁၅၁၉၀၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မြိတ်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈ယ/၅၂၂၆၁, Honda Wave 100 NCX , m/c ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူဇော် ၆/ပလန(နိုင်)၀၉၃၁၂၉ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မြိတ်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2W/51398, Honda Dream–100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နော်ဆဲခူဖေါ ၂/ဖဆန(နိုင်)၀၀၅၅၀၄ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ကယားပြည်နယ်ရုံး
(လွိုင်ကော်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/72693, Haojue–115 ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွန်း ၁၃/ဖခန(နိုင်)၀၆၁၅၀၆ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ကယားပြည်နယ်ရုံး
(လွိုင်ကော်)

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
စဉ့်ကိုင်မြို့နယ်တရားရုံး
၂၀၂၆ ခုနှစ် တရားမကြီးမှုအမှတ် - ၃၆

ဦးဇာနည်စိုး (တရားလို) နှင့် ဦးလူမြင့် (တရားပြိုင်)

စဉ့်ကိုင်မြို့နယ်၊ ပလိပ်ကျေးရွာအုပ်စု၊ ကားဆိပ်ရပ်ကွက်၊ အကွက်အမှတ်(၃)၊ "သိန်းသန်းကုဋေ ဆန်ရောင်းဝယ်ရေးဆိုင်"နေ တရားပြိုင် ဦးလူမြင့် (ဘ) ဦးအောင်မြင့် CZ-၀၀၁၄၂၈၊ (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဇာနည်စိုးက "မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ် နိုဝင်ဘာလ (၂၇) ရက် (၁၃၈၈ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၃ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည် ရေးသားပါရှိ သူက တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေ ရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်၌ သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာလ(၁၃)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုင်းခမ်းလိတ်)
မြို့နယ်တရားသူကြီး
စဉ့်ကိုင်မြို့နယ်တရားရုံး

ကြော်ငြာစာ
(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)
ကျောက်တံတားခရိုင်တရားရုံးတော်
၂၀၂၆ ခုနှစ် ၊ တရားမအထွေထွေမှုအမှတ် - ၁၄၇

ကွယ်လွန်သူ ဒေါ်စောရင် ကျန်ရစ်သည့်ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

ရန်ကုန်တိုင်းဒေသကြီး ၊ ကျောက်တံတားမြို့နယ် ၊ အကွက်အမှတ် - အီး-၃ ၊ ပထမတန်းမြေအမျိုးအစား ၊ မြေကွက်အမှတ် (၅)၊ အကျယ်အဝန်း (ပေ၅၀x၂၅ ပေ) ရှိ မြေပိုင်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်စောရင် ၏ ကျန်ရစ်သောပစ္စည်းများအပေါ် အမွေဆက်ခံခြင်းဥပဒေပုဒ်မ ၃၀၇(၂) အရ စီမံခန့်ခွဲခွင့်ပြုပါရန် ၎င်း၏ ချွေးမဖြစ်သူ ဒေါက်တာ ဒေါ်ခင်သန်းတင်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ် ၊ နိုဝင်ဘာလ ၂၅ ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်စောရင်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ဤအမှုကို ၂၀၂၆ ခုနှစ် ၊ နိုဝင်ဘာလ ၂၅ ရက် (၁၃၈၈ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါက်တာဒေါ်ခင်သန်းတင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှု အကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ် ၊ နိုဝင်ဘာလ ၊ ၁၂ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဖြူဖြူဝင်း)
ဒုတိယခရိုင်တရားသူကြီး(၂)
ကျောက်တံတားခရိုင်တရားရုံး

အကြွေးဝယ်ကတ် (VISA/UPI Credit Card) အသုံးပြုပြီးနောက် ပြန်လည်ပေးဆပ်ရန် ပျက်ကွက်နေသူများ၊ အာမခံသူများ သိရှိစေရန်ကြေညာခြင်း

ကမ္ဘောဇဘဏ်လီမိတက်၏ အကြွေးဝယ်ကတ် (VISA/UPI Credit Card) တို့အား ရယူသုံးစွဲခဲ့သူများဖြစ်သော အောက်ဖော်ပြပါဇယားတွင် အမည်စာရင်းပါရှိသည့် လူပုဂ္ဂိုလ်များသည် အကြွေးဝယ်ကတ်အသုံးပြုငွေများ၊ အတိုးနှင့် ကျသင့်သည့် အဖိုးအခများအား ပြန်လည်ပေးဆပ်ရန် ပျက်ကွက်လျက်ရှိနေသည့်အတွက် နည်းမျိုးစုံဖြင့် အကြိမ်ကြိမ် ဆက်သွယ်တောင်းခံခြင်း၊ ကြေညာချက် ထုတ်ပြန်ခြင်းများ ပြုလုပ်ခဲ့သော်လည်း ပေးဆပ်ခြင်းမရှိဘဲ ဆက်လက်ပျက်ကွက်နေပါသည်။ ထို့ကြောင့် အကြွေးဝယ်ကတ်အား သုံးစွဲခဲ့သူ အောက်ဖော်ပြပါ အမည်စာရင်းတွင် ပါရှိသည့် လူကြီးမင်းများနှင့် လူကြီးမင်းတို့ ကတ်လျှောက်ထားရာတွင် အာမခံအဖြစ် လက်မှတ်ရေးထိုးပေးခဲ့ကြသူများအနေဖြင့် ကမ္ဘောဇဘဏ်လီမိတက်သို့ ပေးဆပ်ရန်ရှိသည့် အကြွေးဝယ်ကတ်သုံးစွဲငွေများ၊ အတိုးနှင့် ကျသင့်သည့် အဖိုးအခများကို ယခုကြေညာချက်ပါရှိသည့်ရက်မှ (၁၄) ရက်အတွင်း သက်ဆိုင်ရာဘဏ်ခွဲသို့ လာရောက်ဆက်သွယ်ပေးဆပ်ပါရန်နှင့် သတ်မှတ်ရက်အတွင်း ပေးဆပ်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်၍တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

စဉ်	အမည်	နိုင်ငံသားစိစစ်ရေးကတ်အမှတ်
၁	ဒေါ်သန်းသန်းဝေ	၁၄/ပသန(နိုင်)၀၀၃၂၀၉
၂	ဒေါ်ဖြိုးအိခိုင်	၁၀/မလမ(နိုင်)၂၂၉၄၁၅
၃	ဒေါ်အေးချမ်းမြတ်ဖြိုး	၁၄/ဟသတ(နိုင်)၃၇၃၉၄၃
၄	ဦးသက်စိုး	၁၄/အဂပ(နိုင်)၁၉၂၂၇၈
၅	ဦးသက်ကိုဇင်	၁၂/လကန(နိုင်)၂၁၅၅၅၀
၆	ဦးမင်းဇော်ဟိန်း	၁၂/ဒဂရ(နိုင်)၀၁၄၇၇၉
၇	ဒေါ်သိင်္ဂီအောင်	၉/မနမ(နိုင်)၁၁၇၄၀၉
၈	ဦးဇော်ဇော်ဖြိုး	၉/ခအဇ(နိုင်)၀၃၅၅၇၆
၉	ဦးဆွေဖြိုးအောင်	၈/မဘန(နိုင်)၀၉၂၁၁၆
၁၀	ဦးမျိုးကိုကို	၁၂/အစန(နိုင်)၂၁၃၅၂၆
၁၁	ဦးအောင်နိုင်လင်း	၁၂/ဒဂရ(နိုင်)၀၁၀၈၆၂
၁၂	ဒေါ်သဲငုဝါထွန်း	၉/တကန(နိုင်)၂၃၈၆၇၉
၁၃	ဒေါ်စုသက်နှင်း	၁၂/ဥကန(နိုင်)၁၈၉၇၇၂
၁၄	ဦးမျိုးဇော်ဦး	၉/သစန(နိုင်)၁၉၀၈၅၈
၁၅	ဦးချမ်းမြေ့သူ	၁၁/သတန(နိုင်)၀၈၂၈၉၁
၁၆	ဦးစောဖြိုးဝေသူ	၁၂/မရက(နိုင်)၁၈၀၃၄၈
၁၇	ဦးမျိုးမင်းအောင်	၁၂/သလန(နိုင်)၁၂၆၃၃၅
၁၈	ဦးမျိုးမင်းကျော်	၁၄/မအပ(နိုင်)၂၉၂၁၅၈
၁၉	ဦးကျော်ဇေယျ	၁၄/ကကထ(နိုင်)၁၆၀၂၄၈
၂၀	ဦးကျော်ဇင်ဦး	၇/ပခန(နိုင်)၂၄၉၃၆၁

Legal and Compliance Function
ကမ္ဘောဇဘဏ်လီမိတက်
အမှတ်(၅၃) Strand Square Office ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ Ph-01-2307091

အများသိစေရန် ကြေညာခြင်း

